# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 30 October 2017 (၉၀၉၃)


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

**မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာပေါင်း ၆၁ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းပြီ**

စာမျက်နှာ - ၃

**တောင်သူများအား စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများ ပေးအပ်**

စာမျက်နှာ - ၁၆

**မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တန်ဖိုးနည်း တိုက်ခန်း ၇၆၀ ကို နှစ်ရှည်အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်**

စာမျက်နှာ - ၁၇





# မကွေးတိုင်းဒေသကြီးလွှတ်တော်(ပင်မ)အဆောက်အအုံဆောက်လုပ်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ပန္နက်တင်ပေး

**မကွေး အောက်တိုဘာ ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်(ပင်မ)အဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ ပန္နက်တင်ပေးသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✽

# ဒီဒေသနဲ့ဆက်စပ်ပြီး အထည်ချုပ်စက်ရုံလုပ်နိုင်မလား၊ စီးပွားရေးဇုန်ဖြစ်တဲ့အတွက် ထုတ်လုပ်မှုရော၊ စီးပွားရေးတိုးတက်ဖို့အတွက်ရော စဉ်းစားလုပ်ကိုင်ရမှာပါ ရောင်းသူဈေးကွက်ဖြစ်အောင် လုပ်နိုင်တာနဲ့တစ်ပြိုင်တည်း ကျန်တဲ့အလုပ်အကိုင်အခွင့်အလမ်းတွေရော ဖွံ့ဖြိုးတိုးတက်လာပါမယ်

**ဦးအောင်ကြည်စိုး**

မောင်တောဒေသသို့ ရောက်ရှိလာသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူ၊ မောင်တောဒေသကုန်သည်များ ဥက္ကဋ္ဌ ကုန်သွယ်ရေးဇုန်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးအောင်မြင့်သိန်းတို့နှင့် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည် -

**ဦးအောင်ကြည်စိုး**
**အတွင်းရေးမှူးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

မေး။ ဆရာ အခု မောင်တောကို ရောက်လာတဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး ဦးဆုံး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ မောင်တောဒေသကို ရောက်လာရခြင်းကတော့ စစ်တွေမြို့မှာ ရခိုင်ပြည်နယ်အစိုးရကနေပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြပွဲရှိပါတယ်။ အဲဒီ ရှင်းလင်းတင်ပြပွဲမတိုင်မီ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်ကြမလဲဆိုတာကို ကြိုတင်လာရောက်လေ့လာတာပါ။

နဂိုကတည်းက ကျွန်တော်တို့က မောင်တောနယ်စပ် ကုန်သည်ကြီးအသင်းနဲ့ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ကတော့ ကညင်ချောင်းစီးပွားရေးဇုန်ကို အဓိက အကောင်အထည်ဖော်လျက်ရှိပါတယ်။

ကညင်ချောင်းစီးပွားရေးဇုန်ကို အကောင်အထည်ဖော်တဲ့နေရာမှာ UMFCCI က ပံ့ပိုးပေးခြင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖




## ကြေးမုံ

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရာရာအောင်မြင်

စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ရန်အတွက် ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ကောင်းမွန်ရန် လိုအပ်ပါသည်။ နိုင်ငံ၏ စီးပွားရေး မြင့်မားတိုးတက်အောင်ဆောင်ရွက်ရာ၌ ပုဂ္ဂလိကကဏ္ဍကို အဓိက အားပြုလုပ်ကိုင်ရသည်ဖြစ်၍ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် အောင် နိုင်ငံတော်က နည်းလမ်းအမျိုးမျိုးဖြင့် ဖြည့်ဆည်းဆောင်ရွက် ပေးနေသည်ကို တွေ့ရသည်။

လက်ရှိ မြန်မာနိုင်ငံ၏စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှု မှာ ၈၃ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ပုဂ္ဂလိကကဏ္ဍပါဝင်မှုမှာ အားရဖွယ်ဖြစ်သော်လည်း ပို့ကုန်မှာ ၆၅ ရာခိုင်နှုန်းရှိပြီး သွင်းကုန်မှာ ၉၄ ရာခိုင်နှုန်းရှိသဖြင့် ဘတ်ဂျက်အရ လိုငွေပြမည်ဖြစ်သည်။ ပို့ကုန် တန်ဖိုးမြင့်မားပြီး သွင်းကုန်တန်ဖိုးနည်းမှသာ နိုင်ငံ့ဝင်ငွေတိုးတက်ရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ အခြေခံလိုအပ် ချက်များ များစွာရှိပြီး ထိုလိုအပ်ချက်များကို နိုင်ငံတော်က အတတ်နိုင် ဆုံး ဖြည့်ဆည်းပေးနေသည်။ ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးတွင် အဓိကအထောက်အကူပြုသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ပေးခဲ့သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အားထားအသုံးပြုရသည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ယခုနှစ် အတွင်း ပြဋ္ဌာန်းနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ငွေကြေးအရင်းအနှီးလိုအပ်ချက်ရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုလိုအပ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ များအနေဖြင့် စီးပွားရေးအညွှန်းကိန်းများ စောင့်ကြည့်လေ့လာပြီး ရင်းနှီးမြှုပ်နှံရန် သင့်/မသင့် ဆုံးဖြတ်ကြသဖြင့် စီးပွားရေးအညွှန်း ကိန်းကောင်းမွန်အောင် ကြိုးပမ်းအားထုတ်ကြရသည်။ ထိုအညွှန်း ကိန်းမှာ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သော အညွှန်းကိန်းဖြစ်ပြီး ၂၀၁၄ ခုနှစ်က နိုင်ငံပေါင်း ၁၈၉ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံ၏ ပျမ်းမျှအဆင့်မှာ ၁၈၂ အဆင့်တွင်သာ ရှိသည်။ ထို့ကြောင့် စီးပွား ရေးအညွှန်းကိန်းမြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နှစ်နှစ်ကျော် ကာလ ယခုနှစ်တွင် နိုင်ငံပေါင်း ၁၉၀ ပါဝင်သည့်အနက် အဆင့် ၁၇၀ သို့ ရောက်လာသည်။

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေများ၊ လုပ်ကိုင်ကြ သည့် ဌာနများရှိစေကာမူ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိနေပါက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် မဖြစ်နိုင်သကဲ့သို့ နိုင်ငံစီးပွားရေးလည်း မျှော်မှန်း သလောက် ဖွံ့ဖြိုးတိုးတက်လာမည်မဟုတ်ချေ။

ထို့ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ရာ၌ အဆင်ပြေလွယ်ကူမှုရှိစေရေး၊ ကုန်ထုတ်လုပ်မှုတွင် နိုင်ငံတကာ အဆင့်မီစေရန် လိုအပ်သည့်ဖြေလျှော့မှုများ၊ ဖြည့်ဆည်းပေးမှုများနှင့် စီးပွားရေးအညွှန်းကိန်းများ မြင့်မားတိုးတက်စေမည့် နည်းလမ်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ ပိုမို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေထုတ်ချေးခြင်း၊ လယ်ယာထွက်ကုန်များ ပြည်ပသို့ အရည်အသွေးမီ တင်ပို့နိုင်ရန် ခေတ်မီသိုလှောင်ရုံများ တည်ဆောက်ခြင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ လွယ်ကူချောမွေ့စေရေးအတွက် One Stop Service များ ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း ပြည်ပလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ပေးနေသည်။

သို့ဖြစ်ရာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှ နိုင်ငံကြီးပွားချမ်းသာ မည်ဖြစ်ပြီး ကြုံတွေ့နေရသော အခက်အခဲ အကျပ်အတည်းများစွာတို့ကို ဖြေရှင်းကျော်လွှားသွားနိုင်မည်ဖြစ်၍ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက် အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# မြန်မာ့ဆေးဝါးလုပ်ငန်းသုတေသနနှင့် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့ဆေးဝါးလုပ်ငန်းသုတေသန ဌာနသို့ရောက်ရှိပြီး ဆေးဝါးအမယ် သစ်များ၏ အရည်အသွေးစမ်းသပ် စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေး သည်။



ပြည်ထောင်စုဝန်ကြီးက ပြင်ပမှ လာရောက်အပ်နှံသော ထုတ်ကုန်များ ကိုစစ်ဆေးရာတွင် အရည်အသွေး စံနှုန်း ထောက်ခံပေးမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးရေး၊ ကျွမ်းကျင်ပညာ ရှင်များ၏ တွေ့ရှိချက်များအား စနစ်တကျမှတ်တမ်းရေးသွင်းရေး၊ စမ်းသပ် တွေ့ရှိချက်များအား ဘက်မလိုက်ဘဲ ဆောင်ရွက်ရေး၊ အန္တရာယ်ရှိ စားကုန်များကြောင့် ပြည်သူများအန္တရာယ်မဖြစ်စေရန် ဂရုပြုဆောင်ရွက်ရေး၊ စမ်းသပ်စစ်ဆေး ချက်များအားလုံး အချိန်စာရင်းထားရှိ ပြီး ဆုပေး၊ ဒဏ်ပေးသည့်စနစ် ထားရှိ ရေး၊ တီထွင်စမ်းသပ်မှုများအား တန်ဖိုးရှိအောင်လုပ်ရေးနှင့် စနစ်မကျ သော ဆောင်ရွက်မှုများအား တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ် ထိန်းသိမ်းလုပ်ဆောင်ကြရေးတို့ကို မှာကြားသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဘီပိုး ကာကွယ်ဆေးခန်းသို့ ရောက်ရှိပြီး ဘီပိုးကာကွယ်ဆေးထိုးနေမှု အခြေ အနေ၊ ဘီပိုးကာကွယ်ဆေးများ အိမ်တိုင်ရာရောက် ဝန်ဆောင်မှု ဆောင်ရွက်ပေးမည့် အစီအမံများကို လက်တွေ့ကျကျ အကောင်အထည် ဖော်ရန် မှာကြားသည်။ ဘီပိုး ကာကွယ်ဆေး လာရောက်ထိုးနှံသည့် သူများအား ဝန်ဆောင်မှုပေးနေမှု ကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါး အရောင်းဆိုင်တွင် ပြည်သူလူထုက ဆေးဝါးများ ဝယ်ယူအားပေးနေမှုကို အားပေးကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ဆေးဝါးစက်ရုံ (အင်းစိန်)ရှိ အရည်အသွေးစစ်ဆေး ရေးဌာနနှင့် အရက်ပြန်ထုတ်လုပ်မှု ဌာနတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာ့ဆေးဝါးလုပ်ငန်းသုတေသန ဌာနအနေဖြင့် နည်းသစ်ဖြင့် ဆေးအမယ်သစ်များ ထုတ်လုပ် ရန်အတွက် ဓာတုစမ်းသပ်မှုများ၊ အချိုရည်နမူနာ၊ ရေသန့်နမူနာ၊ အရက်ပြင်းနမူနာ၊ ပုလင်းသွင်းအရက် နှင့် အခြားစားသောက်ကုန်များအပြင် စက်ရုံများမှ စွန့်ပစ်ရေဆိုးများကိုလည်း ဓာတုဇီဝစမ်းသပ်မှုများ ဆောင်ရွက် ပေးနိုင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်း ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ရွှေပြည်သာစက်မှု ဇုန်ရှိ Myanmar Pou Chen ကုမ္ပဏီ လီမိတက်သို့သွားရောက်ပြီး စက်ရုံ မန်နေဂျင်း ဒါရိုက်တာ ရှိရာလူက အက်ဒီးဒက်စ် အမှတ်တံဆိပ်ဖိနပ်များ ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုများကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စု ဝန်ကြီးက စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကကဏ္ဍ ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ညှိနှိုင်းအားပေး ခဲ့သည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ မျိုးစေ့ထုတ်နည်းပညာသင်တန်းပို့ချ

**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ မျိုးစေ့ထုတ်နည်းပညာများ သင်တန်းကို အောက် တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များက ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မျိုးစေ့ထုတ်နည်းပညာ အဖြစ် ပဲမျိုးစုံ၊ ဆီထွက်သီးနှံစုံ၊ မျိုးစေ့ထုတ်လုပ်နည်း စနစ်များ၊ မျိုးစေ့ထုတ်လုပ်ငန်းဆိုင်ရာလုပ်ငန်းစဉ် များ၊ မျိုးစေ့ဥပဒေဆိုင်ရာများကို ဖြန့်ဖြူးပေးသည့် အပြင် လက်တွေ့လုပ်ငန်းစဉ်များကို စာတွေ့၊ လက်တွေ့သင်ကြားမှုအဖြစ် ရေဦးမြို့ စိုက်ပျိုးရေး ဦးစီးဌာနပိုင် မျိုးသန့်ခြံသို့သွားရောက်ပြီး လေ့လာသင်ကြားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်က "မျိုးစေ့ထုတ်ရာမှာ မြေ၊ နည်းပညာ၊ ငွေကြေး၊ စက်ကိရိယာ၊ အရင်းအနှီးတွေသာမက ဈေးကွက် ဖွံ့ဖြိုးမှုစတဲ့ ဘက်စုံဖွံ့ဖြိုးမှုတွေ လိုအပ်လာတဲ့ အတွက် တောင်သူအစုအဖွဲ့တွေကလည်း မျိုးစေ့ ထုတ်လုပ်ငန်းဆောင်ရွက်မှသာ တိုင်းဒေသကြီး အတွင်းမှာ အရည်အသွေးပြည့်မီတဲ့ မျိုးစေ့ကို လုံလောက်စွာရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အခုလို မျိုးစေ့ထုတ်နည်းပညာတွေကို တောင်သူ တွေထံ ဖြန့်ဖြူးပေးခြင်းဖြစ်ပါတယ်"ဟု ပြော သည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်မျိုးစေ့တာဝန်ခံ အရာရှိ ၂၂ ဦး၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်မှ လက်တွေ့မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်သည့် တောင်သူ ၆၆ ဦး စုစုပေါင်း ၈၈ ဦးတက်ရောက်ခဲ့ပြီး မျိုးစေ့ထုတ်တောင်သူများတွင် စပါးမျိုးစေ့ထုတ်လုပ်သူ ၄၃ ဦး၊ ပဲမျိုးစုံ မျိုးစေ့ ထုတ်လုပ်သူ ၁၅ ဦး၊ ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်သူ ရှစ်ဦး ပါဝင်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❑❑

**ဥတုရာသီ တောကိုမှီ၏**




ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❁ **မကွေးတိုင်းဒေသကြီးမှ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် (ပင်မ)အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ အဆောက်အအုံဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကာ မင်္ဂလာအချိန်၌ ပန္နက်တိုင်များစိုက်ထူပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ပြတိုက်အတွက် အလှူငွေများကို တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ပုသိမ်မြို့ စက်မှုမြို့တော်စီမံကိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ နေ့လယ်ပိုင်းတွင် Ayeyarwady Development Public Co.,Ltd. မှ ဆောင်ရွက်လျက်ရှိသည့် ပုသိမ်စက်မှုမြို့တော်စီမံကိန်း မြေနေရာကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်ကုန်သည်ကြီးများအသင်း၊ ပဲကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်း၊ စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ချေးငွေရရှိရေး၊ လုပ်ငန်းအခြေအနေများနှင့် ကုန်သွယ်မှုအခြေအနေ၊ စီမံကိန်းတည်နေရာတွင် One Stop Services ဆောင်ရွက်ခွင့်ရရှိနိုင်ရေးကိစ္စ၊ အခွန်ပေးဆောင်မှုများအတွက် ညှိနှိုင်းပေးနိုင်ရေးကိစ္စများ၊ ရန်ကုန် - ပုသိမ် လမ်းမကြီးကို အဆင့်မြှင့်တင်နိုင်ရေးကိစ္စနှင့် စီမံကိန်းအတွင်းရှိ ဆိပ်ကမ်းအားဝင်ရောက်သည့် မြစ်ကြောင်း ရှင်းလင်းရေးကိစ္စတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။



အဆိုပါ ပုသိမ်စက်မှုမြို့တော်စီမံကိန်းတွင် ဇုန်အားဖြင့် နှစ်ခုပါဝင်ကာ စုစုပေါင်းစီမံကိန်းဧရိယာမှာ ၆၇၆၅၇၇ ကုဗကီလိုမီတာကျယ်ဝန်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်ရုံများတည်ဆောက်ခြင်း၊ လုပ်သားအခြေပြုလုပ်ငန်းများဖြစ်သော အထည်ချုပ်လုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ၊ လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်သည့် လုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် အခြားစိုက်ပျိုးရေးသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ထိရောက်သည့် ပတ်ဝန်းကျင်သက်ရောက်မှုအကဲဖြတ်ခြင်းအတွက် ဒေသတွင်းစီမံခန့်ခွဲမှုနည်းဗျူဟာများထံသို့ အခွင့်အရေးကိုအခြေခံ၍ ချဉ်းကပ်ဆောင်ရွက်မည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။




ဖွင့်ပွဲအခမ်းအနားတွင် AICHR မြန်မာကိုယ်စားလှယ် သံအမတ်ကြီး (ငြိမ်း) ဦးလှမြင့်၊ AICHR ဥက္ကဋ္ဌ H.E.Leo M Herrera- Lim၊ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ H.E.Mr.John Knox၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ထွန်းလင်းနှင့် ရန်ကုန်မြို့အခြေစိုက်မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Jung-han Kim တို့က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ AICHR ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာပေါင်း ၆၁ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းပြီ

**ဟသ်ာတ အောက်တိုဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)ဖြင့် ခေါင်းဆေးကျွန်းကျေးရွာတွင် ကမ္ဘာ့ဘဏ်၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်သော တစ်အိမ်သုံးဆိုလာစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက တိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Commercial Counsellor (စီးပွားရေးအကြံပေး) Mr.Xie Guoxiang က မိတ်ဆက်စကားပြောကြားပြီး COMPLANT ကုမ္ပဏီမှ General Manager Mr.Bai Hong က ဆိုလာစနစ်အသုံးပြုပုံနှင့် ဆက်စပ်ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Commercial Counsellor (စီးပွားရေးအကြံပေး) နှင့် COMPLANT ကုမ္ပဏီမှ General Manager နှင့် တာဝန်ရှိသူများက ခေါင်းဆေးကျွန်းကျေးရွာ တစ်အိမ်သုံးဆိုလာစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ဆိုလာစနစ်တပ်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ခေါင်းဆေးကျွန်းကျေးရွာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ နေအိမ် ၁၆၄ လုံးကို ကျေးရွာနေပြည်သူများ၏ ဆန္ဒအလိုက် ဝပ် ၃၀၊ ၄၅ ဝပ်နှင့် ဝပ် ၆၀ ဆိုလာများတပ်ဆင်ပေးထားပြီး ဘုန်းတော်ကြီးကျောင်း၊ မူလတန်းကျောင်းတို့ကို ဝပ် ၁၂၀ ဆိုလာစနစ်နှင့် ကျေးရွာတွင်းတွင် ဝပ် ၇၀ လမ်းမီးတိုင် ငါးတိုင်တပ်ဆင်ကာ မီးလင်းရေးအတွက် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)ဖြင့် ကျေးရွာပေါင်း ၆၁ ရွာအား တစ်အိမ်သုံးဆိုလာများ တပ်ဆင်ပေးနိုင်ခဲ့ပြီး ကမ္ဘာ့ဘဏ်မှ ၆၀ ရာခိုင်နှုန်း၊ နိုင်ငံတော်အစိုးရမှ ၃၀ ရာခိုင်နှုန်းနှင့် ပြည်သူထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံစက်ဘီးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ် စက်ဘီးစီးအားကစားသမားများ ပေါ်ထွက်ရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် Joy Trading Co.,Ltd.၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ပူးပေါင်းကျင်းပသည့် ရန်ကုန်မြို့ အခြေခံပညာကျောင်းပေါင်းစုံစက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ)ဒေါ်မြင့်မြင့်ခိုင်၊ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဒေါ်မြင့်မြင့်သန်း၊ ရန်ကုန်တိုင်း စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီး၊ ရန်ကုန်တိုင်း စက်ဘီးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူး အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းတို့က အမျိုးသား အမျိုးသမီးပြိုင်ပွဲ အုပ်စုအလိုက် သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင် အားကစားသမားများက ကျိုက္ကဆံကွင်းအတွင်းရှိ စက်ဘီးပြေးလမ်းမီတာ ၁၅၀၀ အဝိုင်းအား သုံးပတ်ပတ်၍ မီတာ ၄၅၀၀ အကွာအဝေး ယှဉ်ပြိုင်ခဲ့ကြသည်။

**(ကြေးမုံ)**

❖ **မြန်မာ့ရိုးရာလက်ဝှေ့မှ**

အလဲထိုး၍လည်ကောင်း၊ ၅၃ ကီလိုတန်းတွင် နေလင်းမာန် (၁၈၈၆ မန္တလေး) က စောနီသွေး (S.T.L) အားအလဲထိုး၍လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ခေတ်သစ်စိန်(ဇာတိမာန်)က အောင်ရဲလင်း (ထွန်းသွင်)အား အလဲထိုး၍လည်းကောင်း၊ ကြာစေ့(နဂါးမာန်)က မြင့်မြတ်အောင် (အဖြူရောင်သွေးသစ်)အားဒိုင်ပွဲရပ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ယင်းအပြင် ၅၇ ကီလိုတန်းတွင် မွန်ကြီး(ရွှေဖူး)က အောက်ချင်းသွေး(အဖြူရောင်သွေးသစ်)အား အလဲထိုး၍ လည်းကောင်း၊ ၅၈ ကီလိုတန်းတွင် စောသီဟ (ဇာတိမာန်)နှင့် စောကော်ကော် (အဖြူရောင်သွေးသစ်)တွဲဆိုင်းမှာ သရေပွဲဖြင့်လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ကောင်းကောင်း (ဟံသာဝတီသား)က ဇာမဏီ(အဖြူရောင်သွေးသစ်)အားအလဲထိုး၍လည်းကောင်း၊ ၆၃ ကီလိုတန်းတွင် ဘိုဘိုအောင် (A.M.T)က အောင်ထက်ဖြိုး (ထွန်းသွင်)အား အလဲထိုး၍လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် ညောင်ခါးရှည် (A.M.T)နှင့် မြတ်မင်း (နဂါးမာန်)တို့တွဲဆိုင်းမှာ သရေပွဲဖြင့်လည်းကောင်း ပြီးဆုံးသွားကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို ကလပ်အသီးသီးမှ လူငယ်ကစားသမားများ ပွဲအတွေ့အကြုံရရှိစေရန်နှင့် နေရာအခွင့်အရေးရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး စုစုပေါင်း တွဲဆိုင်း ၁၄ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

# ဒုက္ခသည်များ အခြေစိုက်နေထိုင်မှုဆန့်ကျင်ရေး ဆန္ဒပြပွဲများ တင်နက်ဆီပြည်နယ်၌ ပြုလုပ်

**ရှယ်ဘီဗီးလ် (တင်နက်ဆီ) အောက်တိုဘာ ၂၉**

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်၌ ဒုက္ခသည်များအခြေစိုက်နေထိုင်မှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲများအား လူဖြူအမျိုးသားရေးဝါဒီများနှင့် နာဇီလက်သစ်တို့က ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လူဖြူအမျိုးသားရေးဝါဒီများက ဦးဆောင်၍ ရှယ်ဘီဗီးလ်မြို့နှင့် မာဖရီစဘိုရိုမြို့တို့၌ ဒုက္ခသည်များ အခြေစိုက်နေထိုင်မှုဆန့်ကျင်ရေး ဆန္ဒပြပွဲများကို အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့ကြသည်။

ပြီးခဲ့သည့် သြဂုတ်လက ဗာဂျီးနီးယားပြည်နယ်၌ လူဖြူတို့၏ စုဝေးချီတက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသော လူဖြူအမျိုးသားရေးဝါဒီအုပ်စုများမှ အဖွဲ့ဝင်အချို့က ယခုပြုလုပ်သော ဆန္ဒပြပွဲများကို စီစဉ်ခဲ့ကြခြင်းဖြစ်သည်။ ဆန္ဒပြပွဲများအတွင်း ရဲတပ်ဖွဲ့က လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလုံးအရင်းဖြင့် ဖြန့်ကြက်ချထားခဲ့သည်။

ရှယ်ဘီဗီးလ်မြို့၌ ဆန္ဒပြပွဲကို စတင်ခဲ့ကြပြီး ဒုတိယမြောက် ဆန္ဒပြပွဲပြုလုပ်ရန် ယင်းမြို့မှ ၃၅ မိုင်ခန့်ကွာဝေးသော မာဖရီစဘိုရိုမြို့သို့ ဆက်လက်သွားရောက်ခဲ့ကြသည်။ အဆိုပါ မြို့နှစ်မြို့စလုံးမှာ ဆိုမာလီ၊ အီရတ်နှင့် ကမ္ဘာ့အခြားသောနိုင်ငံများမှ လာရောက်သည့် ဒုက္ခသည်များအခြေစိုက်ရာ နက်ရှ်ဗီးလ်မြို့မှ မဝေးကွာသော မြို့ငယ်များဖြစ်ကြသည်။

တင်နက်ဆီပြည်နယ် အလယ်ပိုင်းဒေသ၌ ဒုက္ခသည်များကို အစုလိုက် အပြုံလိုက် နေထိုင်စေခြင်းကို ဖက်ဒရယ်အစိုးရအဖွဲ့က ပြုလုပ်ခြင်းမရှိသင့်ကြောင်း တောင်ပိုင်းအဖွဲ့ချုပ် အမည်ရှိ အမျိုးသားရေးဝါဒီများ၏ အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘရက်ဂရစ်ဖင်က ပြောကြားသည်။ ဂရက်ဖင်သည် လူဖြူတို့၏ နိုင်ငံတော်အမည်ရှိ စာအုပ်ကို ရေးသားပြုစုခဲ့သူဖြစ်သည်။

ဆန္ဒပြပွဲများအတွင်း လုံခြုံရေးထိန်းသိမ်းနိုင်ရန် ရှယ်ဘီဗီးလ်ရဲတပ်ဖွဲ့က ယာယီစည်းရိုးများ ကာရံခဲ့ပြီး တန်ပြန်ဆန္ဒပြသူများနှင့် ထိပ်တိုက်မတွေ့နိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့သည်။

ဆန္ဒပြပွဲပြုလုပ်သည့် ဧရိယာအတွင်းသို့ ဝင်ရောက်သူများကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးခဲ့သည်။ ဆန္ဒပြပွဲသို့ သေနတ်များ၊ ကျောပိုးအိတ်များ၊ တုတ်ချောင်းများ၊ သံတုတ်များ စသည်တို့ယူဆောင်လာခြင်းမပြုရန် ရဲတပ်ဖွဲ့က ပိတ်ပင်ထားသည်။ **ရိုက်တာ။**







## ဆိုမာလီမြို့တော်ရှိ ဟိုတယ်တစ်လုံးကို စစ်သွေးကြွများက တိုက်ခိုက်၊ ၂၉ ဦးသေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၉**

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံးကို ပစ်မှတ်ထား၍ စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ၂၉ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော် မိုဂါဒစ်ရှူးရှိ နာဆာဟာဘလော့တူး အမည်ရှိဟိုတယ်ကို စစ်သွေးကြွများက အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီဝန်းကျင်တွင် စတင်တိုက်ခိုက်ခဲ့သည်။ သမ္မတနန်းတော်နှင့် နီးကပ်စွာတည်ရှိသော အဆိုပါ ဟိုတယ်၏ ဂိတ်တံခါးများကို ကားဗုံးနှစ်လုံးဖောက်ခွဲ၍ တိုက်ခိုက်ခဲ့ပြီးနောက် ဟိုတယ်အဆောက်အအုံကို ဝင်စီးခဲ့ကြသည်။

အဆိုပါဟိုတယ်မှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး ကားဗုံးပေါက်ကွဲမှုကြောင့် ဟိုတယ်ရှေ့ပိုင်းနှင့် ဟိုတယ်နှင့် ကပ်လျက်တည်ရှိသော အဆောက်အအုံတို့ ပျက်စီးခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွများကို ၁၂ နာရီနီးပါးမျှ ဝန်းပတ်ပိတ်ဆို့ထားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ အပါအဝင် ၂၉ ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိကြောင်း၊ ယင်းတိုက်ခိုက်မှုအတွက် အယ်လ်ရှာဘတ်သူပုန်အဖွဲ့က ၎င်းတို့၏ လက်ချက်အဖြစ် ထုတ်ပြန်ကြေညာထားကြောင်း ရဲအရာရှိ အဗ္ဗလာနူးက ပြောကြားသည်။ **ရိုက်တာ။**

## ဗြိတိန်ရေတပ်မတော်၏ ရေငုပ်သင်္ဘောပေါ်တွင် မူးယစ်ဆေးဝါးနှင့် လိင်မှုအရှုပ်တော်ပုံများ ပေါ်ပေါက်

**လန်ဒန် အောက်တိုဘာ ၂၉**

ဗြိတိန်ဘုရင့်ရေတပ်မတော်၏ နျူကလီးယားရေငုပ်သင်္ဘောမှ တပ်ဖွဲ့ဝင်ကိုးဦးသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိမရှိ စမ်းသပ်စစ်ဆေးမှု ခံယူရာတွင် ကျရှုံးခဲ့ပြီးနောက် အလုပ်မှထုတ်ပယ်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗိုလ်ကြီးအဆင့်ရှိသူတစ်ဦး အပါအဝင် တပ်ဖွဲ့ဝင် လေးဦးသည် ဘုရင့်ရေတပ်မတော်၏ အိပ်ချ်အမ်အက်စ် ဗီးဂျီးလန့်ရေငုပ်သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး တိတ်တိတ်ပုန်းအချစ်ဇာတ်လမ်းများနှင့် ကင်းရှင်းရမည်ဟူသော ရေတပ်၏စည်းမျဉ်းကို ချိုးဖောက်မှုဖြင့် ရာထူးမှ ဖယ်ရှားခံကြရကြောင်း ဒေးလီးမေးလ်သတင်းစာက ရေးသားဖော်ပြသည်။

ဗီးဂျီးလန့်ရေငုပ်သင်္ဘောပေါ်တွင် လိင်ပိုင်းဆိုင်ရာ အရှုပ်တော်ပုံဖြစ်ပွားနေသည်ဟု သတင်းများပေါ်ထွက်ခဲ့ပြီးနောက် တားမြစ်ဆေးသုံးစွဲမှုဖြင့် ရေတပ်တပ်ဖွဲ့ဝင်ကိုးဦးကို အလုပ်မှထုတ်ပယ်ခဲ့သည်။ ၎င်းတို့သည် တာဝန်ထမ်းဆောင်ချိန်အတွင်း အတန်းအစား-အေ၊ မူးယစ်ဆေးဝါး (ကိုကင်း)သုံးစွဲသည်ဟု စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါ ရေငုပ်သင်္ဘောသည် နျူကလီးယားထိပ်ဖူးများကို တင်ဆောင်ရန် အမေရိကန်ပြည်ထောင်စုရှိ ဆိပ်ကမ်းတစ်ခုတွင် ဆိုက်ကပ်ထားချိန်အတွင်း မူးယစ်ဆေးဝါးသုံးစွဲကာ ပျော်ပါးပြီးပါတီပွဲများတွင် မြူးထူးကခုန်ခဲ့ကြသည်ဟု စွဲချက်တင်ခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ရေငုပ်သင်္ဘော၏ ဒုတိယအကြီးအကဲ လက်ထောက်ရေယာဉ်မှူး မိုက်ကယ်ဆီး (၃၆) နှစ်သည် ရေငုပ်သင်္ဘောပေါ်၌ အတူတာဝန်ထမ်းဆောင်လျက်ရှိသော အသက် (၂၇)နှစ်အရွယ် အမျိုးသမီးအင်ဂျင်နီယာ အရာရှိနှင့် ရည်ငံနေခဲ့သည်ဟု စွဲချက်တင်ခံရပြီး ရာထူးမှ ဖယ်ရှားခံရသည်။

ဗီးဂျီးလန့်ရေငုပ်သင်္ဘောပေါ်တွင် ရေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ကြီး စတပ်အမ်းစထရောင်း (၄၁) နှစ်နှင့် အသက် (၂၅) နှစ်အရွယ် အမျိုးသမီး အငယ်တန်းအရာရှိတစ်ဦးတို့ ချစ်ကြိုးသွယ်မှုဖြင့် စုံစမ်းစစ်ဆေးခံခဲ့ရပြီး ၎င်းတို့နှစ်ဦးစလုံး ရာထူးအသီးသီးမှ ဖယ်ရှားခံခဲ့ရပြီးနောက် နောက်ထပ်အရှုပ်တော်ပုံများ ဆက်လက်ဖြစ်ပွားလာခြင်းဖြစ်သည်။

ဗီးဂျီးလန့်ရေငုပ်သင်္ဘောပေါ်တွင် တပ်ဖွဲ့ဝင် ၁၆၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည့်အနက် ၁၀ ရာခိုင်နှုန်းခန့်ကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ရာထူးမှ ဖယ်ရှားခြင်း ပြုလုပ်ရသည့် အခိပ္ပာယ်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

■

## အမေရိကန်သမ္မတခရီးစဉ်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လုံခြုံရေးတင်းကျပ်

**တိုကျို အောက်တိုဘာ ၂၉**

ဂျပန်နိုင်ငံသို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့် အလည်အပတ်လာရောက်မည်ဖြစ်သည့်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လုံခြုံရေးတင်းကျပ်ထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။ တိုကျိုမြို့ရှိ လုံခြုံရေး အရာရှိများနှင့် ဈေးဆိုင်ပိုင်ရှင်များက အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွင် ပြည်သူများအား ပါဝင်ပူးပေါင်းရန် တိုက်တွန်းပြောကြားခဲ့ကြသည်။

ပြည်သူများ၏ အသက်နှင့်စည်းစိမ် လုံခြုံစိတ်ချမှုရှိစေရေးအတွက် ပြည်သူ ၂၀ က တိုကျိုမြို့တော်အတွင်းရှိ ရထားဘူတာရုံနှင့် ဈေးဝယ်စင်တာများရှိသော လမ်းမများပေါ်တွင် လက်ကမ်းစာစောင်များဖြန့်ဝေကာ အောက်တိုဘာ ၂၉ ရက်က အသိပေးတိုက်တွန်းခဲ့ကြသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နိုဝင်ဘာ ၅ ရက်တွင် ဂျပန်နိုင်ငံသို့ သုံးရက်ကြာအလည်အပတ်ခရီး လာရောက်မည်ဖြစ်ကြောင်း သိရသည်။ တိုကျိုရဲအရာရှိများက မြို့တော်အတွင်း လုံခြုံရေးအရာရှိ ၁၀၀၀၀ ကျော်ကို တပ်ဖြန့်ထားမည်ဖြစ်သည်။ အဆိုပါအရေးအတွက်သည် အမေရိကန်သမ္မတ ခရီးစဉ်တစ်ခုအတွက် ယခင်တာဝန်ပေးခဲ့သော လုံခြုံရေးအရာရှိဦးရေထက် ပိုမိုများပြားသည်။

သင်္ကာမကင်းမှုများ တစ်စုံတစ်ရာတွေ့ရှိပါက လုံခြုံရေးအရာရှိများထံ အသိပေးအကြောင်းကြားရန် ပြည်သူများအား တိုက်တွန်းထားသည်။ လုံခြုံရေးချမှတ်မှုလုပ်ငန်းစဉ်နှင့် ပြည်သူအများပူးပေါင်းပါဝင်ရန် တိုက်တွန်းထားသည့် လက်ကမ်းစာစောင်တစ်ထောင်ကျော်ကို ပြည်သူများအား ဖြန့်ဝေထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# MNL အမှတ်ပေးပြိုင်ပွဲ ရှမ်းယူနိုက်တက် ပထမဆုံးအကြိမ် ဗိုလ်စွဲ

**တောင်ကြီး အောက်တိုဘာ ၂၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲနောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရယူပြီး ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့သည်။

ချန်ပီယံဆုအတွက် မဖြစ်မနေနိုင်ပွဲလိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဟံသာဝတီအသင်းကို အိမ်ကွင်း၌ ဂိုးပြတ်သွင်းယူခဲ့ပြီး ဒုတိယနေရာမှ ရန်ကုန်အသင်းကို နှစ်မှတ်အသာရကာ ချန်ပီယံဆုဆွတ်ခူးကာ တစ်ရာသီအတွင်း အမှတ်ပေးနှင့် ရှုံးထွက် ချန်ပီယံဆုနှစ်ခုစလုံး ရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် နောက်ပိုင်းပွဲများတွင် ပုံမှန်အသုံးပြုနေသည့် လူစာရင်းဖြင့် ပွဲထွက်ခဲ့သော်လည်း ၁၆ မိနစ်တွင် ဒွေးကိုကိုချစ် ဒဏ်ရာရသွား၍ ရွှေကိုနှင့်လူစားလဲခဲ့ရသည်။ ဟံသာဝတီအသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ ဖိအားပေးကစားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဂိုးကံခေခဲ့၍ ၂၆ မိနစ်မှ ဂိုးရခဲ့သည်။ ထိုက်ထိုက်အောင် ဖန်တီးပေးသော ဘောလုံးကို ဇင်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာ၍ ပွဲမှာအကြိတ်အနယ်ရှိလာခဲ့ပြီး ၄၄ မိနစ်တွင် အောင်မျိုးသူရ ကြမ်းတမ်းစွာကစားခဲ့၍ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ အနီကတ်ဖြစ်ရပ်အတွက် နှစ်ဖက်ကစားသမားအချို့နှင့် နည်းပြအဖွဲ့ဝင်များ အချင်းများခဲ့သည်။

ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးထပ်မံရရှိရန် ရွှေကိုအစား စိုးမင်းဦးကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ စိုးမင်းဦး ဝင်လာပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်တိုက်စစ်ပိုကောင်းလာပြီး ၆၂ မိနစ်တွင် စိုးမင်းဦးက သွင်းယူခဲ့သည်။ တစ်ယောက်လျော့နေသည့်အပြင် နှစ်ဂိုးပေးလိုက်ရ၍ ဟံသာဝတီအသင်း ချေပဂိုးရရန်စွမ်းဆောင်နိုင်ခြင်းမရှိတော့ဘဲ ပွဲပြီးခါနီးတွင် ဂိုးများထပ်မံပေးခဲ့ရပြီး ၈၉ မိနစ်တွင် စိုးမင်းဦး၊ ၉၀+၂ မိနစ်တွင် ခရစ္စတိုဖာတို့က သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ရန်ကုန်အသင်းက ချင်းယူနိုက်တက်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ရခိုင်အသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး GFA နှင့် မကွေးအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၄ မှတ်ဖြင့် ပထမ၊ ရန်ကုန်အသင်းက ၅၂ မှတ်ဖြင့် ဒုတိယ၊ ရတနာပုံအသင်းက ၄၇ မှတ်ဖြင့် တတိယရရှိသည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀၀ နှင့် ချန်ပီယံဆုဖလား၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းနှင့် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်သည်။ **(ရှိုင်းထက်ဇော်)**





# ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 ပွဲစဉ်(၄) နေပြည်တော်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ငြိမ်းချမ်းရေးဂီတပွဲတော် Level – 2 ပွဲစဉ်(၄)ကို ယနေ့ည ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 ပွဲစဉ်(၄)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးခင်မောင်ချို၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)က တာဝန်ယူကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော်(Level-1)အဆင့် သီချင်းဆိုပြိုင်ပွဲများ ကျင်းပပြီးစီးခဲ့ပြီး Level-2 ပွဲစဉ်(၁) နှင့်(၂)ကို မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပခဲ့ရာ Level-2 ပွဲစဉ်(၁)မှ Sa Paung နှင့် လင်းသစ်တို့ ပေါ်ထွက်လာခဲ့ပြီး Level-2 ပွဲစဉ်(၂) မှ ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်းတို့ Level-3 သို့ တက်လှမ်းသွားခဲ့သည်။

နေပြည်တော် MICC-2 ၌ ယမန်နေ့က ကျင်းပသည့် Level-2 ပွဲစဉ်(၃)မှ မေသူကျော်နှင့် ကြူကြူခိုင်တို့ Level-3 သို့ တက်လှမ်းနိုင်ခဲ့ပြီး ယနေ့တွင် နေပြည်တော် MICC-2 ၌ Level-2 ပွဲစဉ်(၄)ကိုကျင်းပရာ မေသဇင်နှင့် R ဝါလင်းတို့ အပြင် အကဲဖြတ်ဒိုင်များ၏မှတ်ချက်ဖြင့် ဖြူလှနှင့် စလားတို့လည်း Level-3 သို့ တက်လှမ်းသွားနိုင်ခဲ့သည်။ ထို့နောက် အမှတ်တူသူထပ်မံရွေးချယ်ရာ A ဒေးကို ရွေးချယ်ခဲ့သည်။

Level-3 အဆင့်ပြိုင်ပွဲမှ ရွေးချယ်ခံထားသည့် ဆန်ခါတင် ၁၀ ဦးအနက် သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဖြစ် ရွေးချယ်ကာ ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ်သိန်း ၃၀ ဖြင့် ခုနစ်ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmedia portalနှင့် Peace Music Festival Facebook စာမျက်နှာ www.facebook. com/peacemusic festival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**● အာဆီယံဖူဆယ်မှ**

ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု(ခ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ထိုင်းက ပထမ၊ မလေးရှားက ဒုတိယရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ယခုပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ရောက်ရှိသည့်လေးသင်းမှာ ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအပါအဝင် ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် အာရှဖူဆယ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၃၀ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ရဲရင့်ရှိုင်း)**



# မြန်မာ့တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများအားထောက်ခံပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

တပ်မတော်ချစ်မြတ်နိုးသူများအဖွဲ့ (ရန်ကုန်)က ကြီးမှူးကျင်းပသည့် မြန်မာ့တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ထောက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပသည်။

ယနေ့မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး (ရေခဲဆိုင်မှတ်တိုင်)တွင် ထောက်ခံပွဲတွင် ပါဝင်ကြသူများ စတင်စုဝေးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံများနှင့် မြန်မာ့တပ်မတော်အလံများကို ကိုင်ဆောင်ကာ စစ်ချီတေး၊ ဇာတိမာန်တေးသီချင်းများကိုဖွင့်လှစ်၍ ကြွေးကြော်သံများဖြင့် ကမ္ဘာအေးဘုရားလမ်း၊ အလံပြဘုရားလမ်းတို့မှတစ်ဆင့် မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့သို့ လမ်းလျှောက်ချီတက်ကြသည်။

ထို့နောက် မဟာဗန္ဓုလပန်းခြံရှေ့တွင် တိုင်းရင်းသားအကများဖြင့်ဖျော်ဖြေပြီး အခမ်းအနားကို စတင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းကောင်းများအား ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ခန့် ငြိမ်သက်ကြသည်။

ဆက်လက်၍ ထောက်ခံပွဲသို့ တက်ရောက်လာကြသူများက မြန်မာ့တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများအား ထောက်ခံရသည့်အကြောင်းများနှင့် ပတ်သက်၍ ဟောပြောမှုများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်**

**✦ ပဲစင်းငုံနှင့် မတ်ပဲမှ**

ငွေကျပ် ဘီလီယံ ၅၀ ကို အတိုးနှုန်းမဲ့ ချေးငွေအဖြစ် ထည့်ဝင်ပေးရန်၊ အဆိုပါဘဏ္ဍာငွေဖြင့် တောင်သူများထံမှ ပဲများကို အဖွဲ့မှဝယ်ယူကာ အာမခံဖြင့် သိုလှောင်၍ ပြန်လည်ရောင်းချချိန်တွင် ဆုံးရှုံးမှုရှိပါကလည်း တာဝန်ယူလျော်ပေးမည်ဖြစ်ကြောင်းနှင့် အမြတ်ရရှိပါက နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပေးရန် ၎င်းက တင်ပြသွားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြန်မာနိုင်ငံမှ ပဲတင်ပို့ရောင်းချခဲ့ရသည့် နိုင်ငံပေါင်း ၇၈ နိုင်ငံသို့ ပဲတန်ချိန် ၁ ဒသမ ၄ သန်းကျော် တင်ပို့ရောင်းချခဲ့ရာတွင် အများဆုံးတင်ပို့ခဲ့သည်မှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန် ခြောက်သိန်းရှစ်သောင်း တင်ပို့ခဲ့ရခြင်းဖြစ်သည်။ ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံဖြစ်ပြီး တန်ချိန် သုံးသိန်းနှင့် လေးသိန်းကြားတွင် တင်ပို့မှုရှိသည်။ တတိယအများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံနှင့် အိုမန်နိုင်ငံတို့ဖြစ်ပြီး တန်ချိန်ငါးသောင်းမှ တစ်သိန်းကြားတွင် တင်ပို့ခဲ့သည်။ ယင်းအပြင် အခြားဈေးကွက်များသို့ တင်ပို့မှုရှိနေသော်လည်း ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ပါဝင်မှုကို လျှော့ချနိုင်ပြီး အရည်အသွေးကို ဦးတည်ထုတ်လုပ်သွားမည်ဆိုပါက ဈေးကောင်းရရှိမည့် ဈေးကွက်များသို့ တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုသည်။

မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့မှုတွင် အဓိကအားထားရာ အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲတွင် မြန်မာနိုင်ငံမှ ပဲစိုက်တောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များ ထိခိုက်မှုမရှိစေရေးအတွက် ပဲမျိုးစုံဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ပြည်တွင်းပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းစားသုံးမှု တိုးတက်ရေးအတွက် နည်းလမ်းများ လေ့လာတင်ပြနိုင်ရန် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့ကို ဩဂုတ် ၃၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ပဲတင်ပို့မှုဈေးကွက်သစ်များရရှိရေးနှင့် ဈေးကောင်းရရှိနိုင်မည့် ဈေးကွက်များသို့ တင်ပို့နိုင်ရေးတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ပါဝင်မှုများပြားနေခြင်းကို သတိပေးထောက်ပြခဲ့ကြပြီး အရည်အသွေးကိုဦးတည်သည့် ဂျပန်နှင့် ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရန် ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ပြောင်းလဲသင့်ပြီဖြစ်ကြောင်း အဆိုပါအဖွဲ့တွင်ပါဝင်သည့် ပညာရှင်များက သုံးသပ်အကြံပြုထားသည်။ **(၀၀၁)**

# တောင်တွေကိုကျော်ကာရယ် ရောက်ခဲ့တယ် ယောတို့နယ်

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

ရန်ကုန်မိုးကပဲ အပြုံးကြီးသလား၊ အညာမိုးကပဲ အပြုံးကြီး လေမလား သရုပ်ခွဲစရာမလိုအောင်ကို ၂၀၁၇ မေလ ၂၉ ရက်မှာတော့ တစ်နိုင်ငံလုံး မိုးသည်းထန်စွာရွာသွန်းနေခဲ့တယ်။ အဲဒီနေ့မှာမှ ကျွန်မတို့ မျက်စိအထူးကုအဖွဲ့က ဂန့်ဂေါမြို့ကို သွားကြဖို့ ရန်ကုန်လေဆိပ်ကို ရောက်နေခဲ့ကြတယ်။ လေယာဉ်ထွက်ချိန် နောက်ကျမယ့်အကြောင်း ကြေညာတော့ ကျွန်မတို့အားလုံး လေဆိပ်ထဲမှာပဲ မိုးအတိတ်ကို စောင့်နေရတယ်။ မနှစ်ကလည်း အဲဒီလိုအချိန် 'ရွှန်နု' မုန်တိုင်းကြေညာနေတဲ့ ကြားထဲကပဲ ချင်းတိုင်းရင်းသားတွေရှိရာ 'တီးတိန်'မြို့ကို မရောက်ရောက်အောင် သွားခဲ့ကြတယ်။ ခုလည်း 'မိုရာ' မုန်တိုင်းအထူးသတင်း ကြေညာနေချိန်မှာမှ 'ဂန့်ဂေါ' မြို့ကို သွားခဲ့ကြပြန်တယ်။

တကယ်တော့ ဒီခရီးစဉ်စတင်ဖို့ နှစ်လအလိုကတည်းက ပြင်ဆင်နေခဲ့တာပါ။ လိုက်ပါကြမယ့် မျက်စိဆရာဝန်ကြီးတွေ၊ ဆရာမတွေ၊ ပရဟိတ ညီအစ်မတွေနဲ့ အချိန်ညှိရင်း ခုလို မိုးကြီးတဲ့ အချိန်ကို ရောက်သွားခဲ့တာဖြစ်ပါတယ်။

**ခရီးစဉ်ရဲ့ နိဒါန်းအစ**

ဒီခရီးစဉ်စတင်ခဲ့ရတဲ့ မူလအစကတော့ ၂၀၁၆ ခုနှစ် စက်တင်ဘာမှာ ကျွန်မရဲ့မေမေ ဒေါ်ခင်သန်းမြင့်ရဲ့ စာသင်ကျောင်းအလှူရေစက်ချ အခမ်းအနားကို နတ်မောက်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနဲ့အတူ တိုင်းဒေသကြီး ဝန်ကြီးတွေတက်ရောက်ခဲ့ကြတယ်။ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က သူ့ဇာတိဖြစ်တဲ့ ဂန့်ဂေါမြို့မှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကို လာရောက်ကုသပေးဖို့နဲ့ မြို့မိမြို့ဖတွေ၊ ဒေသခံ ပရဟိတအဖွဲ့တွေအားလုံးက မျှော်လင့်နေကြသလို ကူညီပံ့ပိုးပေးဖို့ စိတ်အားတက်ကြွနေကြတယ်လို့ ပြောပါတယ်။ ဝန်ကြီးချုပ်နဲ့ ကျွန်မရဲ့ အစ်မဖြစ်တဲ့ ဒေါ်မြင့်မြင့်သိန်း (ဒု/ညွှန်မှူး SME မကွေး)တို့ကလည်း ယောနယ်က မျက်စိဝေဒနာရှင်တွေကို ဦးစားပေး စီစဉ်ပေးဖို့ တောင်းဆိုတာနဲ့ပဲ ဒီခရီးစဉ်ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါနဲ့ပဲ မေလဆန်းမှာ ဝန်ကြီး ဦးမြင့်ဇော်နဲ့ ကျွန်မတို့ ညီအစ်မ ဂန့်ဂေါမြို့ကို ကြိုတင်သွားရောက်ခဲ့ပြီး မျက်စိအထူးကုအဖွဲ့ရဲ့ တည်းခိုနေထိုင်ရေး၊ စားရေး၊ သောက်ရေး၊ လူနာတွေစုစည်းစောင့်ဆိုင်းဖို့ မဏ္ဍပ်တွေထိုးဖို့ နေရာရွေးချယ်ရေး၊ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ကြိုတင်ပိုးသတ်ဖို့ ဆေးရုံအုပ်ကြီး ဒေါက်တာ နေလင်းဆွေနဲ့ ညှိနှိုင်းကြတယ်။ မြို့နယ်ရဲ့ တာဝန်ရှိသူများနဲ့ တွေ့ဆုံပြီး တိုင်ပင်ဆွေးနွေးခဲ့ကြ၊ ကြိုတင်စီစဉ်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ ရောက်လာတာနဲ့ အားလုံးအဆင်သင့်ဖြစ်နေတယ်။ မြို့ခံပရဟိတအဖွဲ့တွေကလည်း အဘက်ဘက်က ကူညီပေးဖို့ အသင့်ဖြစ်နေကြပြီး ကျွန်မတို့အလာကို တစ်မြို့လုံး စောင့်ကြိုမျှော်လင့်နေခဲ့ကြတယ်။

**ပုံတောင်၊ ပုံညာတောင်တန်းကြီးက မကွေးတိုင်းဒေသကြီးရဲ့ အနောက်ဘက်မှာ ရှိနေတယ်။ ပုံတောင်၊ ပုံညာနဲ့ ချင်းတောင်တန်းတွေကြားက လွင်ပြင်ကို "ယော" ဒေသလို့ သမုတ်ကြပါတယ်။ ယောဒေသမှာ ဂန့်ဂေါ၊ ထီးလင်း၊ ဆောနယ်နဲ့ ကျောက်ထုမြို့နယ်ခွဲဆိုပြီး လေးမြို့ရှိတယ်။ ကျေးရွာအုပ်စုပေါင်း ၂၀၅ အုပ်စု၊ ကျေးရွာပေါင်း ၃၂၅ ရွာနဲ့ လူဦးရေ သုံးသိန်းကျော်ရှိပါတယ်။ ဂန့်ဂေါမြို့ဟာ ယောနယ်ရဲ့ မြို့တော်ဖြစ်ပြီး အလျား ၁၃၆ မိုင်၊ အနံ ၁၂ မိုင်ရှိတဲ့ မြစ်သာမြစ်ဝှမ်းတစ်လျှောက်မှာ ရှည်မျောမျော သဏ္ဌာန်နဲ့ တည်ရှိနေတယ်။**



**ဂန့်ဂေါမြို့ဆီသွားကြပြီ**

ကျွန်မတို့အဖွဲ့ဟာ နံနက် ၁၁ နာရီ ၁၅ မိနစ်မှာ ရန်ကုန်မြို့က ထွက်ခွာခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ ရာသီဥတုက သာယာလာခဲ့ပြီ။ နေရောင်ခြည်ဖြာဝေလာခဲ့ပြီ။ ကျွန်မတို့အားလုံးဟာ မရောက်ဖူးတဲ့ဒေသ 'ယောနယ်' ကို သွားဖို့စိတ်လှုပ်ရှားနေကြတယ်။ တက်ကြွလန်းဆန်းနေကြတယ်။ ရာသီဥတုဆိုးရွားတာကို သိကြပေမယ့် ယောနယ်က ပြည်သူတွေကို အလင်းပေးဖို့ဆိုတဲ့ မေတ္တာစေတနာစိတ်နဲ့ အားလုံးရဲ့ မျက်နှာတွေဟာ ကြည်လင်ပျော်ရွှင်နေတယ်။

ကျွန်မတို့အဖွဲ့မှာ ဆရာဝန်၊ ဆရာမ၊ ပရဟိတ ညီအစ်မတွေနဲ့အတူ MRTV-4 အဖွဲ့သားတွေပါဝင်ပါတယ်။ ကလေးမြို့လေဆိပ်ကို ညနေ ၃ နာရီမှာ ရောက်ပါတယ်။ ကလေးမြို့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်း၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်မြင့်၊ ဒေါက်တာအောင်နိုင်ထွန်းနဲ့ ဂန့်ဂေါမထသအဖွဲ့တွေက ကြိုဆိုနေခဲ့ပါတယ်။ ကျွန်မတို့လည်း ပစ္စည်းတွေ၊ အထုပ်အပိုးတွေ ကားပေါ်တင်ပြီးတာနဲ့ အချိန်မဆွဲဘဲ ဂန့်ဂေါမြို့ဆီကို ခရီးဆက်ခဲ့ကြတယ်။ မိုးကတဖွဲဖွဲရွာနေတာမို့ ကားကို ဖြည်းဖြည်းမောင်းနေရတော့ ခရီးမတွင်လှဘူး။ ပုံမှန်သုံးနာရီကျော်မောင်းရမယ့်ခရီးက ခုတော့ ခြောက်နာရီလောက်ကြာအောင် မောင်းခဲ့ရတယ်။ မေလဆန်းပိုင်းအကြိုသွားခဲ့တုန်းက ညောင်ဦးလမ်းက လာခဲ့တာဆိုတော့ ပုံတောင်၊ ပုံညာတောင်တစ်ကြောကို ဖြတ်ခဲ့ရတယ်။ ရာသီဥတုက သာယာနေပြီး ပုံတောင်၊ ပုံညာတစ်လျှောက် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးစတဲ့ သစ်ရိပ်ဝါးရိပ်တွေနဲ့ ဝါရွှေနေတဲ့ ရွက်ကြွေတောတွေက လွမ်းမောစရာပါ။ အခုလို ကလေး-ဂန့်ဂေါလမ်းက လာခဲ့တော့လည်း မိုးတဖွဲဖွဲအောက်မှာ ပိုလို့တောင် လွမ်းစရာကောင်းနေပါသေးတယ်။ ကျွန်မတို့ရဲ့ ညာဘက်မှာတော့ ချင်းတောင်တန်းကြီး၊ ဘယ်ဘက်မှာ ပုံတောင်၊ ပုံညာတောင်တန်း၊ ရှေ့တူရူက ကတ္တရာလမ်းအဆုံးမှာ မြင်တွေ့နေရတဲ့ မိုးသားတိမ်လိပ်တွေနဲ့ဆိုတော့ သိပ်လှတဲ့ မြင်ကွင်းတွေကို တရိပ်ရိပ်ဖြတ်ကျော်လာခဲ့တယ်။

**ယောနကတိုင်းသမိုင်းသက်သေ ထင်ရှားနေ**

ပုံတောင်၊ ပုံညာတောင်တန်းကြီးက မကွေးတိုင်းဒေသကြီးရဲ့ အနောက်ဘက်မှာ ရှိနေတယ်။ ပုံတောင်၊ ပုံညာနဲ့ ချင်းတောင်တန်းတွေကြားက လွင်ပြင်ကို 'ယော'ဒေသလို့ သမုတ်ကြပါတယ်။ ယောဒေသမှာ ဂန့်ဂေါ၊ ထီးလင်း၊ ဆောနယ်နဲ့ ကျောက်ထုမြို့နယ်ခွဲဆိုပြီး လေးမြို့ရှိတယ်။ ကျေးရွာအုပ်စုပေါင်း ၂၀၅ အုပ်စု၊ ကျေးရွာပေါင်း ၃၂၅ ရွာနဲ့ လူဦးရေ သုံးသိန်းကျော်ရှိပါတယ်။ ဂန့်ဂေါမြို့ဟာ ယောနယ်ရဲ့ မြို့တော်ဖြစ်ပြီး အလျား ၁၃၆ မိုင်၊ အနံ ၁၂ မိုင် ရှိတဲ့ မြစ်သာမြစ်ဝှမ်းတစ်လျှောက်မှာ ရှည်မျောမျော သဏ္ဌာန်နဲ့ တည်ရှိနေတယ်။

'လူသားအစ ပရိုင်းမိတ်က' ဆိုသလို ပုံတောင်၊ ပုံညာတောင်တန်းမှာ ပရိုင်းမိတ်ရုပ်ကြွင်းတွေ တွေ့ရှိခဲ့ရတဲ့ အထောက်အထားတွေကြောင့် ရှေးမြန်မာတို့သာမက ကမ္ဘာ့လူသားတွေရဲ့ အစဟာ 'ယောနယ်'ကလို့ထင်ရှားတယ်။

အလောင်းတော်ကဿပမထေရ်မြတ်ဟာ ဒီပုံတောင်၊ ပုံညာတောင်ခြေမှာ ပရိနိဗ္ဗာန်ပြုသွားခဲ့တယ်။ ရှေးအတိတ်က စာပေအစဉ်အလာကြီးမားခဲ့တဲ့ ယောမြို့စား ဦးစီ၊ ဥတုဘောဇနကျမ်းကို ရေးသားခဲ့တဲ့ ယောမြို့စား ယောအတွင်းဝန် ဦးဖိုးလှိုင်၊ အမတ်ကြီး ဦးပေါ်ဦး၊ လောင်းရှည်မြို့စား အတွင်းဝန်မင်းကြီး မဟာစည်သူ စတဲ့ဂုဏ်ယူစရာ သမိုင်းတွေကလည်း ရှိနေခဲ့ပါတယ်။ လက်ရှိမှာလည်း "ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ"ဟာ ဂန့်ဂေါလက်ပံရွာဇာတိ ဖြစ်တယ်။ တစ်နိုင်ငံလုံးရဲ့ ထင်ရှားလှတဲ့ ဂုဏ်ယူဖွယ် သာသနာ့အာဇာနည်ဆရာတော်ကြီးလည်း ဖြစ်ပါတယ်။

ထီးလင်းနယ်မှာ ဆေးဖက်ဝင်ဂမုန်းနွယ်ပင်တွေ တစ်တောလုံး ဖုံးနေတဲ့ "ဆေးမင်းတော" ကြီးရှိတယ်။ ဂန့်ဂေါခရိုင်မှာ ပထဝီအနေအထားအရ မြစ်ချောင်းများစွာရှိတယ်။ မြစ်သာမြစ်၊ ယောမြစ်၊ ချောင်မြစ်၊ မောချောင်း၊ ကျောချောင်း၊ ချီချောင်း၊ ကျောက်စစ်ချောင်း၊ ဆောချောင်း၊ စလင်းချောင်းတွေဟာ ချင်းတောင်တန်းနဲ့ ပုံတောင်၊ ပုံညာကို မြစ်ဖျားခံပြီး ထီးလင်း၊ ဆောနဲ့ ကျောက်ထုနယ်များအတွင်း တသွင်သွင်စီးဆင်းနေတယ်။ မြစ်သာမြစ်ကတော့ ချင်းပြည်နယ် မတူပီမြို့နယ်ကစပြီး မြစ်ဖျားခံစီးဆင်းခဲ့တယ်။ မြစ်အစ စီးဆင်းစဉ်ကပင် ထူးထွေဆန်းပြားစွာ အလှအပပေးတဲ့ 'ဘုံတလာ' ရေတံခွန်ကြီးဖြစ်ပေါ်စေခဲ့တယ်။ ချင်းတောင်တန်းက စီးဆင်းလာခဲ့ပြီး မောချောင်း၊ စက်နှီးချောင်းတွေနဲ့ ပေါင်းဆုံကာ တောင်မှမြောက် ဖြတ်သန်းလျက် ကလေးနယ် နတ်ချောင်းရွာအနီးမှာ အာသံပြည်က စီးဆင်းလာတဲ့ မဏိပူရမြစ်နဲ့ ပေါင်းဆုံပြီး ချင်းတွင်းမြစ်တွင်းကို စီးဝင်သွားပါတယ်။

မြစ်တို့မည်သည် မြောက်မှ တောင်သို့ စီးဆင်းပေမယ့် မြစ်သာမြစ်ကတော့ တောင်မှ မြောက်သို့ ပြောင်းပြန်စီးဆင်းနေတာကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရတယ်။ ရိုးသားလှတဲ့ ယောနယ်သားတွေကဖြင့် မြစ်သာမြစ်ကို အမှီပြုပြီး မြစ်ချောင်းတစ်လျှောက် အသက်မွေးကြရင်း သူတို့ဓလေ့နဲ့ သူတို့ ပျော်မွေ့နေကြပါတယ်။

ဂန့်ဂေါဆေးရုံရောက်တော့ ခွဲခန်းကလည်း အသင့်ဖြစ်နေပြီ။ ကြိုတင်ရောက်နေတဲ့ မျက်မှန်ကျွမ်းကျင် အင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်းနဲ့ ဂန့်ဂေါဆေးရုံမှ ဆရာမ ဒေါ်မြသန်းရင်တို့က ခွဲစိတ်ခန်းတာဝန်ခံဆရာဝန်၊ ဆရာမတွေနဲ့အတူ မိုက်ခရိုစကုပ်တွေကို တပ်ဆင်ထားကြပြီး ဖြစ်နေပြီ။ မိုက်ခရိုစကုပ်တွေနဲ့ ဆေးဝါးပစ္စည်းတွေကို ရန်ကုန်ကနေ ကြိုတင်ပြီး ပို့ထားခဲ့တယ်။ ကျွန်မတို့ ရောက်တာနဲ့ အသင့်စောင့်နေတဲ့ မြို့ပေါ်က လူနာ ၂၀၀ ကို ကြည့်ရှုပြီး အတွင်းတိမ် လူနာတွေကို ရွေးထုတ်ကာ နောက်တစ်နေ့ခွဲဖို့ ပြင်ဆင်ကြတယ်။ ည ၈ နာရီမှာ ပြင်ဆင်ပြီးတာနဲ့ ညစာစားဖို့ 'ပြည့်စုံသူ' လုပ်ငန်းစုပိုင်ရှင် ဦးခင်မောင်သိန်း+ဒေါ်ဝင်းဝင်းသူတို့ အိမ်ကိုသွားခဲ့ကြတယ်။ မေလဆန်းအကြိုသွားခဲ့စဉ်ကလည်း အဲဒီအိမ်မှာ ယောထမင်း ယောဟင်းတွေ တစ်ဝစားခဲ့ရတော့ ဒီညစာကိုဖြင့် ဦးခင်မောင်သိန်းအိမ်မှာ စားချင်တယ်လို့ အားမနာတမ်း ပြောလိုက်မိတယ်။ ဂျို(ချေ)သားဟင်း၊ ချိုးသား ငရုတ်သီးစိမ်းချက်၊ ဂျုံးဖူးနဲ့ မျှစ်စိမ်းဟင်း၊ ပဲစာဥအချိုချက်၊ ဂေါ်ရခါးသီးနဲ့ ကညွတ်ကြော်၊ ဖန်လာဖူးသုပ်၊ ယုန်သားဟင်း၊ မြစ်သာငါးကြွပ်ကြွပ်ကြော်၊ ယောပင်နံ့သီးထောင်းငါးပိရည်၊ ဆူးပုပ်ဟင်းတွေနဲ့ ကျွန်မတို့အားလုံး ခေါင်းမဖော်တမ်း စားကြတယ်။ ထမင်းစားပြီးတော့လည်း အချိုပွဲထဲမှာ ထိပ်နီသီးလို့ နာမည်ကြီးတဲ့ ဂန့်ဂေါ သရက်သီးနဲ့ ဧည့်ခံတော့ အဆင်းလှလှနီနီရဲရဲ မွှေးချိုပြီး ရန့်သင်းလှတဲ့ ယောသရက်သီးကို အားပါးတရ စားကြပြန်တယ်။ နောက်နေ့တွေမှာလည်း ကျွန်မတို့ပြန်သည်အထိ ချိုင့်ကြီးတွေနဲ့ ဟင်းတွေပို့ပေးခဲ့တာမို့ ဦးခင်မောင်သိန်း မိသားစုကို ကျေးဇူးတင်မိရသလို ဂန့်ဂေါမြို့ရဲ့ ဂုဏ်ကိုဆောင်တဲ့ မိသားစုပါလားလို့ မှတ်တမ်းတင်မိပါတယ်။

ညစာစားပြီးတာနဲ့ ကျွန်မတို့တည်းခိုတဲ့ ယောဟိုတယ်ကို သွားခဲ့ကြတယ်။ ကျွန်မတို့လာမယ်ဆိုတော့ ဂန့်ဂေါမြို့ရဲ့ တည်းခိုခန်းတွေဖြစ်တဲ့ အောင်စည်ဟိန်း၊ ဂန့်ဂေါဟိုတယ်၊ ယောဟိုတယ်တွေအားလုံးက မေတ္တာနဲ့ တည်းခိုဖို့ ကမ်းလှမ်းကြတယ်။ အားလုံးရဲ့ စေတနာမေတ္တာကို လက်ခံချင်ပေမယ့် ကျွန်မတို့ အားလုံးက တစ်နေရာတည်းမှာ တစုတစည်းတည်းရှိနေမှ စီစဉ်သွားလာရတာ လွယ်ကူမှာ ဖြစ်တဲ့အတွက် 'ယော' ဟိုတယ်ကိုပဲ ရွေးချယ်လိုက်ရပါတယ်။ ဟိုတယ်ပိုင်ရှင်ဖြစ်တဲ့ ဦးမြင့်မူ+ဒေါ်သီတာဝင်းတို့ မိသားစုကလည်း စေတနာသဒ္ဓါတရားထက်သန်လှတယ်။ ဆောက်လုပ်ပြီးစ အသစ်စက်စက် အဆင့်မြင့် 'ယော' ဟိုတယ်မှာ ကျွန်မတို့အဖွဲ့ စိတ်ချမ်းမြေ့စွာတည်းခိုအိပ်စက်ခဲ့ရတယ်။

**အလင်းကုသိုလ်ယူကြပြီ**

၃၀. ၅. ၂၀၁၇ ရက် နံနက်ပိုင်းမှာတော့ ဂန့်ဂေါဆေးရုံဝင်းထဲမှာ လူနာတွေပျားပန်းခပ်မျှ များပြားနေပါပြီ။ ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်းဆွေနဲ့ ဆေးရုံဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့သားတွေက စနစ်တကျစီစဉ်ပေးနေတယ်။ ကျွန်မတို့နဲ့အတူပါလာတဲ့ ပရဟိတညီအစ်မတွေဖြစ်တဲ့ ဒေါ်နန်းကြည်အောင်၊ ဒေါ်ကြင်ငွေ၊ ဒေါ်ချိုချိုမာနဲ့ ရုပ်ရှင်မင်းသမီး လှမျိုးသဉ္ဇာနွယ်တို့က ဆေးရုံအုပ်ကြီးဇနီး ဒေါ်ခိုင်ခိုင်မြင့်၊ မြို့ခံပရဟိတညီမလေးတွေနဲ့အတူ မဏ္ဍပ်ထဲဝင်ပြီး လာသမျှ လူနာတွေကို အမြင်အားယူပေးနေကြပြီ။ ပြီးတာနဲ့ မျက်စိဆရာဝန်တွေရှိတဲ့ နေရာကို မြို့ခံ NGO အဖွဲ့ဝင်တွေက ပို့ဆောင်ပေးနေကြပြီ။ အဲဒီကမှ ဆေးပေးသင့်တဲ့သူကို ဆေးပေး၊ မျက်မှန်လိုတဲ့သူကို မျက်မှန်စမ်းတဲ့နေရာပို့၊ ခွဲရမယ့်လူကို အမှတ်အသားလုပ်ပေးပြီး သွေးစစ်ဖို့၊ မှန်ပါဝါတိုင်းဖို့ နေရာတွေခွဲပြီး အလုပ်လုပ်နေကြပြီ။ ဒေါက်တာ ရဲခိုင်ကျော်နဲ့ ဆရာမ ဒေါ်အေးရည်မွန်သန့်က မှန်ပါဝါတိုင်းနေပြီ။ ဦးဝင်းနိုင်ထွန်းက မျက်မှန်စမ်းနေပြီ။မျက်မှန်လိုတဲ့သူတွေကို အစ်မကြီးဒေါ်မြမြဝင်း(တောင်ထိပ်ပန်းပွင့်)နဲ့ ဆေးကျောင်း သူလေး ခင်ပြည့်စုံသူတို့က မျက်မှန်တွေ ပေးနေကြပြီဖြစ်ပါတယ်။

လာပြတဲ့ လူနာတွေက ဂန့်ဂေါ၊ ဆော၊ ထီးလင်း၊ ကျောက်ထု၊ မတူပီမြို့တွေက ဖြစ်ပါတယ်။ ဒီလောက်လူတွေအများကြီးကို တစ်ချိန်တည်းမှာ တစ်ခါတည်း ခွဲစိတ်ကုသပေးတာ၊ အခမဲ့စစ်စစ်ဖြစ်တာမို့ တစ်ကြိမ်မှ မကြုံဖူးလို့ အားလုံးဝမ်းသာကြည်နူးနေကြတယ်။

ယခင်ကာလတွေက ခရီးလမ်းပန်းအခက်အခဲတွေ ရှိခဲ့ပေမယ့် ယနေ့အချိန်မှာတော့ ကားလမ်း၊ ဝေဟင်လမ်းတွေနဲ့ သွားလမ်းလာလမ်းချောခဲ့ရပြီဖြစ်ပါတယ်။ လာပြသတဲ့ လူနာ၊ လူနာရှင်တွေအားလုံးကို ထမင်းကျွေး၊ ရေသန့်ဘူးတွေ လှူသလို မြို့ခံပရဟိတအဖွဲ့တွေကလည်း ဆန်ပြုတ်ပူပူနွေးနွေး တိုက်ကျွေးနေကြတယ်။ လူနာတွေတည်းခိုဖို့ ဆေးရုံနဲ့ ဘုန်းကြီးကျောင်းတွေမှာ ပြင်ဆင်စီစဉ်ပေးထားလို့ လူနာတွေ၊ လူနာစောင့်တွေ အဆင်ပြေနေကြတယ်။

ကျွန်မတို့ အားလုံးလည်း ပင်ပန်းနွမ်းနယ်ရပေမယ့် ပျော်နေကြတယ်။ ရာသီဥတုကလည်း အုံ့ဆြစရာ၊ လူနာတွေ တစ်လှေကြီးနဲ့ မိုးတွေများအုန်းခနဲ ရွာချရင် ဘယ်လိုလုပ်ရပါ့မလဲ။ တကယ်သာရွာမယ်ဆိုရင် ယာယီဆောက်ထားတဲ့ မဏ္ဍပ်က မလုံခြုံနိုင်တော့ ပူပန်မိတယ်။

စာမျက်နှာ ၇ သို့

# ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

(ယမန်နေ့မှ အဆက်)

**အခန်း (၆)**

**ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၄။ ကယ်ဆယ်ရေးအဖွဲ့များသည် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်ချိန်နှင့် ကျရောက်ပြီးနောက် ကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ ကွပ်ကဲကြပ်မတ်မှုဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည်-

(က) ကျရောက်ချိန်၌ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ပမာဏ၊ လမ်းကြောင်းများ ရှင်းလင်းမှုအခြေအနေ၊ သယ်ယူပို့ဆောင်ရေးယာဉ် စုစည်းရောက်ရှိမှု အခြေအနေတို့အပေါ် မူတည်၍ ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာ၊ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းခြင်း၊

(ခ) ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုခြင်း၊ လူနာများကို ဆေးကုသခြင်း၊ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းခြင်းနှင့် အရေးပေါ် လူနာများအား နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ခြင်း၊

(ဂ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အလျင်အမြန်ဆောင်ရွက်ခြင်း၊ ပျက်စီးနေသော အဆောက်အအုံများ၊ ပိတ်ဆို့နေသော လမ်းများအား လူ၊ စက်ယန္တရားအင်အားတို့ဖြင့် အမြန်ဆုံး ဖယ်ရှားရှင်းလင်းခြင်း၊

(ဃ) ပျောက်ဆုံးနေသူများကို ရှာဖွေခြင်းနှင့် လူသေအလောင်းများအား အမည်၊ နေရပ်ဖော်ထုတ်ခြင်း၊ သင်္ဂြိုဟ်ခြင်း၊

(င) သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံး စသည့် လူဦးရေစာရင်းဇယားများ ကောက်ယူခြင်း၊

(စ) ခိုလှုံရန်နေရာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသည့် လူဦးရေ၊ အိမ်ထောင်စုဦးရေ၊ စာရင်းဇယားများကို စာရင်းကောက်ယူပြုစု၍ သတ်မှတ်ထားသော ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

(ဆ) ဘေးအန္တရာယ် ထပ်မံမကျရောက်အောင် ကာကွယ်ရေး၊ ရောဂါဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းပြီးချိန်၌ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကိုယ်လက်လှုပ်ရှားမှုစသော ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ရန် ထူထောင်ပေးခြင်း၊

(ဇ) အာဟာရပြည့်ဝစေရန် စီစဉ်ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ဆေးထိုးခြင်းနှင့် တိုက်ကျွေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်နှင့် မျှတစွာခွဲဝေသုံးစွဲရေး ဆောင်ရွက်ပေးခြင်း၊ စနစ်ကျသော အညစ်အကြေးစွန့်ပစ်မှု စီစဉ်ပေးခြင်း၊

(ဈ) ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြွေဆိုးအန္တရာယ်၊ ထိခိုက်အန္တရာယ်၊ ရေနစ်ခြင်း စသည်တို့အတွက် ပညာပေးခြင်း၊

(ည) ကျွဲ၊နွား၊ တိရစ္ဆာန်များအား ဘေးလွတ်ရာနယ်မြေသို့ ပြောင်းရွှေ့ခြင်း၊ တိရစ္ဆာန်အစားအစာ စီစဉ်ပေးခြင်းနှင့် ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေဆုံးမှုစာရင်းပြုစုခြင်း၊

(ဋ) ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသူများအား အန္တရာယ်ကင်းရှင်းသည့်အခါ မူလနေရာအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုပါက ညွှန်ကြားချက်ရရှိမှသာ ပြောင်းရွှေ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

**အခန်း (၇)**

**တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၅။ မည်သူမျှ မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခု ပေါ်ပေါက်နေသည့်အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ လုပ်ငန်းသုံးယာဉ်၊ စက်ယန္တရားကိုဖြစ်စေ၊ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၆။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ကော်မတီကထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၈)**

**အထွေထွေ**

၁၈။ ကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် မိမိလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံနိုင်သည်။

၁၉။ ကော်မတီအဆင့်ဆင့်သည် ဖြစ်ပွားမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကာကွယ်စောင့်ရှောက်ရေးအခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများမှ အချိန်မီသတင်းရရှိရေး ဆောင်ရွက်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၂၀။ ဤဥပဒေအရ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကိစ္စတစ်ရပ်ရပ်အတွက် သဘောရိုးဖြင့်ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၁။ ကော်မတီသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲပြည်ထောင်စုဥပဒေများအရ မီးဘေး၊ သဘာဝဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီများ၊ အဖွဲ့များနှင့်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၂၂။ အစိုးရအဖွဲ့သည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းရေးဆွဲ တောင်းခံနိုင်သည်။

၂၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် ကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

စာမျက်နှာ ၆ မှ

ဒါပေမယ့် တစ်ခါတစ်ရံ မိုးပြေးလေးလောက်သာရွာချပြီး နေသာတဲ့ အချိန်တွေကများတော့ သုံးရက်အတွင်းမှာ လူနာပေါင်း ၂၇၁၄ ဦးကို အနှောင့်အယှက်ကင်းကင်း ကြည့်ပေးနိုင်ခဲ့တယ်။ ဆေးဝါးမျက်စဉ်းတွေ လိုသလောက် ပေးနိုင်ခဲ့တယ်။ ၂၄၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့တယ်။ မျက်မှန် ၁၂၄၈ လက် ပေးနိုင်ခဲ့တယ်။

ခွဲစိတ်ခန်းထဲမှာ မမဒေါက်တာ ဒေါ်သန်းသန်းထွေး၊ ဒေါက်တာ ဦးမောင်မောင်မြင့်၊ ဒေါက်တာ စောသွင်မွန်သိန်းနဲ့ ဒေါက်တာတင်ထူးအောင် (ပခုက္ကူ)တို့က ဆရာမ ဒေါ်အေးအေးမြင့်၊ ဒေါ်မြသန်းရင်၊ ဒေါ်ဖြူဖြူမြတ်၊ ဒေါ်နန့်သင်းစပယ်ကြိုင်၊ ဒေါ်ခင်မျိုးမျိုးအေး၊ ပခုက္ကူက လာကူတဲ့ ဆရာမဒေါ်မိုးသူ၊ ဒေါ်ဖြူဖြူဆွေ၊ ကိုချစ်ကုဋ္ဌေဝင်းတို့နဲ့အတူ မထတမ်းခွဲပေးနေကြတယ်။

ပြင်ပလူနာကြည့်တဲ့ဘက်မှာလည်း အနောက်ပိုင်းဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်ရီက ဦးဆောင်ပြီး ဒေါက်တာ ဉာဏ်ဖြိုးအောင်၊ ဒေါက်တာပြည့်ဖြိုးပိုင်၊ ဒေါက်တာ နိုင်လင်းထူး၊ ဒေါက်တာ နုမြမွန်၊ ဒေါက်တာ ဆုမြတ်ဝေတို့က ကြည့်ပေးနေခဲ့ကြတယ်။ အနောက်ပိုင်း ဆေးရုံသူနာပြုအုပ် ဒေါ်စောရွှေနဲ့ ဂန့်ဂေါမြို့သူ ဆရာမ ဒေါ်အေးမြင့်သူတို့က ဆေးပေးတဲ့နေရာ၊ သွေးဖောက်တဲ့နေရာတွေမှာ ဂန့်ဂေါဆေးရုံက တာဝန်ရှိသူ ဆရာဝန်၊ ဆရာမတွေကို ကူညီပေးနေကြတယ်။

အခုလို စုပေါင်းအားတွေနဲ့ တက်ညီလက်ညီ မခိုမကပ် လုပ်ခဲ့ကြလို့သာ ယောနယ်သူ နယ်သားတို့ကို အလင်းတွေ ပေးနိုင်ခဲ့တာဖြစ်တယ်။ ၂ ရက်နေ့ မနက်မှာ ခွဲစိတ်ပြီးတဲ့ လူနာ ၂၄၆ ဦးကို မဏ္ဍပ်ထဲမှာ နေရာယူစေတယ်။ ဝန်ကြီးချုပ်ဒေါက်တာ အောင်မိုးညိုနဲ့ တာဝန်ရှိသူတွေက လာရောက်အားပေးခဲ့တယ်။ ကျွန်မတို့က ရှောင်ရန်၊ ဆောင်ရန်တွေကို ဟောပြောနေတဲ့အချိန်မှာ ပြည်သူတွေနဲ့ ကျွန်မတို့အဖွဲ့ အတိုင်အဖောက်ညီညီ အမေးအဖြေတွေနဲ့ ပြောနေကြတာကိုကြည့်ပြီး ပီတိဖြစ်နေကြတယ်။ ဒီလိုရခဲ့တဲ့ အခွင့်အရေးကို ရရှိခဲ့ပြီးဖြစ်လို့ မိမိကိုယ်ကိုယ် ဂရုစိုက်ကြဖို့၊ မျက်စိမြင်ပြီဆိုတာနဲ့ ဝမ်းသာမနေဘဲ တရားဘာဝနာကိုလည်း မမေ့မလျော့ အားထုတ်ကြဖို့ဝန်ကြီးချုပ်က လူအုပ်ကြီးကိုမှာနေတယ်။ ကျွန်မတို့မှာလည်း ယောနယ်က ပြည်သူတွေ ဆီးချို၊ သွေးတိုး အရမ်းများနေကြတာတွေ့လို့ ကျန်းမာရေးပညာပေးတွေကိုပါ တစ်ပါတည်း ပြောဟောခဲ့ရတယ်။

ခွဲစိတ်ပြီးတဲ့သူတွေ အားလုံးမြင်သွားကြပြီမို့ ပျော်ရွှင်နေကြတယ်။ ဒီတော့လည်း ဒီခရီးစဉ်ကြီးဖြစ်မြောက်စေဖို့ လှူဒါန်းကူညီပေးခဲ့တဲ့ အလှူရှင်တွေကို ကျေးဇူးစကားဆိုချင်မိတယ်။ ဒီခရီးစဉ်ရဲ့အဓိက အလှူရှင်ကတော့ ဦးအောင်မြတ် (Mother Trading Co.) ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကျွန်မတို့ရဲ့ မျက်စိခွဲစိတ်ခရီးစဉ်တွေမှာ လှူဒါန်းပေးခဲ့တဲ့ ပင်တိုင်အလှူရှင်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် မျက်တွင်းမှန် ၁၀၀ ကို လှူဒါန်းခဲ့တဲ့ 'မြ'မျက်တွင်းမှန်အလှူအဖွဲ့မှ ဦးငွေဝင်း၊ ပါဝါမျက်မှန်အလှူ

**ဒီလိုရခဲ့တဲ့အခွင့်အရေးကို ရရှိခဲ့ပြီးဖြစ်လို့ မိမိကိုယ်ကိုယ် ဂရုစိုက်ကြဖို့၊ မျက်စိမြင်ပြီဆိုတာနဲ့ ဝမ်းသာမနေဘဲ တရားဘာဝနာကိုလည်း မမေ့မလျော့အားထုတ်ကြဖို့ ဝန်ကြီးချုပ်က လူအုပ်ကြီးကိုမှာနေတယ်။ ကျွန်မတို့မှာလည်း ယောနယ်က ပြည်သူတွေ ဆီးချို၊ သွေးတိုး အရမ်းများနေကြတာတွေ့လို့ ကျန်းမာရေးပညာပေးတွေကိုပါ တစ်ပါတည်းပြောဟောခဲ့ရတယ်။**

ရှင်ဖြစ်တဲ့ စင်ကာပူနိုင်ငံမှ Changi Rotary: CLUB နဲ့ ဦးစိုင်းကိုကိုအောင် မိသားစု၊ ဆေးပစ္စည်းများ လှူဒါန်းခဲ့တဲ့ Zifam ဆေးကုမ္ပဏီတို့နဲ့အတူ ကျွန်မတို့အဖွဲ့ ဂန့်ဂေါမြို့ရောက်ခိုက်မှာ အဘက်ဘက်က ကူညီပေးခဲ့တဲ့ ခရိုင်ဥက္ကဋ္ဌ ဦးဝင်းဇော်နိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယမင်းလှိုင်တို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**မြစ်သာကမ်းနံဘေးက ချစ်စရာအလွမ်းပန်းချီ**

အပြန်မှာ မြစ်သာမြစ်ကြိုးတံတားပေါ် သွားပြီး အမှတ်တရ ဓာတ်ပုံတွေရိုက်ကြတယ်။ မြစ်သာမြစ်ရဲ့ အပေါ်မှာ အရှေ့ဂန့်ဂေါနဲ့ အနောက်ဂန့်ဂေါကို ရင်ချင်းဖောက်ထားတဲ့ ကြိုးတံတားက တလှုပ်လှုပ် တငြိမ့်ငြိမ့်ရှိနေတယ်။ မကြာခင်မှာ အသစ်ပြန်လည်ပြုပြင်ဖို့ စီစဉ်နေပြီလို့ ဝန်ကြီး ဦးမြင့်ဇော်က ပြောပါတယ်။

ကြိုးတံတားရဲ့အလွန်မှာ 'စွယ်တော်ရှင်စေတီတော်'ကို ဖူးမြော်ရတယ်။ မုံလယ်တရားကျောင်းမှ ခေါင်းလောင်းသံ ချိုမြမြကိုလည်း ကြားနေရတယ်။ ဟိုးတစ်ဖက်မှာတော့ 'မဲနက်တောင်တန်းကြီး'နဲ့ ပုံတောင်၊ ပုံညာကို မြင်နေရတယ်။ ကျေးဇူးတော်ရှင် မုံလယ်ဆရာတော်ကြီး သီတင်းသုံးခဲ့တဲ့ မုံလယ်တောရကို ကျွန်မတို့ အရောက်သွားခဲ့တယ်။

ကျေးငှက်သာရကာလေးတွေ တတီတီတကျာကျာနဲ့ သစ်ရိပ်ဝါးရိပ်တရားရိပ်က ကျွန်မတို့ရဲ့ ရင်ကို ငြိမ်းချမ်းစေတယ်။ တရားရိပ်ဟာ လောကလူသားတွေရဲ့ အပူတွေ၊ ဇောတွေ၊ ကိလေသာတွေကို တဒင်္ဂတော့ ငြိမ်းအေးသွားစေတာအမှန်ပါပဲ။

**လွမ်းတယ်ဂန့်ဂေါရဲ့မြေ**

၁ ရက်နေ့ညမှာ အားလုံးအောင်မြင်ပြီးစီးခဲ့ပြီမို့ ဂန့်ဂေါမြို့ရဲ့ တာဝန်ရှိသူတွေက ကျွန်မတို့အဖွဲ့ကို ဂုဏ်ပြုညစာစားပွဲနဲ့ ဧည့်ခံခဲ့တယ်။ မြစ်သာခန်းမထဲမှာ မြို့ခံ ပရိမိယာတေးဂီတအဖွဲ့ရဲ့ တေးသံသာတွေအောက်မှာ ကျွန်မတို့အားလုံး အမောတွေပြေခဲ့တယ်။ ကိုစော (ဒေါက်တာစောသွင်မွန်သိန်း)က 'လတ်တီး'သီချင်းဆိုတော့ ကျွန်မတို့အားလုံး စင်ပေါ်ရောက်ကုန်ကြတယ်။ ကျွန်မတို့အဖွဲ့ တေးသီချင်းနဲ့အတူ ကခုန်နေကြတာကိုကြည့်ပြီး ဝန်ကြီးချုပ်နဲ့ မြို့ခံတာဝန်ရှိသူတွေက အံ့ဩနေကြတယ်။ တစ်နေ့လုံး ခွဲစိတ်ခန်းထဲမှာ ခွဲစိတ်ကြ၊ လူနာတွေကြည့်ပေးကြနဲ့ပင်ပန်းနေခဲ့ကြပေမယ့် ခုတော့လည်း စင်ပေါ်မှာ တက်ကြွပျော်ရွှင်နေနိုင်ကြတာကလည်း အံ့ဩမယ်ဆို အံ့ဩလောက်ပါရဲ့။ ဒီခရီးစဉ်ကြီး အောင်မြင်ချောမွေ့ဖို့ စိတ်ရောလူရော ပင်ပန်းခဲ့ရသူလည်းဖြစ်တဲ့ ဒေါက်တာနေလင်းဆွေကတော့ ခုမှပဲ အလုံးကြီးကျဆိုသလို စင်ပေါ်မှာ တေးသရုပ်ဖော်တွေနဲ့ ဖျော်ဖြေနေလေရဲ့။ သူနဲ့အတူ ဂန့်ဂေါခရိုင် လဝကမှူး ဦးအောင်ခင်ကလည်း ဆယ်ကျော်သက်တွေတောင်နောက်ကောက်ကျလောက်ပါရဲ့။ ကိုင်ဇာရဲ့ သီချင်းတွေနဲ့ သီဆိုသရုပ်ဖော်နေလိုက်ကြတာ အားလုံးအတောမသတ် ရယ်မောလို့မဆုံးဖြစ်ခဲ့ရတယ်။ ပင်ပန်းနွမ်းနယ်ခဲ့သမျှတွေ တဒင်္ဂအတွင်း ပြေလျော့ခဲ့ကြရတယ်။ နောက်တစ်နေ့မှာ ကျွန်မတို့အားလုံး ပြန်ကြရတော့မယ်။ အားလုံးကို နှုတ်ဆက်လက်ပြရင်း ကျေးဇူးစကားတွေ အပြန်အလှန်ဆိုနေချိန်မှာ ပရိမိယာတေးဂီတအဖွဲ့ရဲ့ နှုတ်ဆက်သီချင်းသံက လွမ်းမောဖွယ်ရာ ပျံ့လွင့်လာခဲ့တယ်။

"တောင်တွေကိုကျော်ကာရယ်. . . အေးချမ်းတဲ့မြို့လေးကို. . . ရောက်ဖူးတယ်

တောင်ခြေမှာ စိုစိုပြည် စိမ်းလန်းတဲ့. . . ယာခင်းတွေကြည်နူးဖွယ်. . .

အေးမြကြည်လင် . . . ချမ်းမြေ့တယ်. . . မြစ်သာမြစ်ရဲ့ တစ်နေရာကမ်းနံဘေးဝယ်. . .

ယောမြေကို သတိရတယ်. . . မြစ်သာမြစ်ရဲ့ ရေကိုသတိရတယ်

ယောမလေးရယ်. . . သတိရတယ်

လွမ်းတယ်. . . . ဂန့်ဂေါရဲ့မြေ"

အပြန်မှာ အဲဒီသီချင်းလေးက ကျွန်မတို့ရဲ့ နှလုံးသားနဲ့အတူ ပါလာခဲ့တယ်။

ယောနယ်က ယောညီအစ်ကိုမောင်နှမတွေကရော ကျွန်မတို့ကို လွမ်းနေပါရဲ့လား။

တကယ်လည်း လွမ်းမိပါတယ် ဂန့်ဂေါရဲ့မြေ။ ။

## ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

(Facilitate) လုပ်ပြီး UEHRD ရဲ့ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် ဦးဆောင်ပြီး လုပ်ငန်းအဖွဲ့ (Task Force)တွေ ဖွဲ့ထားပါတယ်။ လုပ်ငန်းအဖွဲ့တွေထဲမှာ အဆောက်အအုံတွေ ပြန်လည်တည်ဆောက်ဖို့၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေလုပ်ဖို့၊ စီးပွားရေးဇုန်တွေ ဖွံ့ဖြိုးဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့၊ အသေးစားငွေကြေးထောက်ပံ့ဖို့၊ အလုပ်အကိုင်ဖန်တီးပေးဖို့၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ စတာတွေကို လုပ်ရမှာဖြစ်ပါတယ်။

မောင်တောဒေသတစ်ခုလုံးအတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေလုပ်ဖို့ ပစ္စည်းတွေကို ရန်ကုန်ကနေသယ်ရပါမယ်။ တချို့ဟာတွေကို စစ်တွေကနေ ပို့ကြရမှာပါ။ ပို့တဲ့အချိန်မှာ ဘယ်လို အနေအထားတွေရှိသလဲဆိုတာ လာရောက် ကြည့်ရှုလေ့လာတာပါ။ မနေ့က ကညင်ချောင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနဲ့ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်တို့လာပြီး ဘယ်လောက်ထိအောင်အဆင်သင့်ဖြစ်နေပြီလဲဆိုတာ လာကြည့်သွားပါတယ်။

**မေး။ ကညင်ချောင်းစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး လက်ရှိအခြေအနေအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ဒီကို လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကနေ ပို့မယ့်တန်ချိန်ပေါင်း အနည်းဆုံး ၅၀၀ နဲ့ ၈၀၀ ကြားမှာရှိတဲ့ ကုန်ပစ္စည်းတွေကို ကညင်ချောင်းစီးပွားရေးဇုန်မှာ ချက်ချင်း သင်္ဘောကပ်ပြီး ချလို့ရတဲ့ အနေအထားအထိတောင် ဆောင်ရွက်လို့ရနေပြီဖြစ်ပါတယ်။ ဒါကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ကိစ္စတွေအတွက် အဆင်သင့် ဖြစ်မှုပါ။

ကညင်ချောင်းမှာ ကျွန်တော်တို့ဆီက ပြည်ပပို့ကုန်တွေထွက်နေပါတယ်။ ငါးတွေ ထွက်နေပါတယ်။ ဒီငါးတွေက ကားလမ်းနဲ့ပဲလာကြရပါတယ်။ ရောက်လာတော့လည်း ရောင်းတဲ့သူက ချက်ချင်းပဲ တစ်ဖက်နိုင်ငံကို ကူးပြီး ရောင်းရပါတယ်။ အဲဒီလိုရောင်းရတဲ့အခါမှာ သူတို့စိတ်ကြိုက်ဝယ်လို့ရတဲ့အတွက် ဝယ်သူဈေးကွက်ဖြစ်နေပါတယ်။ တကယ်လို့ ကညင်ချောင်း စီးပွားရေးဇုန်သာ အကောင်အထည်ဖော်ပြီးသွားရင် ဒီမှာရှိတဲ့ အအေးခန်းတွေမှာ ထားမယ်။ ဈေးကွက်အနေအထားပေါ် မူတည်ပြီး ကြိုက်မှ ရောင်းလို့ရတဲ့ အနေအထား၊ ရောင်းသူဈေးကွက်ဖြစ်လာမှာပါ။

**မေး။ ကညင်ချောင်းစီးပွားရေးဇုန် အနာဂတ်အခြေအနေနဲ့ပတ်သက်လို့ ဘယ်လို ဆောင်ရွက်သင့်တယ်ဆိုတာ သုံးသပ်ပြောကြားပေးပါ။**

ဖြေ။ ဒီမှာလည်း မူဆယ်နယ်စပ်မှာလုပ်သလို ကညင်ချောင်းစီးပွားရေးဇုန် ဖြစ်သွားတာနဲ့ တစ်ပြိုင်နက်တည်း နယ်နိမိတ်သတ်မှတ်ပြီး ဘောင်ခတ်မှာပါ။ ကန့်သတ်ထားတဲ့ဇုန်အတွင်းမှာ ဝယ်မယ့်သူတွေက လာမယ်၊ ကြည့်မယ်၊ ပစ္စည်းကိုဝယ်မယ်၊ ပြီးရင် ပြန်သွားမယ်။ ဒီလို အခွင့်အရေးတွေပဲမဟုတ်ပါဘူး။ အခြားလုပ်နိုင်တာတွေလည်း အများကြီးရှိပါတယ်။ ဒီဒေသနဲ့ဆက်စပ်ပြီး အထည်ချုပ်စက်ရုံလုပ်နိုင်မလား။ စီးပွားရေးဇုန်ဖြစ်တဲ့အတွက် ထုတ်လုပ်မှုရော၊ စီးပွားရေးတိုးတက်ဖို့အတွက်ရော စဉ်းစားလုပ်ကိုင်ရမှာပါ။ ရောင်းသူဈေးကွက် ဖြစ်အောင် လုပ်နိုင်တာနဲ့ တစ်ပြိုင်နက်တည်း ကျန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရော ဖွံ့ဖြိုးတိုးတက်လာပါမယ်။ ဒါ့အပြင် ဒီဘက်ကနေ ဘာပြန်ပို့မလဲဆိုတာ စဉ်းစားလုပ်ဆောင်ရပါမယ်။

လက်ရှိဒေသအတွင်းမှာ ထုတ်လုပ်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှု အစည်းအဝေးမှာ ကျွန်တော်တို့ဘက်က အကြံပြုချက်ရှိပါမယ်။ ဒီဟာတွေကို ဦးဆောင်ပြီး အကောင်အထည်ဖော်မယ့်သူတွေလည်း ပါလာပါတယ်။ ဒီဒေသဖွံ့ဖြိုးဖို့အတွက် အခုအချိန်မှာ အင်တိုက်အားတိုက် အကောင်အထည်ဖော်လိုက်မယ်ဆိုရင် လက်ရှိအနေအထားထက် အခွင့်အလမ်းတွေ ပိုပြီးထွက်ပေါ်လာမယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

**ဦးအောင်မြင့်သိန်း(မောင်တောဒေသကုန်သည်များဥက္ကဋ္ဌ၊ ကုန်သွယ်ရေးဇုန်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး)**

**မေး။ ကညင်ချောင်းစီးပွားရေးဇုန်ရဲ့ သမိုင်းအကျဉ်းနဲ့ စီးပွားရေးဇုန်အဖြစ် တိုးချဲ့ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ အရင်ကတော့ ကုန်သွယ်ရေးဇုန်ပေ့ါ။ အခုအခါမှာတော့ စီးပွားရေးဇုန်ပေ့ါ။ ပထမ စခဲ့တာက ကုန်သွယ်ရေးဇုန်နဲ့ စခဲ့တာပါ။ သူ့အခြေခံဖြစ်ပေါ်လာတဲ့ အကြောင်းတရားတွေကတော့ တစ်ဖက်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ လူဦးရေ သန်း ၁၆၀ ရှိပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် လူဦးရေသန်း ၅၀ ကျော်ရှိပါတယ်။ အဲဒီလို



ဦးအောင်ကြည်စိုး





ဦးအောင်မြင့်သိန်း



ဦးကျော်သူ

ကျွန်တော်တို့ထက် လူဦးရေသုံးဆလောက်များနေတဲ့ နိုင်ငံဖြစ်ပြီးတော့ ဧရိယာအကျယ်အဝန်းကို ပြန်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ရှမ်းပြည်သာသာလောက်ပဲရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိုက်ပျိုးမြေနေရာရှားပါးတယ်။ မွေးမြူရေးလုပ်ဖို့မြေနေရာ ရှားပါးတယ်။ အဲဒီအတွက်ကြောင့် သူတို့ဟာ အခြေခံစားကုန်တွေနဲ့ ပတ်သက်ပြီးတော့ အမြဲတမ်းဝယ်လိုအားများနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အဲဒီဈေးကွက်ကို အစကတည်းက ရည်ရွယ်ချက်ရှိခဲ့တာပါ။ အဲဒီလိုပဲ တစ်ချိန်တည်းမှာ မြန်မာတစ်နိုင်ငံလုံးရဲ့ နယ်စပ်အပေါက် ကိုးခုထဲမှာ ပို့ကုန်အသာစီးရထားတာ၊ ပို့ကုန်က ၉၀ ရာခိုင်နှုန်း၊ သွင်းကုန်က ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ ကုန်သွယ်ရေးစခန်းဖြစ်နေတာက ကျွန်တော်တို့ရဲ့ အခြေခံအကြောင်းတရားတွေပဲဖြစ်ပါတယ်။

**မေး။ ဒီစီးပွားရေးဇုန်ရဲ့ အားသာချက်၊ ရရှိနေတဲ့ အကျိုးအမြတ်နဲ့ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် ဘယ်လောက်အထိ ထိခိုက်နစ်နာသွားတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ မောင်တောနယ်စပ်ကုန်သွယ်ရေးကို ၁၉၉၁ ခုနှစ်ကစပြီးတော့ လုပ်ကိုင်လာတာ ဒီနေ့အချိန်အထိ အမေရိကန်ဒေါ်လာတစ်မျိုးတည်းကိုပဲ အသုံးပြုပြီး လုပ်ကိုင်လာတာ ဖြစ်ပါတယ်။ ဒါကာငွေ၊ ကျပ်ငွေတွေနဲ့ လုပ်ကိုင်ခဲ့တာ မရှိပါဘူး။ အခွန်ဆိုရင်လည်း နှစ်ရာခိုင်နှုန်းနဲ့ မဟုတ်ဘဲ ရန်ကုန်မှာလုပ်နေတဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလိုပဲ လုပ်ကိုင်နေတဲ့အတွက် နိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်။

အဓိကက လူဦးရေ ပထဝီ၊ စီးပွားရေးအရ ကြည့်မယ်ဆိုရင်လည်း လူဦးရေအလွန်များနေတယ်။ နံပါတ်နှစ်ကတော့ ဒေါ်လာတစ်မျိုးတည်းကိုပဲ ကိုင်တွယ်ပြီးလုပ်တာဖြစ်ပါတယ်။ နံပါတ်သုံးကတော့ ပို့ကုန်အသာစီးရတယ်ဆိုတဲ့ အခြေခံအကြောင်းရင်းပဲဖြစ်ပါတယ်။ ဒီကုန်သွယ်ရေးဇုန် လတ်တလောဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကတော့ ၂၀၁၂ ခုနှစ် ပြဿနာလို့လည်းပြောလို့ရပါတယ်။ ၂၀၁၂ ခုနှစ် ဇွန်လမတိုင်ခင် နယ်စပ်ကုန်သွယ်ရေးရုံးချုပ်ကနေ သတ်မှတ်ထားတဲ့ လျာထားချက်တွေရှိပါတယ်။

အဲဒီ လျာထားချက်တွေကို ၁၀၀ ရာခိုင်နှုန်းလျာထားပြီး ၁၂၀၊ ၁၂၅ ရာခိုင်နှုန်းအထိ အကောင်အထည်ဖော်နိုင်ပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်း မောင်တောဖြစ်စဉ်ဖြစ်ပြီးနောက် ကုန်သွယ်မှုပမာဏဟာ ၆၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားပါတယ်။

**မေး။ စီးပွားရေးဇုန်ဖြစ်ပေါ်လာအောင် အချိန်ဘယ်လောက်ယူပြီး ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ကျွန်တော်က နယ်စပ်ကုန်သွယ်ရေးဥက္ကဋ္ဌလည်းဖြစ်တယ်။ ဒါကို ဘယ်လိုနည်းနဲ့ လုပ်ကြမလဲဆိုပြီး စဉ်းစားတဲ့ အခါမှာ ကျသွားတဲ့ ကုန်သွယ်ရေးပမာဏ ပြန်တက်ဖို့အတွက် ဒီကုန်သွယ်ရေးဇုန်ကို ဒီအခြေအနေမှာ လူကြီးတွေကလည်း ဒီဒေသကို အဆင်ပြေအောင်လုပ်ပေးမယ်ဆိုပြီး အဲဒီအချိန်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်ကို ကျွန်တော်တို့ကိုယ်တိုင်ပဲ ဒီကိစ္စကို အချက်လေးချက်နဲ့ တင်ပြခဲ့ပါတယ်။

ဒါပေမယ့် နောက်ဆုံး အကောင်အထည်ပေါ်လာတာကတော့ ၂၀၁၅ ခုနှစ် အောက်တိုဘာလလောက်မှာ စပြီးတော့ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို တည်ဆောက်ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ကုန်သွယ်ရေးဇုန်ဖြစ်ပေါ်လာရတဲ့ အခြေခံအကြောင်းရင်းဖြစ်ပါတယ်။

ကညင်ချောင်းကုန်သွယ်ရေးဇုန် လုပ်လိုက်ခြင်းအားဖြင့် အကျိုးကျေးဇူးတွေရှိပါတယ်။ နံပါတ်တစ်ကတော့ အခုလုပ်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းက ရေတင်ပြီး ကောနေပါတယ်။ စက်လှေနဲ့ ၁၀ တန်လောက်ပဲ တင်လို့ရပါတယ်။ အခု ကညင်ချောင်းရွေးချယ်ထားတဲ့ နေရာဟာဆိုရင် စက်လှေနဲ့ တန် ၅၀၀၊ ၁၀၀၀ အထိ တင်လို့ရပါတယ်။ အဲဒါဟာ အားသာချက်ဖြစ်ပါတယ်။

ဒုတိယ အားသာချက်ကတော့ ဝယ်သူဈေးကွက်ကနေ ရောင်းသူဈေးကွက်ပါ။ ကျွန်တော်တို့ပစ္စည်းတွေဟာ ဘင်္ဂလားဒေ့ရှ်နယ်စပ်ကနေဝင်တယ်။ အဲဒါကို ရောင်းသူဈေးကွက်ဖြစ်ဖို့ ကျွန်တော်တို့ ရောင်းသူဈေးကွက်ကို ပြောင်းလဲလိုက်တာဖြစ်ပါတယ်။

တတိယကတော့ နောက်ဆုံးစားသုံးကုန်အနေနဲ့ မောင်တော ကညင်ချောင်းကုန်သွယ်ရေးဇုန်မှာ လာပြီးတော့ ဝယ်လို့ရအောင်ပါ။ အဲဒီမှာတော့ ပွဲစားတွေလုပ်ကြတာများတယ်။ ဒါကြောင့်လည်း ဒီလိုကုန်သွယ်ရေးဇုန် လုပ်လိုက်ရင် စစ်တကောင်း၊ ဒါကာမြို့ကြီးတွေက တိုက်ရိုက်လာပြီး ဝယ်လို့ရမယ်။ နောက်တစ်ခုကတော့ အခုဖြစ်ပေါ်နေတဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်း အကြမ်းဖက်ဖြစ်စဉ်တွေဖြစ်လာတဲ့အတွက် ဒါကို တစ်နည်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေဖြစ်စေချင်တယ်။

ဆင်းရဲတဲ့အခါကျရင် အကြမ်းဖက်သမားတွေက စိမ့်ဝင်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရှိပြီးတော့ အတိုင်းအတာတစ်ခုအထိ အဆင်ပြေနေလို့ရှိရင် အကြမ်းဖက်သမားတွေက အလွယ်တကူနဲ့ စိမ့်ဝင်လို့မရနိုင်ဘူး။ ဒါကြောင့် ဒီဒေသဟာ ဆင်းရဲမွဲတေတဲ့အတွက် အကြမ်းဖက်မှုဖြစ်စေတယ်။ အကြမ်းဖက်သမားတွေ စိမ့်ဝင်လို့လွယ်တယ်။ အကြမ်းဖက်သမားတွေရှိနေလို့လည်း ဆင်းရဲတယ်။ ဒါကြောင့် အခုလို ဒီနယ်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေဖြစ်ပေါ်ဖို့အတွက် ဖန်တီးပေးတာဖြစ်ပါတယ်။

**မေး။ စီးပွားရေးဇုန် အကောင်အထည်ဖော်ဖို့ ဘဏ္ဍာငွေရှာဖွေခဲ့ပုံနဲ့ သုံးစွဲဆောင်ရွက်ခဲ့မှုတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ပြည်မကလူတွေလည်း ဒီဘက်မှာစီးပွားရေးတွေ လာလုပ်လို့ရအောင်၊ ဒီနေရာမှာ လူဦးရေချိန်ခွင်လျှာလည်း သူ့ဟာနဲ့သူ အဆင်ပြေသွားအောင်ဆိုပြီး ရည်ရွယ်ချက်ငါးခု ပါပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘတ်ဂျက်မှာ အစအဆုံး အကောင်အထည်ဖော်တာကတော့ ပြည်နယ်အစိုးရက သိန်း ၆၀၀၀ ထည့်ပါတယ်။ ပုဂ္ဂလိကက သိန်း ၄၀၀၀ ထည့်ပါတယ်။ အဲဒီသိန်း ၁၀၀၀၀ နဲ့ အကောင်အထည်ဖော်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ အကြမ်းဖက်ဖြစ်စဉ်ကြောင့် အကောင်အထည်မပေါ်ခဲ့ပါဘူး။ ၂၀၁၇-၂၀၁၈ မှာတော့ ပုဂ္ဂလိကကဏ္ဍကနေဆက်ပြီး ပုဂ္ဂလိကက သိန်းပေါင်း ၇၀၀၀၊ အစိုးရအနေနဲ့ သူ့ဘတ်ဂျက်အလိုက် သိန်းပေါင်း ၁၅၀၀၀၊ သိန်းပေါင်း ၂၂၀၀၀ နဲ့ ပူးပေါင်းအကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အဲဒီလိုလုပ်နေတဲ့အချိန်မှာပဲ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းကလည်း ဒုတိယသမ္မတ ဦးမြင့်ဆွေနဲ့ UMFCCI မှာ အစည်းအဝေးတက်တဲ့အချိန် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်ပြီး လုပ်ပါမယ်ဆိုပြီး လွန်ခဲ့တဲ့လ အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။

အဲဒီလိုကုန်သွယ်ရေးဇုန်အဖြစ်ကနေ စီးပွားရေးဇုန်ဖြစ်ဖို့အတွက် ကြိုးစားနေတဲ့အချိန် တည်ဆောက်ရေးကာလ ပွင့်လင်းရာသီရောက်နေတဲ့အချိန်မှာပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်တဲ့ UEHRD အဖွဲ့နဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ ဖြစ်လာပါတယ်။ အခု ဒီဘက်ကို တော်တော်များများ လာပြီးလေ့လာကြပါတယ်။ UMFCCI ရဲ့ အတွင်းရေးမှူးချုပ် လာတယ်။ တမူးဘက်က နယ်စပ်ကုန်သွယ်ရေးဇုန်ဥက္ကဋ္ဌလည်း လာတယ်။ သစ်သီးဝလံအသင်းအတွင်းရေးမှူးကလည်း ဒီနေရာမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဘယ်လိုလုပ်မလဲဆိုတာ လာလေ့လာကြပါတယ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ်တို့ အကုန်လုံးလာပြီးတော့ ကြည့်ကြပါတယ်။ အဲဒီအတွက်ကြောင့် အရင်လုပ်ရတာထက် ပိုပြီးအားရှိပါတယ်။ လာရောက်တဲ့အဖွဲ့တွေကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။

**မေး။ စီးပွားရေးဇုန် ဧရိယာအကျယ်အဝန်းကိုလည်း သိချင်ပါတယ်။**

ဖြေ။ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်တဲ့အခါမှာ ဧရိယာထပ်မံတိုးချဲ့ပါတယ်။ ယခင်ကုန်သွယ်ရေးဇုန်ကတော့ ဧရိယာ ၄၉ ဒသမ ၆ ဧကဖြစ်ပါတယ်။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးကလည်း လုပ်မယ့်ကုမ္ပဏီကို ဧရိယာချဲ့ပြီး ဆွဲခိုင်းထားပါတယ်။ ဧက ၁၀၀ ထပ်မံတိုးချဲ့ပါတယ်။

**မေး။ တင်ပို့တဲ့ ပို့ကုန်အမျိုးအစားတွေကို သိပါရစေ။**

ဖြေ။ ပို့ကုန် ၉၀ ရာခိုင်နှုန်းထဲမှာ အမည်အများဆုံးကတော့ ရေထွက်ပစ္စည်းဖြစ်ပါတယ်။ ရေထွက်ပစ္စည်းကို အစိုရော၊ အခြောက်ရောပို့ပါတယ်။ အစိုမှာဆိုရင် ရေငန်ပုစွန်ရော၊ ရေချိုပုစွန်ရောဖြစ်ပါတယ်။ မွေးမြူရေးငါးသလောက်ကိုလည်း ရန်ကုန်ကနေ တိုက်ရိုက်ပို့တာပါ။ ဒီဘက်ကတော့ ငါးနီတူခြောက်က ပုံမှန်သွားနေတဲ့ပို့ကုန်ပါ။ ဒုတိယအနေနဲ့ကတော့ ဆန်ဖြစ်ပြီး ရာသီအလိုက် လေးငါးလလောက် ပို့ပါတယ်။ ပြီးရင် နှစ်လလောက်ရပ်ပါတယ်။ တတိယအနေနဲ့ကတော့ ချင်းစိမ်းတို့၊ မီးဖိုချောင်သုံးပစ္စည်းတွေပဲ ဖြစ်ပါတယ်။

**မေး။ ဒီဒေသရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လုပ်ကိုင်နိုင်ဖို့ အခြေအနေဘယ်လိုရှိသလဲဆိုတာ အကျဉ်းချုပ်လေး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ မောင်တောဒေသတစ်ခုတည်းမှာပဲ ပုစွန်မွေးမြူရေးဧက ၁၅၀၀၀ ကျော်ရှိပါတယ်။ သမားရိုးကျနည်းနဲ့ သိပ္ပံနည်းကျ မွေးမြူနိုင်ပါတယ်။ တစ်ဧကကို ကီလို ၃၀ နဲ့ တွက်ပါ။ ဧက ၁၅၀၀၀ ဆိုရင် ကီလိုပေါင်း ၄၅၀၀၀၀ စုစုပေါင်းတန်ချိန် ၄၅၀ ပါ။ အဲဒါဟာ အနည်းဆုံးနဲ့ တွက်ထားတာပါ။ ပုစွန်က ပြည်မကလည်းလာစရာမလိုဘူး။ ရခိုင်ပြည်နယ် တောင်ပိုင်းကလည်း လာစရာမလိုဘူး။ ရခိုင်ပြည်နယ်မြောက်ပိုင်းကပဲ ဒီဘက်ကိုလာပါ။ ဆိုလိုတာက ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော် အဲဒီဘက်ကလာရင် ပုစွန်တန်ချိန် ၉၀၀ အထိ ဖြစ်သွားနိုင်တယ်။

စာမျက်နှာ ၉ သို့

# ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ရှင်းလင်းပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ဆောင်ရွက်လိုသည့် ပြည်တွင်းနှင့် ပြည်ပစီးပွားရေး လုပ်ငန်းရှင်များအား ဖိတ်ခေါ်ရန် ရည်ရွယ်လျက် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ရှင်းလင်းပွဲကို ကျင်းပသည်။



အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ဝင်းက နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နိုင်ရန်ရည်ရွယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဗဟိုနှင့်နည်းတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်များကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကြားတွင် စီမံခန့်ခွဲမှုများ ပေါင်းစပ် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်မတူညီသည့် အခွင့်အလမ်းအခြေအနေများကို အနီးကပ်ဦးဆောင်နေသော အစိုးရအဖွဲ့များက စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်များကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံကို တိုးတက်အောင် ဆောင်ရွက်သည့်အခါ ဗဟိုနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသည် ဥပဒေနှင့်အညီ တစ်ပြေးညီထပ်တူထပ်မျှဆောင်ရွက်နိုင်မှသာ နိုင်ငံတစ်ဝန်းတွင် မျှတသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကြိုးစားဆောင်ရွက်သည့်အခါတွင်လည်း မတူညီသည့်စွမ်းအားစုများ၊ သယံဇာတများ စီးပွားရေးအထောက်အကူပြုနိုင်သည့် အချက်အလက်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဦးဆောင်လုပ်ကိုင်ခြင်းအားဖြင့် ပိုမို တိုးလာနိုင်မည်ဖြစ်ကြောင်း၊ ထိုနည်းတူ နိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ပြီး စီးပွားရေးလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ဖွဲ့ချင်း၊ တစ်စုချင်း ဆောင်ရွက်နေသည့် အတွေ့အကြုံများ၊ နည်းပညာများနှင့် ကျွမ်းကျင်မှုများကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်လိုက်ခြင်းအားဖြင့် ပိုမိုပြီးအားကောင်းသော စီးပွားရေးလုပ်ငန်းများ ဖြစ်လာမည်ဟု မျှော်မှန်းကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဦးဆောင်မှုအရည်အသွေး ပိုမိုအားကောင်းလာစေရန် ဗဟိုက ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပုဂ္ဂိုလ်များကိုဖိတ်ခေါ်ပြီး ဒေသမှာရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ဆွေးနွေးပွဲမှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် UMFCCI အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ SME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးကော်မတီအတွင်းရေးမှူးနှင့် စီးပွားရေးရာကော်မတီဝင်တို့က ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

**စာမျက်နှာ ၈ မှ**

ကျွန်တော်တို့ ပို့နေရတဲ့ပစ္စည်းဟာ ကုန်ကြမ်းအနေနဲ့ပါ။ အိတ်နဲ့ထည့်တယ်။ ဒီအတိုင်းပို့လိုက်တယ်။ အဲဒါကို ဘင်္ဂလားဒေ့ရှ်အစိုးရကနေပြီးတော့ စင်ကာပူကို တစ်ဆင့်ပို့တယ်။ သူတို့မဝယ်တဲ့အခါ အရည်အသွေးကျတာကို မခံနိုင်တဲ့အတွက် ဖြစ်သလိုထုတ်ရောင်းရတာမျိုး မဖြစ်ရအောင် ဒီနေရာမှာ အအေးခန်းစက်ရုံတစ်ခု မဖြစ်မနေ လုပ်ရတော့မယ်။

ဒုတိယက ဒီနေရာကနေသွားရင် ဘင်္ဂလားဒေ့ရှ်ကို တစ်နာရီပါ။ ဟိုကနေ ကားစီးရင် စစ်တကောင်းကို သုံးနာရီ၊ ဒါကာကိုဆိုရင် ခုနစ်နာရီလောက်ကြာမယ်။

စစ်တကောင်းကိုပဲပြောပါမယ်။ စစ်တကောင်းဆိုရင် ဒုတိယအထည်ချုပ်စက်ရုံ အများဆုံးရှိတဲ့နေရာပါ။ ဒီနေရာမှာ ဖြစ်စဉ်တွေမဖြစ်ခင် မြန်မာတစ်နိုင်ငံလုံးမှာ အမျိုးသမီး အလုပ်လက်မဲ့ဦးရေအများဆုံးမြို့ဖြစ်ပါတယ်။ အဲဒီအမျိုးသမီးတွေကို အထည်ချုပ်လုပ်ငန်းတစ်ခု ဒီနေရာမှာ လုပ်ကိုင်ခွင့်ပေးမယ်ဆိုရင် လုပ်သားလည်း ပေါပေါများများရမယ်။ အမျိုးသမီးတွေလည်း အလုပ်လုပ်နိုင်တဲ့အတွက်လည်း ဒီနေရာဟာ သင်တန်းတွေပေးလို့ရတယ်။

Family plan အနေနဲ့လည်း ပြောပြလို့ရမယ်။ ကျွန်တော်တို့ဒေသမှာ လူဦးရေကိုလည်း ထိန်းချုပ်နိုင်မယ်။ အဲဒီ အခွင့်အလမ်းတွေရရှိမယ်။ အဲဒီအထည်ချုပ်စက်ရုံကို ဒီနေရာကနေလုပ်ပြီးမှ ပို့မယ်ဆိုရင် ဒီကနေ စက်လှေပေါ်တင်ပြီးတော့ ဘင်္ဂလားဒေ့ရှ်ကို ခြောက်နာရီဆိုရင် သင်္ဘောဆိပ်ကိုရောက်နိုင်ပါတယ်။ အဲဒီအထည်ချုပ်စက်ရုံကို ထောင်ပြီးတော့ အအေးခန်းစက်ရုံကတော့ အဓိကပေါ့။ လုပ်ငန်းရှင်တွေလည်းလာကြတယ်။ သူတို့လေ့လာကြပြီးတော့ ဘာတွေလုပ်ကိုင်ကြမလဲဆိုတာလည်း တစ်ချက်ဖြစ်ပါတယ်။လုပ်ငန်းရှင်တွေကတော့ လာပြီးလေ့လာကြဆဲပဲဖြစ်ပါတယ်။

**ဦးကျော်သူ**

**အတွင်းရေးမှူး**

**မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း**

မောင်တောမြို့နယ် ကညင်ချောင်းစီးပွားရေးဇုန်ကို လေ့လာဖြစ်ပါတယ်။ လေ့လာတဲ့အခါ ရခိုင်ပြည်နယ်အတွက် သစ်သီးဝလံ၊ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက် ကဏ္ဍနဲ့ ပတ်သက်လို့ စဉ်းစားထားတဲ့ လုပ်ကိုင်လို့ရမယ့်ဟာကို အကြံပြုတင်ပြချင်ပါတယ်။ ပထမဆုံးအနေနဲ့ ချင်းကိုတွေ့ပါတယ်။ မြန်မာနိုင်ငံမှာ ချင်းက တစ်နှစ်ကို ပိဿာချိန် ၁၀ သိန်းကနေ သိန်း ၂၀ ကြားထွက်နေပါတယ်။ ထွက်တဲ့ထဲကမှ အများဆုံး ၈၀ ရာခိုင်နှုန်းက ဘင်္ဂလားဒေ့ရှ်ကို သွားပါတယ်။

ချင်းကို အများဆုံးစိုက်ပျိုးနေတာက ရှမ်းပြည်နယ်တောင်ပိုင်းမှာ စိုက်ပါတယ်။ အဲဒီချင်းတွေက ရန်ကုန်ကနေ စင်ကာပူကို သင်္ဘောနဲ့သွား၊ စင်ကာပူကတစ်ဆင့် စစ်တကောင်းဘက်ကို သွားနေတဲ့လမ်းကြောင်းရှိသလို သီပေါဘက်ကမှ စစ်တွေကိုလာပြီး ဒီဘက်ကိုပြန်လာတာလည်း ရှိပါတယ်။ ကုန်းလမ်းကနေလာပြီး မောင်တောဘက်ကနေ ထွက်နေတာလည်းရှိပါတယ်။

ဒါကြောင့် ၈၀ ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်ကို သွားတာဖြစ်တဲ့အတွက် အကယ်၍ ဒီဒေသမှာစိုက်ပြီး တစ်ဖက်နိုင်ငံကို ကပ်ပို့နိုင်မယ်ဆိုရင် ဒီဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း အများကြီးရမယ်။ သယ်ယူပို့ဆောင်ရေးစရိတ်တွေ အများကြီး သက်သာသွားရင် ရရှိတဲ့အမြတ်ငွေလည်း ပိုပြီးရရှိလိမ့်မယ်လို့ မြင်ပါတယ်။

ချင်းဆိုတာ သက်တမ်းအားဖြင့် ရှစ်လပဲရှိပါတယ်။ ဒီနှစ်စိုက်ပြီး ဒီနှစ်ထဲမှာပဲ ပြန်ရောင်းလို့ရတဲ့အနေအထားရှိပါတယ်။ ဒါ့အပြင် ချင်းက တန်ဖိုးမြင့်ထုတ်ကုန်တွေလည်း ထုတ်လုပ်လို့ရပါတယ်။ ကညင်ချောင်းစီးပွားရေးဇုန်မှာ ချင်းကိုတန်ဖိုးမြင့်ထုတ်ကုန်တွေ လုပ်နိုင်မယ်ဆိုရင် ကုန်ကြမ်းအတိုင်းရောင်းနေတာထက် အများကြီး ပိုပြီးဈေးကောင်းရနိုင်ပါတယ်။ နောက်တစ်ခုက လက်ရှိကညင်ချောင်းစီးပွားရေးဇုန်မှာ သင်္ဘောတွေကပ်ပြီး ကုန်တင်ကုန်ချလုပ်နိုင်နေပြီဖြစ်တဲ့အတွက် လက်ရှိအသုံးပြုလို့ရနေတဲ့အနေအထားရှိပြီ။ မကြာခင်မှာလည်း ရန်ကုန်က ဆောက်လုပ်ရေးပစ္စည်းတွေ တင်ဆောင်လာတဲ့ သင်္ဘောတွေ လာတော့မှာဖြစ်သလို ရေရှည်မှာလည်း ကုန်သွယ်ရေးလုပ်မယ့် သင်္ဘောတွေ ဒီဆိပ်ကမ်းမှာ လာကပ်ကြတော့မှာဖြစ်ပါတယ်။

အဲဒီအခါကျရင် သင်္ဘောတွေ ကုန်တွေနဲ့ ဒီကိုလာပြီး သွားရင် ဒီအတိုင်းပြန်သွားမှာလား။ ဒီဘက်က ဘာတွေပြန်သယ်လို့ရမလဲဆိုတာ စဉ်းစားရပါမယ်။ ကျွန်တော်မြင်တာကတော့ အုန်းသီးနဲ့ ငှက်ပျောသီးရှိပါတယ်။ ငှက်ပျောသီးဆိုရင် ၂၀၀၈ ခုနှစ်မတိုင်ခင်က ရန်ကုန်ဈေးကွက်က ဧရာဝတီတိုင်းဒေသကြီးကို အားကိုးရပါတယ်။ မြန်မာပြည်ရဲ့အနေအထားအရ အုန်းသီးနဲ့ ငှက်ပျောသီး လိုအပ်ချက်က ပြည်တွင်းမှာတင် အများကြီးရှိပါတယ်။

ရန်ကုန်မှာ ဈေးကွက်ကြီးရှိတယ်။ အဲဒီဈေးကွက်ကို ဧရာဝတီတိုင်းဒေသကြီးက အဓိကပံ့ပိုးပါတယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီးမှာ ဧရာဝတီတိုင်းဒေသကြီးက သိပ်မထွက်တော့တဲ့အတွက် ကျောက်ဆည်တို့၊ စစ်ကိုင်းတို့ဘက်က ဈေးကွက်ကို တင်သွင်းနေတာရှိပါတယ်။

ဒီဒေသမှာလည်း အုန်းပင်တွေ အများကြီးရှိတဲ့အတွက် အုန်းသီးပို့နိုင်မယ်။ ငှက်ပျောဆိုလည်း ဒီဒေသက နဂိုကတည်းက နာမည်ရှိပြီးသားဖြစ်တဲ့အတွက် ဒီလာတဲ့ သင်္ဘောတွေကိုသာ အပြန်ကုန်အနေနဲ့ ဒီကုန်တွေကို ပြန်ထည့်ပေးလိုက်နိုင်မယ်ဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့အလုပ်ပါ။ ဒါပြည်တွင်းဈေးကွက်အတွက် အထွေအထူး လုပ်စရာမလိုဘဲ ဈေးကောင်းကောင်းရနိုင်မှာပါ။

ငှက်ပျောဆိုရင်လည်း စိုက်မယ်ဆို ရာသီတိုတယ်။ တစ်နှစ်အတွင်းမှာထွက်မယ်။ တစ်ဧက အပင် ၄၀၀ လောက်ဆံ့ပါတယ်။ တစ်ဧက ခြောက်သိန်းရင်းရင် ခြောက်သိန်းလောက်မြတ်တယ်။ အရင်းထည့်လိုက်ရင် ၁၂ သိန်းလောက်ရတာဆိုရင်တော့ ရေတိုအတွင်းမှာ အဆင်ပြေနိုင်တဲ့အနေအထားပါ။ တခြားသီးနှံတွေလည်း လုပ်လို့ရတာတွေ အများကြီးရှိတယ်။

အာလူးလိုဟာမျိုးပေါ့။ ဒေသအလိုက် ရှိနေတဲ့ဟာမျိုးပေါ့။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်မှာပဲရှိတဲ့ အာလူးအမည်းသီးက ဟိုဘက်က အာလူးမျိုးတွေလိုမဟုတ်ဘူး။ ချင်းပြည်နယ်မှာ လုပ်တာဆိုရင် ရိုးရိုးတရုတ်ကဝင်တဲ့အာလူးက ဒီဒေသမှာ တစ်ပိဿာ ကျပ် ၄၀၀၊ ၅၀၀ ရတဲ့အချိန်မှာ အာလူးအမည်းတွေက တစ်ပိဿာ ကျပ် ၁၀၀၀ ရတယ်။ အဲဒါကို ရန်ကုန်ပို့လိုက်ရင် ကျပ် ၁၅၀၀ နဲ့ ၁၈၀၀ ကြားမှာရတယ်။ ပို့သလောက် အကုန်ကုန်တယ်။ ဒီမှာလည်း အဲဒီလိုအမျိုးအစားတူ အာလူးရှိတယ်။ ကျွန်တော်တို့က ပို့နိုင်တယ်ဆိုရင် ဈေးအများကြီးရနိုင်တယ်။ အဲဒါက ပြည်တွင်းမှာ ရေတိုသွားတဲ့ဟာပါ။ ရေတိုအတွင်းမှာ ဒီလိုလုပ်လို့ရသလို ရေရှည်မှာလည်း သီးနှံတွေစိုက်လို့ရတယ်။ ရေတိုနဲ့ ရက်ပိုင်းအတွင်းမှာ ပိုက်ဆံရတာရှိတယ်။

နှစ်လတ်၊ နှစ်ရှည်သီးနှံဖြစ်တဲ့ ကွဲကောဆိုရင်လည်း ဖြစ်ထွန်းတဲ့အနေအထားရှိတယ်။ ဈေးကွက်လည်းရှိတယ်။ ရေတိုသီးနှံကိုစိုက်ပြီးတော့မှ ရေရှည်အတွက်ကို သွားတာမျိုးလုပ်မယ်။ အုန်းသီးမှာဆိုရင်လည်း အဲဒီလိုပဲ။ စီးပွားရေးဇုန်မှာ တန်ဖိုးမြှင့်ကုန်စည်အဖြစ် တင်ပို့လို့ရမယ်။ ကျွန်တော်တို့ဆီမှာ နည်းပညာလည်းရှိပြီးသားဖြစ်တယ်။ အုန်းသီးအစုအဖွဲ့က ရန်ကုန်မှာ စက်ရုံလည်းထောင်ထားပြီးပြီ။ ကျွန်တော်တို့ဘက်ကနေပြီး နည်းပညာတွေ အကူအညီ ပေးနိုင်မယ်၊ လုပ်နိုင်မယ်ဆိုရင် ကညင်ချောင်းစီးပွားရေးဇုန်ကလည်း အချိန်တိုအတွင်းမှာ ခဏချင်းအောင်မြင်သွားပြီးတော့ တစ်ဖက်ကိုလည်း ဈေးကွက်အရ အသာစီးရထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပို့ကုန်က များနေတဲ့အခါ ဒီထက်ပိုပို့နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး။ စိုက်ပျိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး လုပ်ကိုင်နိုင်မယ့် အခြေအနေကို ဘယ်လိုလေ့လာတွေ့ရှိပါသေးသလဲ။**

ဖြေ။ စိုက်ပျိုးရေးမှာကတော့ သယံဇာတကိုထုတ်တဲ့လုပ်ငန်းမဟုတ်တဲ့အတွက် အကြိမ်ကြိမ် အဖန်ဖန်အခါခါ အများကြီးလုပ်လို့ရတယ်။ သဘာဝပတ်ဝန်းကျင်လည်း မပျက်စီးတဲ့ လုပ်ငန်းဖြစ်တယ်။ အဲဒီမှာ ရာသီသီးနှံရှိတယ်။ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ရှိတယ်။ ချင်းတို့၊ ငှက်ပျောတို့အတွက် ရာသီလည်းဖြစ်သလို ချက်ချင်းထွက်နိုင်တဲ့ သီးနှံဖြစ်တဲ့အတွက် ချက်ချင်းလက်ငင်း ဝင်ငွေရသွားတဲ့သီးနှံဖြစ်တယ်။

ဈေးကွက်မှာ ထူးခြားစွာ ဘင်္ဂလားဒေ့ရှ်က ၈၀ ရာခိုင်နှုန်း ဝယ်နေတဲ့ ချင်းလို အရာမျိုးဆိုရင် ဒီဒေသအနေနဲ့ မဖြစ်မနေစိုက်ကိုစိုက်သင့်တယ်။ ရှစ်လအတွင်းမှာလည်း ပြန်ပြီးတော့ငွေပေါ်တာဖြစ်တဲ့အတွက် အဝေးကြီးရှမ်းပြည်နယ်က သယ်နေမယ့်အစား အဲဒါမျိုးကိုပဲ ဒီဒေသမှာ စိုက်လိုက်ပြီး ဒီနားလေးတင် ကပ်ပို့လိုက်မယ်ဆိုရင် ဒေသခံတွေအနေနဲ့ အလုပ်အကိုင်လည်း အများကြီးရသလို ဝင်ငွေအခွင့်အလမ်းလည်း အများကြီးရလာမှာဖြစ်ပါတယ်။ အဲဒီလိုဟာမျိုးတွေ လုပ်စေချင်ပါတယ်။

နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်သီးနှံတွေကိုလည်း စိုက်ပျိုးစေချင်ပါတယ်။ အဲဒါဆိုရင် စိုက်ပျိုးရေးက တစ်သက်လုံး လုပ်စားလို့ရတဲ့ အနေအထားမျိုးရှိပြီးတော့ ဒီဒေသရဲ့ အားသာချက်ဖြစ်တဲ့ ဘေးမှာရှိနေတဲ့ပို့နိုင်တဲ့ အနီးဆုံးနိုင်ငံလည်းရှိနေပြီးတော့ ပြည်တွင်းကိုလည်း ပြန်ရောင်းနိုင်တဲ့ အခွင့်အလမ်းကရှိနေတယ်။ ဟိုတုန်းက မောင်တောအတွက် အလွန်ခက်ပေမယ့် ဒီရောက်မှသိလိုက်တာက ရန်ကုန်ကနေ တိုက်ရိုက်သင်္ဘောနဲ့ ကညင်ချောင်းမှာကပ်လို့ရနေပြီဆိုတော့ လွယ်ကူတဲ့အနေအထားဖြစ်နေပါတယ်။ အဲဒီအတွက် ဒီအခွင့်အရေးကို အသုံးချပါလို့ပဲ တင်ပြလိုပါတယ်။

ဟုတ်ကဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်း – မော်စီနှင့်အဖွဲ့

# ရခိုင်ပြည်နယ်သတင်း

## UEHRD စီမံကိန်း၏လုပ်ငန်းတစ်ရပ်ဖြစ်သော ဒေသဖွံ့ဖြိုးရေးကို ရခိုင်ပြည်နယ်အစိုးရနှင့်အတူ ဆက်လက်ဆောင်ရွက်လျက်ရှိ

**စစ်တွေ အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း UEHRD လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်ပြီး အားလုံးပါဝင်သော အင်အားတစ်ရပ်ဖြင့် အကောင်အထည်ဖော်နိုင်ရေးကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ဆက်လက်၍ UEHRD ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်တွင်းရှိသော အင်အားကို အဓိကထားပြီး မူလအခြေအနေများထက် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နေကြကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်နေကြောင်း ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ပြည်နယ်အစိုးရရိပ်သာအစည်းအဝေးခန်းမ၌ကျင်းပသော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးက ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားရာတွင် UEHRD စီမံကိန်းအတွက် ရန်ပုံငွေလက်ခံရရှိမှုနှင့် ပါဝင်လှူဒါန်းနိုင်မှုအခြေအနေများကို မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ သတင်းနှင့် ဆက်သွယ်ရေးဆောင်ရွက်ပေးမည့် အစီအစဉ်၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကိုးဖွဲ့၏ ပေါင်းစပ်မှုဖြင့် UEHRD စီမံချက်ကို ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များမှ အမှန်အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို အကောင်အထည်ဖော်မည့်အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များတွင် လှူငယ်များပါဝင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမည့်အစီအမံ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အလှူငွေ/ ပစ္စည်းလက်ခံရရှိသုံးစွဲမှု အခြေအနေများနှင့် UEHRD နှင့် ချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များက UEHRD စီမံကိန်းနှင့်ပတ်သက်ပြီး ရှေ့ဆက်ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ယခုလက်ရှိဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်ပြီး UEHRD စီမံကိန်းတွင် ပါဝင်သည့် စေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရတို့ ပူးပေါင်းပါဝင်မည့် လူသားချင်းစာနာထောက်ထားသော အထောက်အပံ့ပေးမှုစနစ်တစ်ရပ် ဖော်ထုတ်ဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါခရီးစဉ် အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့တွင် သုံးရက်တာ သင်တန်းပို့ချမည်ဖြစ်ပြီး ဗဟိုညှိနှိုင်းရေးအဖွဲ့၊ ပြည်နယ်ညှိနှိုင်းရေးအဖွဲ့နှင့် စေတနာ့ဝန်ထမ်းလူငယ်များ တက်ရောက်ကြမည်ဖြစ်သည်။



ထို့ပြင် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအနီးရှိ လယ်ယာမြေများတွင် ရင့်မှည့်လာသော စပါးများကို နိုင်ငံတော်ကထောက်ပံ့ထားသော ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စနစ်တကျ ရိတ်သိမ်းနေမှုကို လေ့လာကြည့်ရှုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## UEHRD စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုအဖွဲ့အစည်းများ၏ကဏ္ဍသည်လည်း အရေးပါ

**စစ်တွေ အောက်တိုဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UEHRD စီမံကိန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးအစည်းအဝေးခန်းမတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများ၊ လူငယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက UEHRD ၏ အကောင်အထည်ဖော်မှုလုပ်ငန်းများတွင် ရခိုင်ပြည်သူပြည်သားများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရာတွင်လည်း ပြည်သူများ အမှန်တကယ်အကျိုးရှိပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသူများတွင် လူငယ်များ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာကော်မတီဝင်များစသည့် ကဏ္ဍပေါင်းစုံမှ ပြည်သူများပါဝင်ကြသဖြင့် UEHRD ၏ ရည်ရွယ်ချက်အတိုင်း တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ညီညွတ်စွာလက်တွဲဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများကလည်း UEHRD နှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အကောင်အထည်ဖော်ရာတွင် သတိပြုဆောင်ရွက်သင့်သည့်အချက်များ၊ ပြန်လည်နေရာချထားရေးဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်တို့ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် လုံခြုံစိတ်ချရမှုအတွက် အထူးအလေးပြုဆောင်ရွက်သင့်ပါကြောင်း တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အနေဖြင့် ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက် ကြစေလိုပါကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ရခိုင်ဒေသကို တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ယနေ့ပြည်သူများ၏ တင်ပြချက်များကို အလေးထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ လူမှုအဖွဲ့အစည်း ၁၅ ဖွဲ့မှ ပြည်သူများနှင့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**စစ်တွေ အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များ၏ (၂/၂၀၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား အရပ်ဝတ်စုံများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်းက ယနေ့သွေးလှူဒါန်းခြင်းသည် ကျန်းမာရေးအရ သွေးလိုအပ်သူကို မိမိသွေးဖြင့် အသက်ဆက်နိုင်အောင် ကူညီပေးသည့်အတွက် အလွန်မွန်မြတ်သည့်အလှူဖြစ်ကြောင်းပြောသည်။ ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အဏုဇီဝဆရာဝန်ကြီး ဒေါက်တာပန်းအိစိုးက သွေးအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်

ဆက်လက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက အရပ်ဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ရာ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များက လက်ခံရယူသည်။ ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေသိန်းက သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ အဆိုပါ စုပေါင်းသွေးလှူဒါန်းရာတွင် အမှတ်(၁၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၄ ဦး၊ အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ၄၅ ဦး၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှ ၁၅ ဦးတို့က စုပေါင်း၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရဲမှူးချုပ်မြဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှူး ရဲမှူးကြီး ညဏ်မြင့်ကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေသိန်း၊ စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနောင်၊ အဏုဇီဝဆရာဝန်ကြီး ဒေါက်တာပန်းအိစိုးနှင့် တာဝန်ရှိသူများတက်ရောက်ပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မောင်တောဒေသ၌ လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းပေးလျက်ရှိ

**မောင်တော အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသသည် ဆန်စပါးအများအပြား ထွက်ရှိရာဒေသဖြစ်ပြီး ယင်းဒေသရှိ တောင်သူများ စပါးရိတ်သိမ်းရာတွင် အဆင်ပြေစေရေးအတွက် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းများ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ နှစ်စဉ်နှစ်တိုင်း သင်တန်းပေးလျက်ရှိပါတယ်။ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းပါ။ အဲဒီသင်တန်းဟာ သူတို့ပိုင်တဲ့ လက်တွန်းထွန်စက်နဲ့ ရေစုပ်စက်လိုအင်ဂျင်တွေ ပြင်တတ်အောင်အထိ သင်ကြားပေးတာ ဖြစ်ပါတယ်”ဟု ရခိုင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ကြည်က ပြောကြားသည်။

ယခုနှစ် စပါးရိတ်သိမ်းရာသီတွင်လည်း ရိတ်သိမ်းခြွေလှေ့ရာတွင် စက်ကိရိယာများကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ လုံလုံလောက်လောက် မရှိသေးသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနများမှ ကျွမ်းကျင်ဝန်ထမ်းများကို ခေါ်ယူကာ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လာမည့်နှစ်များတွင် မောင်တောဒေသခံများအား သင်တန်းများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“စက်ကြီးတွေ မောင်းနှင်တတ်ချင်ရင်တော့ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းက မိတ္ထီလာမှာရှိပါတယ်။ သင်တန်းကာလက လေးလဖြစ်ပြီး နိုင်ငံတော်က စားစရိတ်အကုန်အကျခံပါတယ်။ ဒီသင်တန်းကို တောင်သူတွေရဲ့သားသမီးတွေကို ဦးစားပေးပြီး လက်ခံပေးလျက်ရှိပါတယ်။ လက်ရှိလည်း ရခိုင်ပြည်နယ်ကျောက်တော်နဲ့ မြောက်ဦးဘက်က တောင်သူသားသမီးသင်တန်းသားတွေ လေးလသင်တန်းကို သွားရောက်တက်နေပါတယ်။ အဲဒီကတက်ပြီး ပြန်ဆင်းလာမယ်ဆိုရင်တော့ စက်ကြီးတွေ မောင်းနှင်ကိုင်တွယ်နိုင်မှာဖြစ်ပါတယ်”ဟု ဦးတင်မောင်ကြည်က ပြောကြားသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

# လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိနေပြီဖြစ်သော ရခိုင်ပြည်နယ် မြေပုံနှင့် ပေါက်တော

ရခိုင်ပြည်နယ် မြေပုံနှင့် ပေါက်တောမြို့တို့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး နိုဝင်ဘာလဆန်းပိုင်းတွင် အခမ်းအနားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလဆန်းပိုင်းတွင် ပြုလုပ်မည်ဖြစ်သော်လည်း  အောက်တိုဘာ ပထမပတ်ကတည်းက ဒေသခံပြည်သူများအား  မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသဖြင့် ဒေသခံပြည်သူများနှင့် လျှပ်စစ်ဓာတ်အားရရှိဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများအား သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့ပါသည် -



ဦးမြင့်မောင်



ဦးဝင်းလှိုင်



ဦးညီထွေး



ဦးအောင်မြင့်



မပန်းနုဝေ



ဦးကျော်မျိုးဝင်း

**ဦးမြင့်မောင်၊အင်ဂျင်နီယာမှူးကြီး(မြို့ပြ)**
**အင်ဂျင်နီယာထောက်ကူဌာန၊ နေပြည်တော်ရုံးချုပ်**

မြေပုံမြို့နဲ့ ပေါက်တောမြို့နယ်တွေဟာ ကမ်းခြေဒေသတွေဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ရာမှာ ခက်ခက်ခဲခဲကြိုးစားခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဉတုနဲ့ လုပ်သားအင်အား ရရှိမှုအခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပြီး မြို့ဒေသခံတွေ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့လို့ ပီတိဖြစ်ရပါတယ်။

အရင်က ဒီဇယ်အင်ဂျင်စက်နဲ့ မီးပေးခဲ့ပါတယ်။ ရပ်ရွာအေးချမ်းရေးနဲ့ လူမှုဘဝသာယာရေးကို အဓိကထားပြီး နိုင်ငံတော်က အဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ လုပ်ငန်းခွင် အခက်အခဲတွေရှိခဲ့တယ် ဆိုပေမယ့် ဒေသခံတွေနဲ့ တာဝန်ရှိသူတွေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုတွေက အောင်မြင်မှုရဲ့ရလဒ်ကောင်းတွေပဲဖြစ်ပါတယ်။

**ဦးဝင်းလှိုင်၊ မြေပုံမြို့နယ်လျှပ်စစ်မှူး**

မြေပုံမြို့မှာ မဟာဓာတ်အားလိုင်းစနစ်ကနေ ၂၀၁၇ အောက်တိုဘာ ၁ရက်နေ့ကစပြီး လျှပ်စစ်မီးရပါတယ်။ မီးမရခင်တုန်းက ဒီဇယ်စက်ကြီးတွေနဲ့ အချိန်ပိုင်းနဲ့မီးပေးခဲ့ပါတယ်။ မြေပုံမြို့နယ်မှာရှိတဲ့ ရပ်ကွက်ကိုးရပ်ကွက် (အိမ်ထောင်စု ၁၁၆၅ စုကျော်)ကို မီးပေးနေပါပြီ။ နောက်ထပ် ကျေးရွာငါးရွာကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမီ လျှပ်စစ်မီးပေးဖို့ ရည်ရွယ်ထားပါတယ်။

မြေပုံမြို့ရဲ့ ပထဝီအနေအထားအရ မြစ်၊ချောင်းခြားနေတဲ့အတွက် အနီးပတ်ဝန်းကျင်ကျေးရွာ ၂၀ ခန့်ကို နောက်သုံးနှစ်အတွင်းမှာ လျှပ်စစ်မီးပေးဖို့ ရည်ရွယ်ပါတယ်။

**ဦးညီထွေး၊ ကျောင်းအုပ်ကြီး**
**မြေပုံ အခြေခံပညာအထက်တန်းကျောင်း**

လျှပ်စစ်မီးမရခင်တုန်းက အခက်အခဲတွေအများကြီးပါ။ ရုံးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း မိတ္တူတစ်စောင် ကူးချင်ရင်တောင် မီးစက်ကိုတကူးတက နှိုးနေရတာပေါ့။ အခုလိုမီးရတော့ ရုံးလုပ်ငန်းတွေအပြင် ကျောင်းသားကျောင်းသူတွေ စာကျက်ရာမှာလည်း ပိုအဆင်ပြေပါတယ်။ ကလေးမိခင်တွေအနေနဲ့လည်း ကိုယ့်ကလေးကျောင်းကိုပို့ရင်တောင် ထမင်းချိုင့်အချိန်မီ ထည့်မပေးနိုင်တဲ့ ရက်တွေရှိခဲ့ပါတယ်။

အခုတော့ အဆင်ပြေပါပြီ။ ညစာကျက်ဝိုင်းတွေလည်း လုပ်နိုင်သွားတာပေါ့။ ဒေသခံတွေရဲ့ လူမှုဘဝတွေတင်မက ပါဘူး၊ ကလေးတွေရဲ့ပညာရေး၊ ကျန်းမာရေးတွေလည်း လျှပ်စစ်မီးရတဲ့အတွက်ပိုပြီးတော့အဆင်ပြေပါတယ်။

**ဦးအောင်မြင့်၊ မြို့မိမြို့ဖ**
**မြေပုံမြို့**

လျှပ်စစ်မီးရတဲ့နေ့ကဆိုရင် တစ်မြို့လုံးဝမ်းသာနေတာတွေ့ရတယ်။ အခုဆိုရင် ဒေသခံမိသားစုတွေ၊ လုပ်ငန်းရှင်တွေ၊ ကျောင်းသားကျောင်းသူတွေ အားလုံးအဆင်ပြေတာတွေ့ရပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးရတဲ့အတွက် ဒီရေတောပြုန်းတီးမှုတွေရော လောင်စာထင်းသုံးစွဲမှုတွေပါ လျော့ကျလာလိမ့်မယ်လို့ ထင်ပါတယ်။ အခုလို ၂၄ နာရီ လျှပ်စစ်မီးရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ကြပါဘူး။ အခုတော့ တစ်မြို့လုံး ပျော်ရွှင်နေကြပါပြီ။

**မပန်းနုဝေ၊ တက္ကသိုလ်ဝင်တန်းကျောင်းသူ**

လျှပ်စစ်မီးမရခင်တုန်းက စာကျက်ရတာ အဆင်မပြေဘူး။ အကန့်အသတ်နဲ့ စာကျက်ခဲ့ရတယ်။ အခု ၂၄ နာရီ လျှပ်စစ်မီးရတော့ သမီးတို့ သူငယ်ချင်းတွေ၊ ကျောင်းသားကျောင်းသူတွေအကုန်လုံးပျော်နေကြတယ်။

**ဦးကျော်မျိုးဝင်း၊ ပေါက်တောမြို့နယ်လျှပ်စစ်မှူး**

အောက်တိုဘာ ၂ ရက်ကစပြီး ပေါက်တောမြို့မှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ၂၄ နာရီရပါတယ်။ ပေါက်တောမြို့နယ်ကို လျှပ်စစ်သွယ်တန်းရေးကြိုးပမ်းရာမှာ အဓိက ရာသီဉတုကြမ်းတမ်းမှုကို ရင်ဆိုင်ရပါတယ်။ မြေပြင်အခြေအနေက မြေပျော့ဖြစ်နေတဲ့အတွက် တိုင်ထူတဲ့အခါ အခက်အခဲရှိပါတယ်။ အရင်တုန်းက ကျွန်တော်တို့ဌာနက တစ်ရက်ကို လေးနာရီပေးတယ်၊ မီးလင်းရေးကော်မတီက ၁ နာရီ ၁၅ မိနစ် ပေးခဲ့တယ်။ အခုတော့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ၂၄ နာရီ ရပြီဆိုတော့ အဆင်ပြေသွားပါပြီ။

ပေါက်တောမြို့ပေါ်မှာ လောလောဆယ် ရပ်ကွက်ငါးရပ်ကွက်က အိမ်ခြေ ၉၇၆ အိမ်ကို လျှပ်စစ်မီး ၂၄ နာရီ ပေးထားပါတယ်။ ကျန်တဲ့အိမ်ထောင်စုတွေကိုလည်း လျှပ်စစ်မီးပေးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**ဆရာမဒေါ်စောရင်ဦး**
**ပေါက်တော အခြေခံပညာမူလတန်းကျောင်း**

မဟာဓာတ်အားလိုင်းက အခုလို ၂၄ နာရီ လျှပ်စစ်မီးရတော့ နေ့စဉ်လုပ်ငန်းဆောင်တာတွေ အဆင်ပြေသွားပါတယ်။ ကျောင်းသားကျောင်းသူလေးတွေလည်း စာဖတ်ရတာ အဆင်ပြေသွားတာပေါ့။ အရင် လျှပ်စစ်မီးမရခင်တုန်းက ကလေးတွေအချိန်ပိုင်းနဲ့ စာဖတ်ရတဲ့အတွက် အဆင်မပြေခဲ့ဘူး။ အခုတော့ အကုန်လုံးအဆင်ပြေတဲ့အပြင် အိမ်ရှင်မတွေအနေနဲ့ ချက်ရေးပြုတ်ရေးကအစ အကုန်အဆင်ပြေသွားတာပေါ့။ အခုလို လျှပ်စစ်မီးရအောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းဝေ၊ မြို့မိမြို့ဖ ပေါက်တောမြို့**

အခုလိုမဟာဓာတ်အားလိုင်းက လျှပ်စစ်မီး ၂၄ နာရီ ရတော့ လူနေမှုဘဝမြင့်မားလာတာအမှန်ပါ။ အရင်တုန်းက လျှပ်စစ်ကို ဒီဇယ်စက်နဲ့ တစ်နေ့ကို သုံးနာရီကနေ လေးနာရီထိပဲရတော့ ဒေသခံတွေအနေနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ရပါတယ်။ အခုတော့ မီးသွေးနဲ့ ချက်စားရတဲ့ဘဝက လွတ်သွားတာပေါ့။ ပေါက်တောမြို့ခံတွေလည်း လျှပ်စစ်မီး ၂၄ နာရီရလို့ ဝမ်းသာပီတိတွေဖြစ်ရပါတယ်။

**ဦးကျော်ဝင်းကြီး၊ သာရေးနာရေးအသင်း အတွင်းရေးမှူး**
**ပေါက်တောမြို့**

ကျွန်တော်တို့ တစ်မြို့လုံး မဟာဓာတ်အားလိုင်းကနေ မီးမရခင်က မီးစက်နဲ့ပေးတာဆိုတော့ အချိန်ပိုင်းနဲ့ပဲ မီးရခဲ့ပါတယ်။ အခု မဟာဓာတ်အားလိုင်းက ၂၄ နာရီ လျှပ်စစ်မီးရတော့ဝမ်းသာပါတယ်။ နောက်ပိုင်း ကျေးရွာတွေထိတောင် မီးရမယ်ဆိုတာသိရလို့ အတိုင်းမသိ ပီတိဖြစ်ရပါတယ်။ လျှပ်စစ်မီးရအောင် ဆောင်ရွက်ခဲ့ကြတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးကဏ္ဍ၊ လုပ်ငန်းရှင်တွေရဲ့ကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ ပိုအဆင်ပြေလာတာတွေ့ရတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ဆေးရုံတက်လူနာတွေ အောက်ဆီဂျင်သုံးရမယ်ဆိုလည်း ၂၄ နာရီ လျှပ်စစ်မီးရတဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။

မြေပုံနှင့် ပေါက်တောမြို့က ဒေသခံတိုင်းရင်းသားများ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိပြီဖြစ်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးကဏ္ဍများတွင် လျှပ်စစ်မီးကို အသုံးပြုပြီး ဆောင်ရွက်နိုင်ပြီဖြစ်သောကြောင့် ၎င်းတို့၏ စိတ်ကူးအိပ်မက်များဖြင့် ဒေသကို အလှဆင်နိုင်ကြပါစေဟု ဆုတောင်းလျက်။

**တွေ့ဆုံမေးမြန်း - အောင်ကျော်ဦး၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ - နေသစ်ဦး**

## မောင်တောမြို့ရှိ ဈေးများအားလုံးကို စည်ပင်သာယာအဖွဲ့ပိုင်ဈေးများအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲဖွင့်လှစ်သွားမည်

**မောင်တော အောက်တိုဘာ ၂၉**

မောင်တောဒေသတွင် ဩဂုတ် ၂၅ရက်က အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ဈေးများကို လုံခြုံရေးအခြေအနေအရ ခေတ္တပိတ်ထားခဲ့ရပြီး ယခုအခါ ပြန်လည်တည်ငြိမ်လာပြီဖြစ်၍ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း မောင်တောမြို့နယ် စည်ပင်ယာရေးကော်မတီမှ သိရသည်။

မောင်တောမြို့တွင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ရှိသည့် မောင်တော(၄)မိုင်ဈေးနှင့် ကညင်တန်းပျံကျဈေးတို့မှာ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိသည့် မောင်တောမြို့မဈေးကိုလည်း မကြာမီ ပုံမှန်ဖွင့်လှစ်တော့မည်ဖြစ်သည်။

"ဟိုတုန်းကတော့ ကိုယ်ပိုင်ဈေးတွေရှိတာပေါ့။ အကြမ်းဖက်ဖြစ်စဉ်မဖြစ်ခင် ရခိုင်ပြည်နယ်အစိုးရက ခွင့်မပြုတော့ဘူးလို့ စာထုတ်ထားတာရှိတယ်။ အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပြီးတော့ ဈေးတွေအကုန်လုံးပါသွားတာပေါ့။ ဒါပေမယ့် ဒီဈေးတွေကို ရွာသစ်တွေတည်လာရင်တော့ ဒေသရဲ့လိုအပ်ချက်အရ ပြန်ပြီးတော့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပေးရမယ်။ မြို့ပေါ်မှာက ဒါက ပုဂ္ဂလိကပိုင်ဆိုင်တွေပါ။ ဒီဆိုင်တွေကတော့ ဖွင့်တဲ့ဆိုင်တွေရှိသလို မဖွင့်သေးတဲ့ဆိုင်တွေလည်းရှိတယ်။ မြို့မဈေးအနေနဲ့တော့ လောလောဆယ် ဖွင့်ခွင့်မပေးသေးဘူး။ မြို့သန့်ရှင်းသာယာရေးဦးစားပေးလုပ်နေပါတယ်။ စည်ပင်သာယာရေးကော်မတီနဲ့ မြို့မိမြို့ဖတွေကို ဒီလကုန်လောက်မှာ အစည်းအဝေးခေါ်ပြီး ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်သွားပါမယ်"ဟု မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးရွှေမောင်က ပြောသည်။

မောင်တောမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ပိုင် မြို့မဈေး၊ (၄)မိုင်ဈေးနှင့် ပျံကျဈေးများဖြစ်သည့် ကညင်တန်းဈေး၊ မီးစက်ခွက်ဆုံဈေး၊ ရွာသစ်ရွာဈေးများနှင့် ရပ်ကွက်/ကျေးရွာများတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဈေးပေါင်း ၂၆ ဈေးရှိကြောင်း သိရသည်။

"အရင်က ဒီအကြမ်းဖက်ဖြစ်စဉ်မတိုင်မီက ဟင်းချက်ဖို့ ကြက်တစ်ကောင်ကို ကျပ် ငါးထောင်လောက်ကနေ အခုဈေးတွေသိပ်မဖွင့်သေးတော့ တစ်ကောင်ကို ကျပ် တစ်သောင်းကျော်ပေးဝယ်နေရတယ်"ဟု မောင်တောမြို့နယ်မှ ဒေသခံထမင်းဆိုင်ရှင်တစ်ဦးက ပြောသည်။



အကြမ်းဖက်ဖြစ်စဉ်တွင် မီးလောင်ခဲ့သည့် ကျေးရွာများအစား ကျေးရွာအသစ်များ တည်ဆောက်ပြီးပါက ရပ်ကွက်/ကျေးရွာများရှိ ဈေးများအားလုံးကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အဖွဲ့ပိုင်ဈေးများအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သန့်ဇင်ဝင်း၊ နိုင်လင်းကြည်)**

## မောင်တောမြို့ မြို့မမြောက်ရပ်ကွက်ရှိ နေအိမ်လေးလုံးနှင့် ဈေးဆိုင်ခန်းတစ်ခန်း မီးလောင်

**မောင်တော အောက်တိုဘာ ၂၉**
မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးရွာမှ လူနေထိုင်ခြင်းမရှိသော နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်း ယမန်နေ့ ညပိုင်းက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ည ၉ နာရီခွဲတွင် မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးရွာမှ လူနေထိုင်ခြင်းမရှိသော နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်းမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၀ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ခနိမိုး၊ ဝါးထရံကာ မြေစိုက်နေအိမ်လေးလုံးနှင့် ဈေးဆိုင်ခန်းတစ်ခန်းတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ မောင်တောမြို့နယ်ရဲစခန်းက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## မောင်တောမြို့ ဝိမလရပ်ကွက် မြို့ဦးတံတားအောက်တွင် လက်လုပ်မိုင်းများ တွေ့ရှိ

**မောင်တော အောက်တိုဘာ ၂၉**
မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးရွာအနီးရှိ ချောင်းကူးကွန်ကရစ်တံတားအောက်၌ ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပလတ်စတစ်ပိုက်ဖြင့် ပြုလုပ်ထားသည့် အသက်မသွင်းရသေးသော လက်လုပ်မိုင်း ၄၀ အား တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးရွာချောင်းတံတားအနီး၌ နေထိုင်သူ ဦးတင်ညွှန့်သည် မြို့မမြောက်ရပ်ကွက်မှ မြို့ဦးရွာ(ရခိုင်)သို့ ဖြတ်ကူးသည့် ချောင်းကူးကွန်ကရစ်တံတားအောက်တွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ်အတွင်းမှ အပြာရောင်ပလတ်စတစ်ရေပိုက်(နှစ်ဖက်ပိတ်)အတိုများ တွေ့ရှိ၍ မြို့ဦးရွာရဲကင်းသို့ သတင်းပို့ခဲ့ပြီး နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အချင်း တစ်လက်မ၊ အပိတ် ၁ ဒသမ ၅ လက်မ၊ အရှည် ခြောက်လက်မခန့်ရှိ ပလတ်စတစ်ပိုက်ဖြင့်ပြုလုပ်ထားသည့် အသက်မသွင်းရသေးသော လက်လုပ်မိုင်း ၄၀ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## တောင်ကြီးမြို့၌ မီးပုံးပျံပြုလုပ်ရာမှ မီးလောင်မှုဖြစ်ပွား

**တောင်ကြီး အောက်တိုဘာ ၂၉**
တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် နယ်မြေ (၇) အနော်ရထာလမ်း



ဦးလှမောင်၏ နေအိမ်တွင် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခွဲက မီးပုံးပျံပြုလုပ်ရာ ယမ်းမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုတွင် လူနေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ပြီး ယမ်းမီးဆရာ ဦးစိုးနိုင်လေး(ခ) ကိုအောင်ငဲသည် ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့ပြီး အခြားထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦး (မစိုးရိမ်ရ)နှင့် ရွှေညောင်မြို့နေ ဦးတင်မောင်အေး အသက်(၅၆)နှစ်သည် ရွှေညောင်မြို့မှ မီးသတ်ယာဉ်မောင်းနှင်၍ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာစဉ် ရောဂါကြောင့် ရုတ်တရက်သေဆုံးသွားခဲ့သည်။

မီးလောင်ရာသို့ ရှမ်းပြည်နယ် ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ၊ မီးသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် ရှစ်စီး ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**စိုင်းသန်းကျော် ( တောင်ကြီး)**

## လိုက်ထရပ်ယာဉ်တိမ်းမှောက်ရာ ခရီးသည် ၁၇ ဦး ပြင်းထန်ဒဏ်ရာရ

**တပ်ကုန်း အောက်တိုဘာ ၂၉**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီခွဲခန့်က ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ရာ လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး မိုင်တိုင် (၂၃၀/၆)နှင့် (၂၃၀/၇) အကြားတွင် မန္တလေးမှနေပြည်တော်သို့ မဟာအောင်မြေမြို့နေ နိုင်ဦး (၅၂) နှစ် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် ယာဉ်ပေါ်တွင်ခရီးသည် စုစုပေါင်း ၂၂ ဦးလိုက်ပါလာပြီး အခင်းဖြစ်မိုင်တိုင်အရောက်တွင် ယာဘက်နောက်ဘီးပေါက်ကာ အရှိန်လွန်၍ လမ်းလယ်ကပ်တိုးများအား တိုက်မိခဲ့ပြီး လမ်းလယ်ကျွန်းပေါ်တွင် တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါရှိသူများအနက် အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၄ ဦးတို့မှာ ပြင်းထန်ထိခိုက်ဒဏ်ရာများရရှိသဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ယာဉ်ငယ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**
ယာဉ်ငယ်တစ်စီးအတွင်း အံဝှက်များပြုလုပ်ကာ သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများ သယ်ဆောင်လာသည်ကို အောက်တိုဘာ ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား စစ်ဆေးမှုများဆောင်ရွက်နေစဉ် မိုင်တိုင် (၁၉၄/၆) နတ်စင်ကျေးရွာအနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော Nissan March ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးရာ ယာဉ်၏နောက်ပိုင်းထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံကျောက်တုံးနှင့် ကျောက်အပိုင်းအစများ အလေးချိန် ၄၈၀ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၇ ဒသမ ၅၀၀ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အောက်တိုဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၃၃ ဒသမ ၉၈၃ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၂၇၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၄ ဒသမ ၂၅၃ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

## တောင်တက်လမ်း၌ ဘုရားဖူးယာဉ် တိမ်းမှောက်




**စစ်ကိုင်း အောက်တိုဘာ ၂၉**
စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်အတက်လမ်းတွင် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ဘုရားဖူးယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ချမ်းအေးသာစံမြို့နယ် နေသူ ဦးဌေးကို မောင်းနှင်လာသော လိုက်ထရပ်အမျိုးအစားယာဉ်ဖြစ်ပြီး ယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦးအနက် ယာဉ်မောင်း၏ ဇနီးဖြစ်သူ ဒေါ်ဝင်းတစ်ဦးသာ ဦးခေါင်းအနည်းငယ် ထိခိုက်မှုရှိသည်ဟု သိရပြီး ကျန်လူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(ခိုင်ဇေယျ)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြခဲ့သော စာပေဆုရ အင်တာဗျူး၏ ဒုတိယကော်လံရှိ ဆရာညီပုလေးနှင့် အင်တာဗျူးတွင် "ဒေါက်တာ သိန်းလှိုင်လို့ခေါ်ပါတယ်။ နာဂသိန်းလှိုင်လို့ သိကြပါတယ်" ဟု ပြင်ဆင်ဖတ်ရှုပါရန် စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။

**(စာတည်း)**



# ပွဲထွက်ခွင့်ရချင်တယ်လို့ မာရှယ်လ်အရေးဆို

စပါးအသင်းနှင့်ပွဲစဉ်တွင် မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူကာ သူရဲကောင်းဖြစ်ခဲ့သည့် တိုက်စစ်မှူး မာရှယ်လ်က သူ့အနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရချင်ကြောင်း နည်းပြ မော်ရင်ဟိုကို တောင်းဆိုလိုက်ပြီဖြစ်သည်။ မာရှယ်လ်က အဆိုပါပွဲစဉ်တွင် ရက်ရှ်ဖို့ဒ်နေရာ လူစားဝင်ကစားခဲ့ပြီးနောက် ဂိုးသွင်းခဲ့ခြင်းဖြစ်ရာ ယင်းသို့ အရန်ခုံမှထလာပြီးနောက် ဂိုးသွင်းနိုင်ခြင်းမှာ ယခုနှစ်ရာသီ သူ့အတွက် စတုတ္ထမြောက် ဖြစ်သည်။ "ကျွန်တော်လား။ ကစားချင်တာပေါ့။ အရန်ခုံမှာ ထိုင်မနေချင်ပါဘူး" ဟု ပွဲအပြီးတွင် မာရှယ်လ်က ဖွင့်ဟခဲ့ခြင်းဖြစ်သည်။

သို့သော် မော်ရင်ဟိုက သူ့အနေဖြင့် မာရှယ်လ်ကို ပွဲထွက်ခွင့်မပေးခြင်းကို "ကျွန်တော် သူ့ကို တစ်ခါတစ်လေ ပွဲထွက်ခွင့်ပေးတဲ့အခါ သူက ကစားပုံကောင်းပေမယ့် ဂိုးမသွင်းနိုင်ဘူး"ဟု ရှင်းချက်ပေးခဲ့သည်။ မာရှယ်လ်မှာ တိုက်စစ်မှူး လူကာကူ၏ ခေါင်းတိုက်ချပေးမှုကို သူ၏ဘယ်ခြေဖြင့် အဆုံးသတ်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက ယင်းသွင်းဂိုးကို "မာရှယ်လ်က ဆိုးရွားတဲ့ကန်ချက်နဲ့ သွင်းခဲ့တာပါ။ ဒါပေမယ့် ဆိုးရွားတဲ့ ကန်ချက်တွေက တစ်ခါတစ်ရံ အလှပဆုံး ဖြစ်နေပါတယ်" ဟု ဆိုခဲ့သည်။ မာရှယ်ကမူ နည်းပြက နေရာလွတ်ရှာရန် ညွှန်ကြားခဲ့ပြီး လူကာကူမှာ ခေါင်းတိုက်မှုကောင်းမွန်သည်ကို သူသိထားသဖြင့် နေရာလွတ်ရအောင်ရှာကာ ဂိုးသွင်းခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

မေလဲ့သင်း ရေးသားသည်

# လီမာကို ကြေးကြီးပေးပြီး မဝယ်ယူသင့်ဟု ပီရက်ဇ် အကြံပြု

အာဆင်နယ်အနေဖြင့် တောင်ပံတိုက်စစ်မှူး လီမာကို ပေါင်သန်း ၉၀ လောက်အထိ အသုံးပြုမဝယ်ယူသင့်ဟု ပီရက်ဇ်က နည်းပြ ဝင်းဂါးကို အကြံပြုစကားဆိုခဲ့သည်။ အာဆင်နယ်သည် ပြီးခဲ့သည့်နွေဈေးကွက် အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် လီမာကို ခေါ်ယူရေးကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့၍သာ ဆန်းချက်ဇ်ကို ထုတ်မရောင်းခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်က အစောပိုင်းတွင် လီမာအတွက် ပေါင်သန်း ၄၀ အထက် အသုံးပြုရန် ဆန္ဒမရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပေါင်သန်း ၉၀ အထိ ဈေးပေးကမ်းလှမ်းခဲ့ခြင်းကိုပင် လီမာက ယူရိုပါလိဂ်ဝင်ခွင့်သာ ရရှိသည့် အာဆင်နယ်သို့ ပြောင်းရွှေ့လိုခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် ပယ်ချခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်က မန်စီးတီးသို့ ပြောင်းရွှေ့ရန် ပြင်ဆင်ထားပြီးဖြစ်ရာ ဝင်းဂါးက လီမာကို ဇန်နဝါရီဈေးကွက်အတွင်းရရှိရန် မဖြစ်မနေကြိုးပမ်းမည်ဟု အရိပ်အမြွက်ဆိုထားခဲ့ပြီးဖြစ်သည်။ သို့သော် အာဆင်နယ်ကစားသမားဟောင်း ပီရက်ဇ်က လီမာမှာ ပေါင်သန်း ၉၀ တန်သည်ဆိုပါက ဇီဒန်းနှင့် ရော်နယ်လ်ဒင်ဟိုတို့လို ကစားသမားမျိုးဆိုလျှင် တန်ဖိုးကို မှန်းဆ၍ပင် ရမည်မဟုတ်ကြောင်း သူ၏အမြင်ကို ဖွင့်ဟခဲ့သည်။

ပီရက်ဇ်က "အာဆင်(ဝင်းဂါး)က လီမာကိုရဖို့ အသည်းအသန်ကြိုးပမ်းခဲ့တယ်။ အတော့်ကို အားထုတ်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီအပြောင်းအရွှေ့ကို ဖြစ်နိုင်မယ်လို့ မထင်ပါဘူး။ ကျွန်တော်တော့ သူ့ကို ပေါင်သန်း ၉၀ တန်လို့ မထင်ပါဘူး။ ဒါက များလွန်းပါတယ်။ ခုဈေးကွက်က ပျက်နေတာဗျ"ဟု ဆိုခဲ့သည်။

ဘာစီလိုနာမှ ပီအက်စ်ဂျီသို့ တိုက်စစ်မှူး နေမာ ကမ္ဘာ့စံချိန်တင်ကြေး ပေါင်သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့မှုဖြစ်ခဲ့ပြီးနောက် ခြေစွမ်းတက်စ လူငယ်တိုက်စစ်မှူး ဒမ်ဘီလီအတွက်ပင် ပေါင် ၁၃၅ သန်းအသုံးပြုခေါ်ယူခဲ့ရခြင်းမျိုး ဈေးကွက်အတွင်းဖြစ်ပေါ်ခဲ့သည်။ နေမာ၏ ဩဂုတ် ၄ ရက် အပြောင်းအရွှေ့နောက်ပိုင်း ကစားသမားများ၏တန်ဖိုးမှာ မူလဈေးနှုန်းထက် သိသာစွာမြင့်တက်လာခဲ့ရာ မန်ယူနည်းပြ မော်ရင်ဟိုက ဈေးကွက်တွင် စောစောစီးစီးလှုပ်ရှားနိုင်ခြင်းက မန်ယူကို ပေါင်သန်း ၁၀၀ ကုန်ကျမှုမှ သက်သာစေခဲ့ကြောင်း ဆိုခဲ့ဖူးသည်။




# ကမ္ဘာ့ဖလားချန်ပီယံ ရွှေရောင်မျိုးဆက် အင်္ဂလန်ယူ-၁၇ အသင်းသားများအပေါ် ချီးကျူးသံဝေစီ

အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းက စပိန်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်နေရာကနေ ငါးဂိုးပြန်သွင်းပြီး ကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူသွားပါတယ်။ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ဘရူစတာ၊ ဂစ်ဘ်စ်၊ ဖီးလ်ဖိုတန်နဲ့ ဂူဟီတို့က သွင်းယူခဲ့ပြီး အင်္ဂလန်ကို ကမ္ဘာ့ချန်ပီယံဖြစ်စေခဲ့တာပါ။ အင်္ဂလန်အသင်းက အခုနောက်ပိုင်း သက်တမ်းအလိုက်ပြိုင်ပွဲတွေမှာ ကမ္ဘာ့ချန်ပီယံဆုကို တောက်လျှောက်ဆွတ်ခူးနိုင်တာတွေ့ရပြီး လွန်ခဲ့တဲ့ လေးလကပဲ တောင်ကိုရီးယားမှာ ကျင်းပခဲ့တဲ့ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်း ချန်ပီယံဖြစ်ခဲ့သေးတာပါ။

အင်္ဂလန် ယူ-၁၇ နည်းပြ ကော့ပါးကတော့ "ကျွန်တော်တို့ ခုကစားသလို အခြားအင်္ဂလန်အသင်းတွေကလည်း ကစားနိုင်ဖို့ ဆန္ဒရှိပါတယ်"လို့အစချီပြီး ဒီမျိုးဆက်တွေက အင်္ဂလန်စီနီယာအသင်းကြီးရဲ့အောင်မြင်မှုတွေကို ဖော်ဆောင်နိုင်မယ်လို့ ဆိုခဲ့ပါတယ်။

အင်္ဂလန်ဂန္ထဝင်ကစားသမား ဂယ်ရီလိုင်နီကာက "ကျွန်တော့်ဆီမှာ ရွှေရောင်မျိုးဆက်ရှိနေပါပြီ။ ဒီကောင်လေးတွေ ကောင်းကောင်းကစားကြတယ်"လို့ ချီးကျူးခဲ့သလို ရွန်းနီ၊ ဟယ်ရီကိန်းတို့လို ကစားသမားများကလည်း သူတို့၏ တွစ်တာစာမျက်နှာများပေါ်တွင် ချီးကျူးတဲ့စာသားများကို အသီးသီးတင်ခဲ့ကြတာကို တွေ့ရပါတယ်။

၁၉၉၈ ကမ္ဘာ့ဖလားတွင် ကြယ်ပွင့်ကစားသမားဖြစ်ခဲ့တဲ့ မိုက်ကယ်အိုဝင်က "ကောင်းမွန်တောက်ပတဲ့ အောင်မြင်မှုတွေ တစ်ဖန်ပြန်ရပြန်ပြီဗျာ။ ကျွန်တော်တို့တွေ ထိပ်တန်းမျိုးဆက်တစ်ခုကို မွေးထုတ်လိုက်နိုင်ခြင်းပါပဲ။ လူငယ်လေးတွေရေ မင်းတို့တစ်တွေ ကောင်းကောင်းစွမ်းဆောင်နိုင်ခဲ့ကြပါတယ်"လို့ ရေးသားခဲ့ပါတယ်။

မန်စီးတီးရဲ့ လူငယ်ကစားသမားလေး ဖီးလ်ဖိုတန်က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆု (ရွှေဘောလုံးဆု)ကို ရယူနိုင်ခဲ့သလို လီဗာပူးလူငယ်တိုက်စစ်မှူး ဘရူစတာကလည်း ဂိုးသွင်းဘုရင်ဆု(ရွှေဖိနပ်ဆု)ကို ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။



# ဝေဖန်မှုများကို မော်ရင်ဟို တုံ့ပြန်

မန်ယူနည်းပြ မော်ရင်ဟိုက ဝေဖန်မှုများအပေါ် စိတ်လှုပ်ရှားမှုလည်းမရှိသလို စိုးရိမ်မှုလည်းမရှိကြောင်း မန်ယူက စပါးကို အနိုင်ရရှိသောပွဲစဉ်အပြီးတွင် တုံ့ပြန်လိုက်သည်။ မန်ယူအသင်းသည် ရာသီအစတွင် ရလဒ်များ အထူးကောင်းမွန်ခဲ့သော်လည်း လီဗာပူးကို ဂိုးမရှိ သရေသာ ကစားနိုင်ခဲ့ပြီးနောက် ဟက်ဒါဖီးလ်အသင်းကို မထင်မှတ်ဘဲ ဆက်အရေးနိမ့်ခဲ့ရာ မော်ရင်ဟိုအပေါ် ဝေဖန်မှုများ ရုတ်တရက်ကျရောက်လာခဲ့သည်။

မော်ရင်ဟိုက စပါးကို အနိုင်ရရှိအပြီးတွင် ပါးစပ်ထိပ်တွင် လက်ညှိုးဖိကပ်သည့် အမူအရာလုပ်ပြခဲ့ရာ ယင်းအပေါ် မေးခွန်းထုတ်ခံခဲ့ရသည်။ ယင်းကိစ္စကို မော်ရင်ဟိုက "တချို့လူတွေက စကားတွေ သိပ်ပြောကြတယ်။ စိတ်အေးအေးထား။ သက်သောင့်သက်သာ ဖြစ်အောင်နေပါ"ဆိုသည့် အဓိပ္ပာယ်ပင်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

မော်ရင်ဟို၏ ခံစစ်အသားပေးဗျူဟာအပေါ် လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က ဝေဖန်ခဲ့သော်လည်း ယခုပွဲတွင် ရက်ရှ်ဖို့ဒ်နေရာ မာရှယ်လ်ကို အစားထိုးဝင်ရောက်ကစားစေခဲ့တဲ့ မော်ရင်ဟို၏ ဆုံးဖြတ်ချက်မှာ ပွဲ၏ ရလဒ်ပိုင်းကို အလှည့်အပြောင်းဖြစ်စေခဲ့သည်။ သို့သော် မော်ရင်ဟိုက သရေရလဒ်ပင်ထွက်ထွက်၊ အနိုင်ပင်ရရ ကစားသမားများ၏ ပရော်ဖက်ရှင်နယ်ပီပီသသအကောင်းဆုံးပေးဆပ်ကြသည်ကို သိသဖြင့် သူ့အနေဖြင့် ကျေနပ်နေမိမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

# မြန်မာ့လက်ရွေးစင်အသင်း အားကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်း

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲတို့အတွက် ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး အမာခံကစားသမား အစုံအလင်ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ်(၅) အဖြစ် အိန္ဒိယအသင်းနှင့် အဝေးကွင်းပွဲကစားရမည်ဖြစ်သည်။ ယင်းပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ယင်းပွဲမတိုင်မီ နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယားလက်ရွေးစင်အသင်းနှင့် ဖနွမ်းပင်မြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်ပွဲတိုင်းက အရေးပါနေပြီး လက်ကျန်သုံးပွဲတွင် အဝေးကွင်းနှစ်ပွဲ၊ အိမ်ကွင်းတစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့် ပထမအကျော့အဝေးကွင်းပွဲကို လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားပြီး အာရှဘောလုံးအဖွဲ့ချုပ်က ပြန်ကစားမည့်ရက်ကို အတည်မပြုသေးပေ။ မြန်မာအသင်းသည် သုံးပွဲကစားအပြီးတွင် လေးမှတ်ရထားပြီး အုပ်စုတတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းပါဝင်သော အုပ်စု(က)တွင် အိန္ဒိယအသင်းက ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် မြန်မာနှင့် ကာဂျစ္စတန်အသင်း အပြိုင်ဖြစ်နေသည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊ ဦးမြင့်ကို၊ ကြံ့ခိုင်ရေးနည်းပြ ပိုပေါ့စကီး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး သီဟစည်သူ(ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ နောက်တန်း ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ဝင်းမင်းထွဋ်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်(ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ ကျော်ဇင်လွင်(မကွေး)၊ သီဟထက်အောင် (ချင်းယူနိုက်တက်)၊ အလယ်တန်း စည်သူအောင်၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ သက်နိုင်(ရတနာပုံ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရန်နိုင်ဦး၊ တင်ဝင်းအောင်၊ ဇင်မင်းထွန်း(ရှမ်းယူနိုက်တက်)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ မင်းမင်းသူ(ဧရာဝတီ)၊ ရှေ့တန်း အောင်သူ(ရတနာပုံ)၊ ကျော်ကိုကို(ရန်ကုန်)နှင့် သန်းပိုင်(ချင်းယူနိုက်တက်)တို့ ပါဝင်သည်။

**အောက်တိုဘာ ၂၈ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၁၀**

| | | |
|---|---|---|
| ဘရိုက်တန် | ၁ - ၁ | ဆောက်သမ်တန် |

**စပိန်လာလီဂါ ပွဲစဉ် - ၁၀**

| | | |
|---|---|---|
| ဂီတာဖေး | ၂ - ၁ | ဆိုစီဒက် |

**စီးရီးအေ ပွဲစဉ် - ၁၁**

| | | |
|---|---|---|
| ရိုးမား | ၁ - ၀ | ဘိုလော့နာ |
| ဘီနီဗန်တို | ၁ - ၅ | လာဇီယို |
| ခရိုတုန်း | ၂ - ၁ | ဖီအိုရင်တီးနား |
| နာပိုလီ | ၃ - ၁ | ဆာဆူအိုလို |
| ဆမ်ဒိုးရီးယား | ၄ - ၁ | ချီယေဗို |
| SPAL | ၁ - ၀ | ဂျီနိုအာ |
| အူဒီးနီးစ် | ၂ - ၁ | အတ္တလန္တာ |

(ခိုင်ဝင်း)

# စားသုံးသူကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဂ) စားသုံးသူတိုင်ကြားမှုကို သိမြင်သော ပုဂ္ဂိုလ် သို့မဟုတ် မျက်မြင်သက်သေနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာကို သိရှိသော ကျွမ်းကျင်သူများရှေ့တွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊

(ဃ) စားသုံးသူဘက်မှ နစ်နာဆုံးရှုံးမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(င) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသော သဘောတူညီချက်ကို အသိပေးအကြောင်းကြားခြင်း၊

(စ) ပုဒ်မခွဲ(င)အရ သဘောတူညီချက်ကို လိုက်နာခြင်းမရှိပါက ကော်မတီသို့ တင်ပြခြင်း။

၄၈။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၇ ပါ ညှိနှိုင်းဖြေရှင်းပေးခြင်းများကို မှတ်တမ်းတင်ထားရှိရမည်။

၄၉။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များကို လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။ သို့သော် အဆိုပါအချက်အလက်များကို ကော်မတီ၊ ကော်မရှင် သို့မဟုတ် တရားရုံး တစ်ခုခုက သက်သေခံအထောက်အထားများအဖြစ် တောင်းခံလာပါက ပေးပို့ပိုင်ခွင့်ရှိသည်။

၅၀။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများက အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည့် တိုင်ကြားမှုများကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ပေးပို့၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၁။ စားသုံးသူသည် အကြောင်းခြင်းရာများကို မရိုးမဖြောင့်သော သဘောနှင့် ထိမ်ချန်၍သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကို မတရားသော နည်းလမ်းတစ်ခုခုဖြင့် နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်၍သော်လည်းကောင်း မဟုတ်မမှန် လိမ်လည်တိုင်ကြားခြင်း၊ မမှန်သက်သေထွက်ဆိုခြင်း၊ မမှန်ကန်သော သက်သေခံအထောက်အထား တင်ပြခြင်းပြုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၅၂။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကိစ္စနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသူဘက်မှ ကျခံစေရမည်။

## အခန်း(၂၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၃။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၂၂ အရ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ အရ စားသုံးသူကတောင်းဆိုနိုင်သော အခွင့်အရေးများကို ပေးအပ်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖောက်ဖျက်သည့် မည်သည့် စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ပြန်လည်ပြင်ဆင်ပေးစေခြင်း၊

(ဂ) အစားထိုးပေးစေခြင်း၊

(ဃ) နစ်နာဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း။

၅၄။ ကော်မတီသည် ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက်များမှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) နစ်နာမှုများအတွက် သတ်မှတ်ထားသော လျော်ကြေးငွေ ပေးစေခြင်း၊

(ခ) ဒဏ်ကြေးငွေ ချမှတ်ခြင်း၊

(ဂ) အငြင်းပွားလျက်ရှိသော ကုန်စည်ရောင်းချခြင်း သို့မဟုတ်ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၅၅။ ပုဒ်မ ၅၄ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၅၆။ ပုဒ်မ ၅၄ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်ခြင်း ခံရသူသည် ယင်းအမိန့်ကို လိုက်နာမှုမရှိပါက ဦးစီးဌာနသည် ၎င်းအပေါ်ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်သည်။

၅၇။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ကော်မရှင်က သတ်မှတ်သည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

## အခန်း(၂၁)
## အယူခံဝင်ခြင်း

၅၈။ ပုဒ်မ ၅၃ အရ ဦးစီးမှူးရုံးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာကော်မတီသို့ လည်းကောင်း၊ ပုဒ်မ ၅၄ အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ပုဒ်မ ၅၉၊ ပုဒ်မခွဲ(က) အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ကော်မရှင်သို့လည်းကောင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသီးသီး အယူခံ ဝင်ရောက်နိုင်သည်။

၅၉။ (က) ကော်မတီသည် ပုဒ်မ ၅၈ အရ အယူခံမှုတွင် သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ကော်မရှင်သည် ကော်မတီက ပုဒ်မ ၅၄ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လည်းကောင်း၊ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်ကိုလည်းကောင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲမှုနည်းလမ်းအရ အပြီးအပြတ် ဖြစ်သည်။

## အခန်း(၂၂)
## ကန့်သတ်ချက်များ

၆၀။ ကော်မတီသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြေရှင်းဆုံးဖြတ်ခွင့် မရှိစေရ-

(က) စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အသုံးပြုခြင်းကြောင့် မဟုတ်သော နစ်နာဆုံးရှုံးခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း၊

(ခ) အမွေခွဲဝေခြင်းကိစ္စများ၊

(ဂ) မြေပိုင်ဆိုင်မှု သို့မဟုတ် မြေငှားရမ်းခြင်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များ၊

(ဃ) စက်ရုံအလုပ်ရုံများရှိ အလုပ်ရှင်နှင့် အလုပ်သမားဆိုင်ရာကိစ္စများ၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်နေသော ကိစ္စများ။

## အခန်း(၂၃)
## စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ဆောင်ရွက်မည့်အချက်များ

၆၁။ ဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ၏ ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုများကို အားပေးဆောင်ရွက်ရမည်။

၆၂။ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်တွင် စားသုံးသူများကို ကာကွယ်ပေးမည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သာဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားရမည်။

၆၃။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သော စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်သည်။

၆၄။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ စားသုံးသူထံ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းတို့ကို ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၆၅။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် စားသုံးသူကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသည့် သို့မဟုတ် ချိုးဖောက်မှုဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းရှင်အပေါ် စားသုံးသူကိုယ်စား တိုင်ကြားအရေးဆိုမှုနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနိုင်သည်။

## အခန်း (၂၄)
## တားမြစ်ချက်များ

၆၆။ မည်သူမဆို စားသုံးသူ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မရိုးမဖြောင့်သော သဘောဖြင့် အောက်ပါတို့ကို မပြုလုပ်ရ-

(က) စားသုံးသူကို သွေးဆောင်ဖြားယောင်း၍ တိုင်ကြားစေခြင်း၊

(ခ) မမှန်မကန် သက်သေထွက်ဆိုခြင်း၊

(ဂ) မမှန်မကန်သတင်းများ ဖြန့်ဖြူးခြင်း၊

(ဃ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသောကိစ္စများကို ဆောင်ရွက်ခြင်း။

၆၇။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ အောက်ပါကြော်ငြာအမျိုးအစားများကို ကြော်ငြာခြင်း မပြုရ-

(က) ကုန်စည်၏ အရည်အသွေး၊ အရေအတွက်၊ ပါဝင်သော ပစ္စည်းများ၊ အသုံးပြုပုံ၊ ဈေးနှုန်း၊ ဝန်ဆောင်မှုနှုန်းထားနှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့်အချိန်တို့နှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်းပြုထားသောကြော်ငြာများ၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံပေးထားမှုနှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်း ပြုထားသောကြော်ငြာများ၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မဟုတ်မမှန်သည့် သတင်းအချက်အလက်များ ပါဝင်သည့် ကြော်ငြာများ၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုကို အသိပေးခြင်းမရှိသော ကြော်ငြာများ၊

(င) သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး သို့မဟုတ် အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားသော ကြော်ငြာများ၊

(စ) တည်ဆဲဥပဒေများ၊ လူမှုကျင့်ဝတ်များနှင့်ကိုက်ညီမှုမရှိသည့် ကြော်ငြာများ။

၆၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ခုခုဖြင့် အရောင်းမြှင့်တင်ခြင်း မပြုရ-

(က) သတ်မှတ်ထားသော ကာလအတွင်း ကြော်ငြာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန်အစီအစဉ်မရှိဘဲ ကုန်စည်ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ခ) ကုန်စည်တစ်ခုကို ဆုကြေးအနေဖြင့်ပေးရန် သို့မဟုတ် အခမဲ့ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ်ပေးအပ်နိုင်ခြင်းမရှိဘဲ ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ဂ) စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းတစ်ခုခုဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း။

၆၉။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှု ပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း မပြုရ-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ ရောင်းချခြင်း၊

(ခ) သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီသည်ဟု မမှန်မကန်ဖော်ပြခြင်း၊

(ဂ) နောက်ဆုံးသုံးစွဲရမည့် ရက်စွဲကျော်လွန်နေသော ကုန်စည်ကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း၊

(ဃ) အမျိုးအစားတူအရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကို ရောနှောရောင်းချခြင်း။

၇၀။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် လိမ်လည်လှည့်ဖြားမှု မပြုရ -

(က) အသုံးမပြုနိုင်သော သို့မဟုတ် မရရှိနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ခ) အပြစ်အနာအဆာ၊ ချွတ်ယွင်းချက်များကို ဖုံးကွယ်ထားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ဂ) အခြားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ပါဝင်ရမည့် သတင်းအချက်အလက်များကို ပြည့်စုံခိုင်မာမှုမရှိဘဲ ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း၊

(င) ကမ်းလှမ်းထားသော ကုန်စည် မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချခြင်း၊

(စ) အရောင်းမြှင့်တင်ရောင်းချခြင်းမပြုမီ ဈေးနှုန်းများကို တိုးမြှင့်ခြင်း၊

(ဆ) အသုံးပြုလိုသော ကုန်စည်တစ်ခုကို ဝယ်ယူရာတွင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ စားသုံးသူမလိုအပ်သော အခြားကုန်စည်တစ်ခုနှင့် တွဲဖက်ရောင်းချခြင်း။

၇၁။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ အောက်ဖော်ပြပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းမပြုရ -

(က) ပုဒ်မ ၄၂ အရ ကုန်စည်နှင့်သက်ဆိုင်သည့် ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ခ) ကြော်ငြာနှင့် အရောင်းမြှင့်တင်ခြင်းတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ဂ) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု မရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု။

၇၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြရာတွင် ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည့် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်း မပြုရ။

## အခန်း (၂၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၃။ မည်သူမဆို ပုဒ်မ ၅၄ ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မလိုက်နာပါက ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၅။ (က) မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၆၇ နှင့် ၆၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) အဆိုပါပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူသည် ပုဒ်မ ၆၇ နှင့် ၆၈ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်း ၅၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ (က) မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆိုပုဒ်မ ၆၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

**စာမျက်နှာ ၂၁ သို့**

# အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းဖွင့်ပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၂၉**
မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျိုးဆက်သစ် အားကစားသမားများ နိုင်ငံအနှံ့အပြားပေါ်ထွက်လာစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဦးစားပေးအစီအစဉ်ဖြင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွက် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) ကျောင်းဖွင့်ပွဲအား အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်း၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရေးကို အားကစားပြုလုပ်ခြင်းဖြင့် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ယခုလို အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)ကျောင်းအသစ် ဖွင့်လှစ်နိုင်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၏ အားကစားလောက အနာဂတ်ရောင်ခြည်မှာ ယခင်ထက် ပိုမိုထွန်းတောက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်း၏ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် အတတ်နိုင်ဆုံး အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောင်းရှိအားကစားနည်းအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသော နည်းပြများအနေဖြင့်လည်း ခေတ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော အားကစားနည်းစနစ်များကို လေ့လာလိုက်စား၍ ပြန်လည်သင်ကြားပြသနိုင်ရန် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းသားများ အနေဖြင့်လည်း မိမိတို့သည် ပညာတော်၍ အားကစားထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်ရမည်ဟူသော ခံယူချက်ဖြင့် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)ကျောင်း၏ ကျောင်းအကျိုးတော်ဆောင် ရန်ပုံငွေအတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀ နှင့် ဘောလုံး ၂၀၀ အား ဦးဇော်ဇော်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းက လက်ခံရယူသည်။

ဆက်လက်ပြီး မိဘမေတ္တာပျိုးဥယျာဉ် ဦးတင်ထွဋ်က ကျောင်းစိမ်းလန်းသာယာရေးအတွက် ကျပ် ၁၂ သိန်းခန့်တန်ဖိုးရှိ ပျိုးပင်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြိုင်က လက်ခံရယူသည်။ ဆက်လက်ပြီး ချင်းတွင်းအားမာန် ညီအစ်ကိုများကုမ္ပဏီမှ ဦးဝင်းခိုင်က ကျောင်းသား ကျောင်းသူများအတွက် ကျပ် ၁၀ သိန်းနှင့်ညီမျှသော တစ်နှစ်စာ စားတော်ပဲအား ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက အားကစားနည်းအလိုက် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ထောက်ပံ့ပေးထားသော အားကစားအထောက်အကူပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် အားကစားစာသင်ကျောင်းများ၊ ပညာသင်ကြားဆောင်များ၊ အားကစားလေ့ကျင့်ရေးခန်းမများ၊ အားကစားသမားများ စားရိပ်သာများ၊ အားကစားသမားများ၏ အိပ်ဆောင်များ၊ မိုးလုံလေလုံ အားကစားခန်းမများအား လိုက်လံကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်း၌ ပြေးခုန်ပစ်၊ ဘောလုံး၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ အလေးမ၊ ဘော်လီဘောစသည့် အားကစားနည်း ၁၀ မျိုးတို့အား အဆိုပါကျောင်းရှိ အမျိုးသား ၇၀၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၁၂၇ ဦးကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**မောင်မောင်ဇော်**






## မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Pocari Sweat တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၆) နှစ်အောက် အမျိုးသား၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီခွဲက ချမ်းအေးသာစံမြို့နယ် (၂၆) လမ်း၊ (၇၁) လမ်းနှင့် (၇၂) လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ တာလွှတ်သည့်မုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုးကျော်ဇောက ပြိုင်ပွဲအားသေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။

ပြိုင်ပွဲသို့ မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မန္တလေးမြို့ရှိကိုယ်ပိုင် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် ပါဝင်ကြပြီး အမျိုးသား ၁၅ ကီလို ကျုံးနှစ်ပတ်နှင့် အမျိုးသမီး ၁၀ ကီလို ကျုံးတစ်ပတ်ယှဉ်ပြိုင်ကြသည်။ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရစက်ဘီးစီးအားကစားသမားများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုးကျော်ဇောနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီတို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## လယ်ဝေးမှထွက်ရှိသော နှမ်းနက်များ မန္တလေးဈေးကွက်တွင် အရောင်းသွက်

**မန္တလေး အောက်တိုဘာ ၂၉**
နေပြည်တော် လယ်ဝေးနှင့် ပျဉ်းမနားဘက်က အောက်တိုဘာလဆန်းတွင် ထွက်ရှိလာသော နှမ်းနက်များ တရုတ်ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် အရောင်းသွက်နေကြောင်း သိရသည်။

အဆိုပါနှမ်းကို မိုးရာသီတွင် စိုက်ပျိုးခြင်းဖြစ်ပြီး ရာသီဥတုမျှတသဖြင့် အထွက်နှုန်းလည်း သင့်တင့်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

"မြန်မာက ထွက်တဲ့ နှမ်းနက်က တရုတ်ပြည်မှာ စားသုံးမှုသာမကဘဲ အလှကုန်နဲ့ ဆေးဝါးထုတ်လုပ်ရာမှာ အများဆုံးအသုံးပြုနေတယ်လို့ သိရတယ်။ တချို့ကြားရတဲ့ သတင်းတွေအရလည်း ဒီနှမ်းနက်ကို ဂျပန်က ဝယ်ယူဖို့ စာချုပ်ချုပ်တယ်လို့သိရတယ်။ ပြည်တွင်းမှာ တိုင်းရင်းဆေးအသုံးပြုတာကလွဲလို့ စားသုံးတာမရှိဘူး" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

နှမ်းနက်အမျိုးအစားများအနက် စမုံနက်နှမ်းမှာ အကောင်းဆုံးနှင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်ပြီး ဝယ်လိုအားလည်း နေ့စဉ်ရက်ဆက် အဝယ်လိုက်နေပြီး ၎င်းနှမ်းနက်များနှင့်အတူ ထိုဒေသထွက် နှမ်းညိုများလည်း အဝယ်လိုက်ကြောင်း သိရသည်။

လက်ရှိမန္တလေးနှမ်းနက်ဈေးကွက်တွင် နှမ်းနက် (စမုံနက်)ထိပ်စမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရိုးရိုးနှမ်းနက်မှာ ကျပ် ၁၁၅၀၀၀ ဈေးရှိပြီး နှမ်းညိုမှာ ပေါက်ဈေး ကျပ် ၉၈၀၀၀ ရှိကြောင်း၊ နှမ်းနက်ကို မကွေး၊ အောင်လံဘက်မှ ထွက်ရှိပြီး ပဲတီစိမ်းရိတ်သိမ်းပြီး နောက် သီးထပ်အဖြစ် ရက် ၉၀ အတွင်း အပိုဝင်ငွေရရှိရန် စိုက်ပျိုးကြကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်သူများအား စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေဖြင့်ဝယ်ယူသည့် စက်ကိရိယာများ ပေးအပ်

**မဟာအောင်မြေ အောက်တိုဘာ ၂၉**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲ)စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေစီမံကိန်း JICA (Two Step Loan) ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများသို့ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈) လမ်းရှိ ဂရိတ်ဝေါဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဒေါက်တာစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းချေးငွေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးဆောင်ရွက်ပေးမှုများအား ရှင်းလင်းပြောကြားပြီး JICA Myanmar Office မှ ဒေသဆိုင်ရာတာဝန်ခံ Mr.Mamiru Sakia က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်းနှင့် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူတို့က JICA ချေးငွေဖြင့် ဝယ်ယူသည့် လယ်ယာသုံးစက်ကိရိယာများအား တောင်သူလယ်သမားများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် JICA ချေးငွေဖြင့် ရောင်းချနေသော လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုများအား ကြည့်ရှုအားပေးသည်။ JICA ချေးငွေ ယန်း ၁၅ ဒသမ ၁၃၅ လ ထည့်ဝင်ငွေဖြင့် တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများအတွက်စက်ကိရိယာများဝယ်ယူရန် နှစ်တို ချေးငွေ၊ နှစ်ရှည်ချေးငွေများအား အတိုး ရှစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ**



## အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲ မုံရွာမြို့၌ကျင်းပ




**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအရှေ့ မုံရွာ-ရေဦးကားလမ်းမကြီးပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီခွဲက အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲကို နံနက် ၆ နာရီခွဲက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က သေနတ်ပစ်ဖောက်ကာ ပြိုင်ပွဲကို စတင်တာလွှတ်ပေးရာ ပြိုင်ပွဲဝင်အားကစားသမားများက တိုင်းဒေသကြီး အားကစားကွင်းရှေ့မှ အိုးဘိုတောင်ရပ်ကွက်ရှိ အောင်မင်္ဂလာအဝိုင်းအထိ အသွား/ အပြန်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရအားကစားသမားများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီးတော့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အဓိကထား လုပ်နေပါတယ်။ ကိုယ်လက်လှုပ်ရှားမှုတွေက ဆေးတစ်ပါးလိုပါပဲ။ လူတိုင်းက အားကစားလှုပ်ရှားမှုတစ်ခုကို မဖြစ်မနေ နေ့စဉ်လှုပ်ရှားဆောင်ရွက်ဖို့ကို ရည်ရွယ်ပြီး လုပ်ခြင်းဖြစ်ပါတယ်။ အားလုံးနေ့စဉ်နဲ့အမျှ လှုပ်ရှားပြီး တစ်ဦးချင်းစီကျန်းမာကြံ့ခိုင်လာမယ်ဆိုရင် တစ်နိုင်ငံလုံးကျန်းမာကြံ့ခိုင် လာမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။ တစ်ဦးချင်းစီရဲ့ အသိစိတ်ထဲမှာလည်း ဒီလိုလှုပ်ရှားမှုတွေလုပ်နေမှ ကျန်းမာကြံ့ခိုင်မယ်ဆိုတဲ့ အသိတွေရှိနေစေဖို့အတွက်လည်း အသိလေးတွေပေးချင်တာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်နိုင်ဆွေက ပြောသည်။

အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲသို့ မုံရွာမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း ၁၃ ကျောင်းတို့မှ ကျောင်းသား ၂၉၄ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၃၂၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

■

## မိုင်းဖြတ်တွင် မိုးသည်းထန်စွာရွာသွန်း၍ကျေးရွာချင်းဆက် တံတားနှစ်စင်းနှင့် လယ်မြေ၊ စပါးခင်းအချို့ ပျက်စီး

**မိုင်းဖြတ် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၆ ရက် ညနေ ၂ နာရီခွဲက အိုက်ငုံ့ကျေးရွာအုပ်စုရှိ ဟာကြားဟုန်ချောင်းနှင့် နမ့်ပန်နွဲ့ချောင်းတို့သည် ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ဟာကြားဟုန်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကျေးရွာချင်းဆက် သစ်သားတံတား အလျား ပေ ၂၀၊ အကျယ် ၁၅ ပေနှင့် နမ့်ပန်နွဲ့ချောင်းပေါ်တွင် တည်ဆောက်ထားသည့် သစ်တားတံတား အလျား ပေ ၂၀ အကျယ် ၁၅ ပေရှိ တံတားနှစ်စင်းမှာ ထိခိုက်ပျက်စီးခဲ့ပြီး သစ်သားတံတား ဟာကြားဟုန်ဘေးအနီးတစ်ဝိုက်ရှိ တောင်သူ ငါးဦး၏ လယ်မြေဧကစုစုပေါင်း ၄ ဒသမ ၅၀ ဧကမှ ရိတ်ပြီးစပါးများ ရေထဲသို့ မျောပါပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် တံတားနှစ်စင်းမှာ ဟာကြားဟုန်ကောင်ရွာနှင့် ဝမ်ပိန်းရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်တံတားဖြစ်သည်။

အဆိုပါ တံတားနှင့် လယ်မြေစပါးများပျက်စီးမှုအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်းသက်ဦးနှင့် တာဝန်ရှိ ဌာနဆိုင်ရာများက အောက်တိုဘာ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးလက်နေပြည်သူများ ခရီးသွားလာရာတွင် ကြန့်ကြာမှုမရှိ အလွယ်တကူသွားလာနိုင်စေရန် တံတားများအား အမြန်ပြန်လည်ပြင်ဆင် တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှောလမွန်(မိုင်းဖြတ်)**



## မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိတန်ဖိုးနည်းတိုက်ခန်း ၇၆၀ ကို နှစ်ရှည်အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်

**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဆောက်လုပ်လျက်ရှိသော မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တန်ဖိုးနည်းတိုက်ခန်းများကို အောက်တိုဘာ ၃၀ ရက် မှ ဒီဇင်ဘာ ၂ ရက်အထိ ရုံးချိန်အတွင်း တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနရုံးတွင် လျှောက်လွှာများ လာရောက်ထုတ်ယူ လျှောက်ထားနိုင်ကြောင်း သိရသည်။

"နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းတွေ၊ အခြေခံလူတန်းစားတွေလည်း ဝယ်ယူနိုင်ပါတယ်။ ဝယ်ယူတဲ့လူဦးရေနည်းရင်တော့ လျှောက်တဲ့သူတိုင်းကို ရောင်းချပေးသွားမှာပါ၊ ဝယ်ယူတဲ့လူဦးရေများရင်တော့ မဲစနစ်နဲ့ ရောင်းချပါမယ်၊ အခြေခံလူတန်းစားတွေ အဆင်ပြေအောင်လို့ စီစဉ်ပေးတာပါ၊ အခုတိုက်ခန်းတွေကို မုံရွာမြို့မှာ အခြေချနေထိုင်လိုတဲ့ တခြားတိုင်းဒေသကြီးပြည်နယ်တွေမှာ သွားရောက် တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေ၊ အငြိမ်းစားဝန်ထမ်းတွေမည်သူမဆို လျှောက်ထားနိုင်ပါတယ်။ တိုက်ခန်းတစ်ခန်းမှာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ မီးဖိုခန်းနဲ့ စားသောက်ခန်း တွဲလျက်တစ်ခန်း၊ ရေချိုးခန်းနဲ့ အိမ်သာတွဲလျက် တစ်ခန်းပါပါတယ်။ ကားပါကင်တွေလည်းပါတယ်။ တိုက်ခန်းတွေ အားလုံးတည်ဆောက်ပြီးသွားရင်လည်း ဒီတိုက်ခန်းတွေမှာနေထိုင်တဲ့သူတွေ အဆင်ပြေစေဖို့အတွက် စူပါမားကတ်တစ်ခုလည်း ဆောက်ပေးသွားမှာပါ။ အခုရောင်းချမယ့် တန်ဖိုးနည်းတိုက်ခန်းတွေက ၁၀ နှစ်ကနေ ၁၅ နှစ်အထိ အရစ်ကျငွေချေတဲ့စနစ်နဲ့ ရောင်းချပေးမှာဖြစ်တဲ့အတွက် ဝယ်ယူသူတွေအနေနဲ့ အဆင်ပြေနိုင်ပါတယ်။ ဝယ်ယူသူတွေက မိမိဝယ်ယူလိုတဲ့အထပ်က တိုက်ခန်းဈေးနှုန်းရဲ့ ၃၀ ရာခိုင်နှုန်းကို ချက်ချင်းငွေချေရပါမယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းကိုတော့ မိမိဝယ်ယူလိုတဲ့ နှစ်အကန့်အလိုက် တစ်လချင်း အရစ်ကျငွေချေစနစ်နဲ့ ပေးချေရပါမယ်။ တိုက်ခန်းဝယ်ယူသူတွေအနေနဲ့ လာမယ့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ နေထိုင်နိုင်မှာပါ" ဟု တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းက ပြောသည်။



ယခုရောင်းချပေးမည့် တန်ဖိုးမျှတ တိုက်ခန်းများတွင် မြေညီထပ်ကို ငွေကျပ် ၁၈၇ သိန်း၊ ပထမထပ်ကို ငွေကျပ် ၁၇၇ သိန်း၊ ဒုတိယထပ်ကို ငွေကျပ် ၁၆၇ သိန်း၊ တတိယထပ်ကို ငွေကျပ် ၁၅၇ သိန်းနှင့် စတုတ္ထထပ်ကို ငွေကျပ် ၁၄၇ သိန်းဖြင့် တန်ဖိုးသတ်မှတ်ထားပြီး ဝယ်ယူလိုသည့် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူ၏ ထောက်ခံချက်နှင့် ကိုယ်တိုင်ရေးလျှောက်လွှာဖြင့်လည်းကောင်း၊ အငြိမ်းစားဝန်ထမ်းများ လျှောက်ထားပါက နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့သော ဌာနတာဝန်ရှိသူ၏ ထောက်ခံချက်နှင့်ကိုယ်တိုင်ရေး လျှောက်လွှာဖြင့်လည်းကောင်း၊ အခြေခံလူတန်းစားများလျှောက်ထားပါက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် တိုက်ခန်းဖိုးငွေကို လစဉ်အကျေအလည်ပေးသွင်းရန် အာမခံရမည့် ဆွေမျိုး၊ သို့မဟုတ် မိသားစုဝင်နှစ်ဦး၏ ထောက်ခံချက်များပါရမည်ဖြစ်ကြောင်းနှင့် ဆောက်လုပ်လျက်ရှိသော တန်ဖိုးနည်း တိုက်ခန်းများကို ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၉ လုံးတွင် စုစုပေါင်းအခန်းပေါင်း ၇၆၀ ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း ၀၇၁-၂၄၈၇၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## အခြေခံပညာကျောင်းပေါင်းစုံစက်ဘီးစီးပြိုင်ပွဲ မြစ်ကြီးနားမြို့၌ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ဦးဆောင်၍အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ စုရပ်ပြု၍ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက ရုံးကြီးလမ်းမှ တစ်ဆင့် ဆွမ်ပရာဘွမ်လမ်းအတိုင်း ရွှေစက်ရပ်ကွက် ဗလမင်းထင်လမ်းဆုံသို့အရောက်တွင် အမျိုးသမီးပြိုင်ပွဲဝင် စက်ဘီးစီးအဖွဲ့မှ ထွက်ခွာရာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်၍ စုရပ်သို့ ပြန်လည်ပန်းဝင်ပြီး အမျိုးသားပြိုင်ပွဲဝင် ကျောင်းသားများက အဆိုပါလမ်းဆုံမှ ရွှေစက်ရပ်ကွက် ကရိန်နော်လမ်းဆုံသို့ ဆက်လက်စီးနင်း ပြိုင်ပွဲဝင်ခဲ့ပြီး ၎င်းမှတစ်ဆင့် ပြန်လည်၍ နောက်ကြောင်းပြန်ကာ ထွက်ခွာရာလမ်းအတိုင်းစီးနင်း၍ စုရပ်ဖြစ်သည့် မြို့တော်ခန်းမ၌ ပန်းဝင်ခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဂျွန်ဆင်က "အခုလိုပြိုင်ပွဲတွေ ကျင်းပရခြင်းက လူသစ်တန်းအားကစားသမားများ ပေါ်ထွန်းလာစေရေး ကျင်းပရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြားမှာတော့ မြို့အတော်များများမှာ အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးအားကစားပြိုင်ပွဲတွေကို ကျင်းပပေးလျက်ရှိပါတယ်။ ပြိုင်ပွဲအသီးသီးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က တာဝန်ရှိသူတွေ သွားရောက်ပြီးတော့ ကျင်းပပေးလျက်ရှိပါတယ်။ အားကစားသမားကောင်းများ မွေးထုတ်နိုင်တဲ့အထိ ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရအားကစားသမား ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်နယ် ဘောလုံးအားကစားကွင်းအတွင်းကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသားများအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသူ အမျိုးသမီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမား ၃၀ အထိ ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ် ပညာရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်၍ ပြိုင်ပွဲ၌ ကျောင်းသား ၂၀၅ ဦးနှင့် ကျောင်းသူ ၉၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# လေမဖြတ်စေချင်ပါ

ဒေါက်တာစိုးမြမြအေး

(ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်)

အောက်တိုဘာလ ၂၉ ရက်သည် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ဖြစ်သည်။ မိမိပတ်ဝန်းကျင်တွင် လေဖြတ်ရောဂါခံစားရသော လူနာအရေအတွက် လျော့မသွားဘဲ နှစ်စဉ်ပိုမိုများပြားလာသည်ကို တွေ့နေရပါသည်။ ကျွန်မတို့ ဆေးကျောင်းသားဘဝ၊ အလုပ်သင်ဆရာဝန်ဘဝက လေဖြတ်ရောဂါ ခံစားရသော လူနာဆေးရုံတက်လျှင် တကူးတကသွား၍ လေ့လာစမ်းသပ်ရသည်။ အခုတော့ အစိုးရဆေးရုံရော၊ ပုဂ္ဂလိက ဆေးရုံများတွင်ပါ လေဖြတ်လူနာများမှာ လက်ညှိုးထိုးမလွဲဟုပင် ပြောရမလို ဖြစ်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းများအရ တစ်နှစ်လျှင် ကမ္ဘာ့လူဦးရေ ၁၇ သန်းခန့်မှာ လေဖြတ်ရောဂါ ခံစားရပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံမှာ အသက်ဆုံးရှုံးနေရသည်။ လူခြောက်ဦးလျှင် တစ်ဦးသည် တစ်ချိန်ချိန်တွင် လေဖြတ်ရောဂါဖြစ်နိုင်ခြေရှိပြီး အချိန် ခြောက်စက္ကန့်တိုင်းတွင် ကျား၊ မ မရွေး လေဖြတ်ရောဂါကြောင့် အသက်ဆုံးရှုံးလျက်ရှိနေပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လေဖြတ်ရောဂါသည် မကူးစက်တတ်သောရောဂါများအနက် အဖြစ်အများဆုံး ရောဂါတစ်ခုထဲတွင် ပါဝင်နေသည်ကို သိရသည်။ ထို့အပြင် ကျွန်မတို့နိုင်ငံတွင် လေဖြတ်ရောဂါကို အသက်ငယ်သောသူများပါ အဖြစ်များလာသည်ကိုတွေ့ရှိရ၍ ကာကွယ်ကုသရေးလုပ်ငန်းများကို အားလုံးပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ရန် အလွန်အရေးကြီးလာသည်ကို သတိပြုစေလိုပါသည်။

လေဖြတ်သောလူနာအရေအတွက် များပြားလာသည်ကို သိနေကြသော်လည်း လေဖြတ်ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြီးမားမှုကို လေဖြတ်ရောဂါ ကိုယ်တိုင်ခံစားရသူနှင့်မိသားစုဝင်များသာလျှင် အသိဆုံးပင်ဖြစ်သည်။ စိတ်သွားတိုင်းကိုယ်ပါ သွားလာလှုပ်ရှားနေနိုင်သောဘဝမှ ရုတ်ခြည်းဆိုသလိုသူများထူမှ၊ ထမှ လှုပ်ရှားနိုင်ပြီး အစာ၊ ရေ မမျိုနိုင်၊ ဆီးဝမ်းမသွားနိုင်ဖြစ်ကာ အချို့မှာ အသက်ပါဆုံးရှုံးသည်အထိ ဖြစ်ကြရပါသည်။

အချို့မှာ အသက်မသေသော်လည်း နာတာရှည် ဒုက္ခိတဘဝနှင့်ရက်၊ လ၊ နှစ်များအထိ ကြာမြင့်စွာ ခံစားကြရသည်။ လူနာသာမက တစ်မိသားစုလုံး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစစအရာရာ ထိခိုက်မှုအနည်းနှင့်အများရှိကြသည်ချည်းဖြစ်ပါသည်။ ထိုမျှမက တိုင်းပြည်၏ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များပြားစေခြင်း၊ လူသားအရင်းအမြစ် စွမ်းအားကျဆင်းခြင်း၊ လူမှုအသိုင်းဝိုင်းတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းစသည့်နောက်ဆက်တွဲပြဿနာများစွာသည် မဆုံးနိုင်တော့ပါ။

ကျွန်မတို့နိုင်ငံတွင် လေဖြတ်ရောဂါ ဖြစ်ပွားနှုန်းများလာခြင်းမှာ 'ဘာကြောင့်လဲ' ဟု မေးစရာရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားသောက်နေထိုင်မှုစရိုက်ပြောင်းလဲလာခြင်းကြောင့် လေဖြတ်ရောဂါဖြစ်စေနိုင်သော အကြောင်းအရင်းများလာခြင်း၊ မိမိ၌ အဆိုပါအကြောင်းအရင်းများရှိနေသည်ကို မသိရှိခြင်း၊ သိရှိသော်လည်း ကောင်းမွန်စွာမကုသခြင်း၊ လေဖြတ်ပြီးလျှင်လည်း ထိရောက်သောကုသမှုကို စနစ်တကျ မခံယူခြင်း၊ လူမှုစီးပွားရေးအခက်အခဲများကြောင့် ကာကွယ်ကုသမှုမပြုလုပ်နိုင်ခြင်း၊ ကျေးလက်နှင့် မြို့ပြအကြား ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကွာခြားနေသေးခြင်း၊ ကြိုတင်ကာကွယ်သော စီမံချက်များ အကောင်အထည်ဖော်ရန် အခက်အခဲများရှိခြင်းတို့သည် လေဖြတ်ရောဂါ ဖြစ်ပွားနှုန်းများနေရသည့် အဓိက အကြောင်းအရင်းများပင်ဖြစ်ပါသည်။

ပြည်သူလူထုအားလုံး ကျန်းမာရေးဗဟုသုတများ တိုးပွားလာစေရန် ပညာပေးလုပ်ငန်းများကို လက်လှမ်းမီသလောက် ပြုလုပ်ပေးလိုသောဆန္ဒဖြင့် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

ထိုသို့တင်ပြရာတွင် လေဖြတ်ရောဂါကာကွယ်ကုသရာ၌ သိထားသင့်သည့် ဗဟုသုတများ၊ လူနာနှင့် မိသားစုဝင်များ မေးလေ့ရှိသော မေးခွန်းများကို အဖြေများနှင့်တကွ အပိုင်းများခွဲ၍ တင်ပြမည်ဖြစ်ပါသည်။

**လေဖြတ်ရောဂါ** (Stroke) **ဆိုတာဘာလဲ။**

လေဖြတ်ရောဂါဆိုသည်မှာ ဦးနှောက်၏အစိတ်အပိုင်းများကို အထောက်အပံ့ပေးသော သွေးအလုံအလောက်မရရှိသဖြင့် ၎င်းအစိတ်အပိုင်းများမှ ထိန်းချုပ်ထားသော လုပ်ငန်းများကို ခန္ဓာကိုယ်မှ မလုပ်ဆောင်နိုင်တော့ဘဲ လေဖြတ်ရောဂါ လက္ခဏာများ ခံစားရခြင်းဖြစ်ပါသည်။

**လေဖြတ်ခြင်းရောဂါ ဘယ်နှစ်မျိုးရှိပါသလဲ။**

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း (Cerebral Infarction) နှင့်ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်း (Cerebral haemorrhage) ဟူ၍ အဓိကနှစ်မျိုးရှိပါသည်။

အချို့က သွေးကြောပေါက်၍ ဖြစ်လာသောသွေးခဲကို အစွဲပြု၍ ဦးနှောက်အတွင်း သွေးခဲသွားသည်ဟု ပြောသကဲ့သို့ အချို့က သွေးကြောအတွင်း သွေးခဲငယ် ပိတ်ဆို့သွားသည်ကိုလည်း သွေးခဲသည်ဟု ပြောဆိုနေကြ၍ ယခင်က ဖြစ်ဖူးသော လေဖြတ်ခြင်းအမျိုးအစားကို မေးလိုက်သောအခါ လူနာများမှာ သေချာစွာ မဖြေနိုင်တော့ပေ။ ၎င်းလေဖြတ်အမျိုးအစားနှစ်ခုအတွက် ကုသမှုမှာ ကွာခြားသဖြင့် လူနာများ ရှင်းရှင်းလင်းလင်း မှတ်သားရလွယ်အောင် ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းနှင့်ဦးနှောက်သွေးကြောပေါက်၍လေဖြတ်ခြင်းဟုသာ ခေါ်ဝေါ်သုံးစွဲကြရန် အကြံပေးချင်ပါသည်။

> "တစ်နှစ်လျှင် ကမ္ဘာ့လူဦးရေ ၁၇ သန်းခန့်မှာ လေဖြတ်ရောဂါ ခံစားရပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံမှာ အသက်ဆုံးရှုံး . . .
> ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းနှင့်ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းဟူ၍ အဓိကနှစ်မျိုးရှိ . . ."

**လေဖြတ်စေသော အကြောင်းရင်းတွေက ဘာပါလဲ။**
**ဘယ်လိုလူတွေက လေဖြတ်နိုင်ခြေများပါသလဲ။**

လေဖြတ်ရောဂါခံစားရသော လူနာများနှင့်၎င်းတို့ မိသားစုများကို "လေဖြတ်စေနိုင်သော အကြောင်းအရင်းများသိသလား" ဟု မေးသောအခါ တော်တော်များများက သေချာစွာမသိကြသည်ကို တွေ့ရပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါဆိုင်ရာအဖွဲ့အစည်း World Stroke Organization (WSO)က ယခုနှစ် ထုတ်ပြန်သော လေဖြတ်စေနိုင်သည့် အဓိကအကြောင်းအရင်းများသည် နားလည်ရန်၊ မှတ်မိရန် လွယ်ကူသည်ကို တွေ့ရှိရပါသည်။ လေဖြတ်သူများ၏ ၉၀ ရာခိုင်နှုန်းမှာ ၎င်းအကြောင်းအရင်း ၁၀ ခုနှင့်ဆက်နွယ်နေကြောင်း World Stroke Organization(WSO)မှ အောက်ပါအတိုင်းထုတ်နုတ်တင်ပြထားပါသည်-

(၁) **သွေးတိုးရောဂါရှိခြင်း။**
လေဖြတ်လူနာများ၏ ထက်ဝက်မကတွင် သွေးတိုးရောဂါရှိနေသည်ကို တွေ့ရသည်။

(၂) **ကိုယ်လက် လှုပ်ရှားမှုနည်းခြင်း၊ အားကစားမလုပ်ခြင်း။**
လေဖြတ်လူနာများ၏သုံးပုံတစ်ပုံနှင့် အထက်သည် ကိုယ်လက်လှုပ်ရှားမှု မရှိခြင်း၊ အားကစားပုံမှန်ပြုလုပ်ခြင်းမရှိသည်ကို တွေ့ရပါသည်။

(၃) **ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်မစားခြင်း။**
လေဖြတ်လူနာများ၏ လေးပုံတစ်ပုံခန့်သည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်မစားသောကြောင့် နောက်ဆက်တွဲ အဝလွန်ခြင်း၊ သွေးတိုး၊ ဆီးချိုသွေးချို၊ သွေးတွင်းအဆီဓာတ်များခြင်းစသော ရောဂါများ ဖြစ်လာတတ်၍ အစားအသောက် စားသောက်မှု ပုံစံသည်လည်း အရေးပါကြောင်း တွေ့ရှိရပါသည်။

(၄) **သွေးတွင်း အဆီဓာတ်များခြင်း။**
မကောင်းသော သွေးတွင်းအဆီဓာတ် (LDL Cholesterol) များနေသည်ကို လေဖြတ်လူနာများ၏ လေးပုံတစ်ပုံထက်ပို၍ တွေ့ရတတ်ပါသည်။ ကျွန်မတို့နိုင်ငံတွင် လေဖြတ်လူနာများကို အဆီဓာတ် စစ်ကြည့်ပါက လေးပုံသုံးပုံထက်ပိုသော လူနာများမှာ LDL များနေသည်ကိုတွေ့ရပါသည်။ ပြည့်ဝဆီစားသုံးမှုများခြင်း (ဥပမာ- တိရစ္ဆာန်အဆီ၊ စားအုန်းဆီ၊ အုန်းဆီ၊ အုန်းနို့) နှင့်ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ကို ရွေးချယ်စားသုံးနိုင်သော ဗဟုသုတနည်းနေမှုများသည် အဓိကအကြောင်းများဖြစ်ပါသည်။

(၅) **အဝလွန်ခြင်း။**
အဝလွန်သော လူ ငါးယောက်တွင် တစ်ယောက်သည် လေဖြတ်နိုင်ခြေရှိပါသည်။

(၆) **ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီး သုံးစွဲခြင်း။**
ဆေးလိပ်သောက်သူများမှာ လေဖြတ်နိုင်ခြေပိုများပါသည်။ ဆေးရွက်ကြီးသုံးစွဲခြင်းသည်လည်း လေဖြတ်နိုင်ခြေရှိသည်ကို အတော်များများ မသိကြသည်ကို တွေ့ရပါသည်။ အနောက်နိုင်ငံများတွင် ကွမ်းစားသည့်ဓလေ့ မရှိသော်လည်း ကျွန်မတို့ အရှေ့တိုင်းနိုင်ငံများတွင် ကွမ်းကို ဆေးရွက်ကြီးထည့်စားသည့် အလေ့အထများလာမှုကြောင့် ထိုအချက်ကို သတိထားစေချင်ပါသည်။ ဆေးလိပ်သောက်သောလူနာများ လေဖြတ်သောအခါ ဆေးလိပ်ဖြတ်ရန် ရှင်းပြလိုက်ပြီး နောက်တစ်ခါ ဆေးရုံ၊ ဆေးခန်းလာပြ၍ "ဆေးလိပ်ပြတ်သွားပြီလား" ဟု မေးလျှင် "ဝမ်းပန်းတသာနှင့် ဖြတ်လိုက်ပြီဆရာမ" ဟု ပြောပြီး ကွမ်းစားထားသည်ကို တွေ့ရတတ်ပါသည်။ ကွမ်းယာထဲမှာပါနေသော ဆေးရွက်ကြီးကလည်း ဆေးလိပ်သောက်ခြင်းနှင့်တူကြောင်း ရှင်းပြသည့်အခါ 'မျက်နှာငယ်လေးနဲ့' ပြန်ကြည့်နေတတ်ပါသည်။ သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ် ပညာပေးများ ဖော်ပြပေးနေသောကြောင့် ပြည်သူများ ပိုမိုသတိပြုလာနိုင်မည်ဟုယူဆပါသည်။

(၇) **အရက်အလွန်အကျွံသောက်ခြင်း။**
အရက်အလွန်အကျွံသောက်သူများတွင် လေဖြတ်နိုင်ခြေ ပိုများသည့်အချက်ကို အသိများကြမည်ဟု ယူဆပါသည်။ 'တချို့က ဆေးဖြစ်ဝါးဖြစ် နည်းနည်းသောက်ရင် ရတယ်မဟုတ်လား' ဟု မေးတတ်ကြပါသည်။ သတ်မှတ်ထားသော ပမာဏထက် မကျော်ပါက ရသည်ဟုဆိုသော်လည်း အရက်သောက်တတ်သူ အများစုမှာ စိတ်မထိန်းနိုင်ဘဲ ပမာဏ တိုးတိုးလာတတ်ကြသည်က ပိုများတတ်၍ မိမိစိတ်ကို မိမိနိုင်ရန်၊ သိရန် လိုပါသည်ဟုသာ ပြန်ဖြေရပါသည်။

(၈) **နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးရောဂါရှိခြင်း။**
နှလုံးခုန်နှုန်း မမှန်ခြင်း (Atrial fibrillation) နှင့် နှလုံးရောဂါရှိသူတို့မှာ လေဖြတ်နိုင်ခြေပိုများ၍ ကုသပေးနေသော ကျန်းမာရေးဝန်ထမ်းများကလည်း လေမဖြတ်အောင် ကြိုတင်ကာကွယ်ရန်အတွက် တတ်ကျွမ်းနားလည်သော သမားတော်ထံ လွှဲပြောင်းကုသပေးရန် အရေးကြီးပါသည်။

(၉) **ဆီးချိုသွေးချိုရောဂါရှိခြင်း။**
ဆီးချိုသွေးချိုရောဂါရှိသူများသည် မရှိသူများထက် လေဖြတ်နိုင်ခြေ လေးဆပိုများသဖြင့် ထိရောက်စွာ ကုသမှုခံယူရန် အလွန်အရေးကြီးပါသည်။

(၁၀) **ဝင်ငွေနည်းပါးခြင်းနှင့်ပညာရေးနိမ့်ကျခြင်း။**
အထက်ပါအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လေဖြတ်ရောဂါ အဖြစ်များခြင်း၏ အကြောင်းအရင်းထဲမှ အဓိကအချက်တစ်ခုဖြစ်လာပါသည်။ ဝင်ငွေနည်းပါးခြင်းနှင့် ပညာရေးနိမ့်ကျခြင်းကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်နေထိုင်မှုကိုရရှိရန် အတားအဆီးများရှိလာသည့်အတွက် လေဖြတ်စေသော အကြောင်းအရင်းများလာ၍ ဖြစ်ပွားနှုန်းလည်း တိုးလာပါသည်။ ကျွန်မတို့နိုင်ငံအနေဖြင့် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာရန် ဆုတောင်းမိပြီး လေဖြတ်ရောဂါ ဖြစ်ပွားနှုန်းလည်း ကျဆင်းလာမည်ဟု မျှော်လင့်မိသည်။

**လေဖြတ်ရောဂါလက္ခဏာများက ဘာတွေပါလဲ။**

လေဖြတ်ခြင်းကြောင့် ထိခိုက်သွားသော ဦးနှောက်အစိတ်အပိုင်းများ၏နေရာပေါ် မူတည်၍ ခံစားရသည့်လက္ခဏာများ မတူညီပါ။ အချို့က မျက်နှာရွဲ့၊ လက်၊ ခြေမလှုပ်နိုင်၊ စကားဗလုံးဗထွေးဖြစ်မှ လေဖြတ်သည်ဟု ထင်တတ်ကြပါသည်။ ထို့ကြောင့် ဦးနှောက်ကို ကွန်ပျူတာဓာတ်မှန်ရိုက်ကြည့်သောအခါ သွေးကြောပိတ်ထားသည့် ဒဏ်ရာအဟောင်းများတွေ့ရ၍ ယခင်က လေဖြတ်ဖူးသလားဟုမေးလျှင်မသိကြခြင်းဖြစ်သည်။

**သိထားသင့်သော လေဖြတ်ရောဂါ၏လက္ခဏာများမှာ –**

- မျက်နှာတစ်ခြမ်း ထုံကျဉ်ခြင်း၊ ရွဲ့သွားခြင်း။
- လက်၊ ခြေ တစ်ဖက် (သို့မဟုတ်) နှစ်ဖက် ထုံကျဉ်ခြင်း၊ လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်တော့ခြင်း။
- လမ်းလျှောက်ရာတွင် ဒယိမ်းဒယိုင်ဖြစ်ခြင်း၊ ထိန်းချုပ်မှုအားနည်းခြင်း။
- စကားမပြောနိုင်ခြင်း၊ အမေးတခြား အဖြေတခြားဖြစ်ခြင်း။
- စကားဗလုံးဗထွေးဖြစ်ခြင်း၊ မိမိပြောသောစကားကို သူများနားမလည်ခြင်း။
- ရုတ်တရက် အမြင်အာရုံ ချို့ယွင်းခြင်း။
- ရုတ်တရက် မှတ်ဉာဏ် ချို့ယွင်းခြင်းနှင့် အာရုံစူးစိုက်မှုအားနည်းခြင်း။
- အစာ၊ ရေ မျိုရခက်ခြင်း။
- ဆီး၊ ဝမ်း မထိန်းနိုင်ခြင်း။
- ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ တက်ခြင်း။
- သတိလစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း။

လေဖြန်းခြင်းနှင့်လေဖြတ်ခြင်း တူပါသလား။

လေဖြတ်လူနာများတွင် လေဖြတ်ရောဂါ လက္ခဏာများမဖြစ်မီ လပိုင်း၊ ရက်ပိုင်း (သို့မဟုတ်) နာရီပိုင်းအလိုတွင် မျက်နှာရွဲ့သွားခြင်း၊ လက်ခြေလေးခြင်း၊ ထုံကျဉ်ခြင်း၊ စကားမပြောနိုင်ခြင်းတို့ ခေတ္တခဏမျှ ဖြစ်သွားခြင်းကို လေဖြန်းခြင်း(Transient Ischaemic Attack or TIA) ဟု ခေါ်ပါသည်။ ၎င်းလက္ခဏာများမှာ အများအားဖြင့် တစ်နာရီထက် ပိုကြာလေ့မရှိပါ။ အဆိုပါ လေဖြန်းခြင်းလက္ခဏာသည် တစ်ခဏတည်းနှင့်ပြန်ပျောက်သွားတတ်၍ လူနာအများစုသည် ဂရုမစိုက်မိဘဲ အချိန်မီကုသမှုခံယူရန် မလုပ်ဆောင်မိခြင်းဖြစ်ပါသည်။

စာမျက်နှာ ၂၁ သို့

# လိုရာဆု အတွက် အချိန်သုံးနှစ်နီးပါးပြင်ဆင်ခဲ့ရတယ်ဆိုတဲ့ ဆုန်သင်းပါရ်




၂၀၀၀ ပြည့်နှစ်ဝန်းကျင်က "ကမ္ဘာကြီးက ကျဉ်းလွန်းပါတယ်"တေးသီချင်းနဲ့ ပရိသတ်အားပေးမှုစတင်ရရှိခဲ့ပြီး ယနေ့အချိန်ထိ အောင်မြင်နေဆဲဖြစ်တဲ့ တေးသံရှင် ဆုန်သင်းပါရ်ရဲ့ ပဉ္စမမြောက်တစ်ကိုယ်တော်တေးစီးရီးကို ယခုလ ၂၅ ရက်က The Sun Music Production မှ ဖြန့်ချိလိုက်ပြီဖြစ်ပြီး ဒီစီးရီးအတွက် အချိန်ကာလအားဖြင့် သုံးနှစ်လောက် အချိန်ယူပြင်ဆင်ခဲ့ရတယ်လို့ ဆုန်သင်းပါရ်က ပြောပါတယ်။

"ဒီအခွေက ကြာတယ်။ စပြီးလုပ်မယ်ဆိုကတည်းက အချိန်သုံးနှစ်နီးပါးရှိပြီပေါ့။ သီချင်းတွေ အရင်ရွေးကြတယ်။ ရွေးတဲ့အထဲက မကြိုက်လို့ပြန်ဖြုတ်တယ်။ တီးကြတယ်၊ ဆိုကြတယ်။ ဆိုပြီးနောက်ပိုင်းလည်း မကြိုက်လို့ပြန်ဖြုတ်လိုက်တဲ့ သီချင်းတွေရှိသေးတယ်။ တော်တော်ကြာသွားတယ်။ ကိုယ့်စိတ်ကြိုက်လို့ပဲပြောရမှာပါ။ ကိုယ်ဆိုခဲ့တဲ့သီချင်းတွေ တော်တော်များများကလည်း ကိုယ်ကြိုက်လို့ဆိုခဲ့တဲ့သီချင်းတွေပါပဲ။ ပရိဂျူဆာဆိုခိုင်းလို့ဆိုခဲ့တဲ့ စုပေါင်းစပ်ပေါင်း သီချင်းတွေကလွဲရင် ဆုန်သင်းဆိုခဲ့တဲ့သီချင်းတွေက ကိုယ်တိုင်နှစ်သက်လို့ဆိုထားတာပါ"လို့ ဆုန်သင်းပါရ်က ပြောပါတယ်။

တေးစီးရီးအမည်ကို လိုရာဆု လို့ပေးဖြစ်ခဲ့တဲ့အပေါ် "ကိုယ့်ဘက်က ယုံကြည်မှုရှိတယ်ဆိုရင် ဘယ်အရာမဆို ရအောင်ယူလို့ရတယ်။ စိတ်အားထက်သန်ဖို့ပဲလိုတယ်ဆိုတဲ့အဓိပ္ပာယ်လေးပါ။ အဲဒါကို သဘောကျတဲ့အတွက် အခွေနာမည်လေးပေးဖြစ်ခဲ့တာပါ။ သီချင်းစုစုပေါင်းကတော့ ၁၁ ပုဒ်ပါပါတယ်။ ဒီအခွေကို ဆုန်သင်း အပြည့်အဝကိုကြိုးစားပြီးတော့ သီဆိုထားတာဖြစ်တာမို့ ပရိသတ်တွေကိုလည်း ဆုန်သင်းအခွေထွက်နေပါပြီ၊ အားပေးကြပါလို့ ပြောချင်ပါတယ်" လို့ လိုရာဆုနဲ့ပတ်သက်ပြီး ဆုန်သင်းပါရ်က ပြောပြခဲ့ပါတယ်။ တေးသံရှင် ဆုန်သင်းပါရ်ရဲ့ ငါးခွေမြောက် တစ်ကိုယ်တော်တေးစီးရီးဖြစ်တဲ့ လိုရာဆုတေးစီးရီးမှာ ပါဝင်ရေးသားပေးထားကြတဲ့ တေးရေးတွေကတော့ မင်းချစ်သူ၊ စောခူဆဲ၊ မြင့်မိုးအောင်၊ အငဲ၊ လင်းလင်း၊ အောင်ကိုမြင့်နဲ့ ဖိုးအိတို့ဖြစ်ပြီး Dream Lover Band မှ တာဝန်ယူ တီးခတ်ပေးထားသလို Metal Zone စတူဒီယိုမှာ အသံသွင်းထားတာပဲဖြစ်ပါတယ်။

## မြန်မာသံတူရိယာဂီတကို ခံစားနားဆင်လိုသူတွေအတွက် မြစ်မင်းနဲ့ လေပြေ တေးစီးရီး

မြန်မာသံတူရိယာဂီတကို သီးသန့်ခံစားနားဆင်လိုသူတွေအတွက်ရည်ရွယ်ကာ နှဲတူရိယာပညာရှင် မျိုးမင်းသန်း တီးခတ်ဖန်တီးထားပြီး ယင်းနှင့်အတူ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု တက္ကသိုလ်တို့ ပူးပေါင်းစီစဉ်တင်ဆက်ထားသည့် "မြစ်မင်းနဲ့ လေပြေ" တေးစီးရီးကို လာမယ့် နိုဝင်ဘာ ၃ ရက်မှာ ပြည်တော်ထုတ်လုပ်ရေးကနေ ဖြန့်ချိပေးသွားမယ်လို့သိရပါတယ်။ အပုဒ်ရေစုစုပေါင်း ၁၁ ပုဒ်ပါဝင်တဲ့ ဒီအခွေမှာ နှဲဆရာမျိုးမင်းသန်းနဲ့အတူ ထပ်ဆင့်အကယ်ဒမီ ဓိရာမိုရ်၊ အကယ်ဒမီမြန်မာပြည်ကျောက်စိမ်း၊ ဖိုးသကြိန်၊ သန်းဝင်း၊ ရီရီသန့်၊ ကျော်ကျော်ဟန်၊ မန္တလေးမောင်မော် (ဘိသိက်)နဲ့ ကလေးအဆိုတော် ရွှန်းလဲ့ဖြိုးတို့လည်း ပါဝင်အားဖြည့်ထားကြတယ်လို့သိရပါတယ်။

"ဒီအခွေလေးက အတီးအဓိကပါပဲ။ စုစုပေါင်း ၁၁ ပုဒ်ထည့်ပေးထားပါတယ်။ ၁၁ ပုဒ်လုံးကို ကျွန်တော် နဲ၊ ပလွေ တို့နဲ့တီးခတ်ထားပါတယ်။ သီချင်းတွေကတော့ အရင်ကတည်းကရှိခဲ့တဲ့ ကြည်နူးဖွယ်မဟာဂီတသီချင်းတွေပါဝင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသက်သွေးကြောဖြစ်တဲ့ မြစ်မင်းဧရာဝတီကြီးကို တင်စားထားတဲ့ သီချင်းသံစဉ်လေးတွေလည်း ထည့်သွင်းထားပါတယ်။ တကယ့်ရိုးရာအစစ်ကို နားဆင်ခံစားရမှာပါ။ ဒီအခွေလေးကို ငွေကြေးအတွက် အဓိကထားပြီးထုတ်ခဲ့တာမဟုတ်ပါဘူး။ မြန်မာ့အနုပညာကို ဖော်ထုတ်ထိန်းသိမ်းလိုတဲ့ စိတ်ဆန္ဒကြောင့် ကျွန်တော့်အနုပညာကနေရတဲ့ငွေကြေးလေးတွေ စုဆောင်းပြီး ဒီအခွေလေးကိုထုတ်ဖြစ်ခဲ့တာပါ။ ပြီးတော့ နှဲဆိုတာ ကျွန်တော်တို့မြန်မာတွေသာပိုင်ဆိုင်တဲ့ ဂီတတူရိယာတစ်ခုဖြစ်တဲ့အပြင် ခုနောက်ပိုင်းမှာ နှဲပညာကို ထိန်းသိမ်းမယ့်သူဆိုတာလည်း နည်းလာတယ်။ ဆိုင်းဆရာပြီးရင် နှဲဆရာဆိုတာလည်း မရှိမဖြစ်ပါပဲ။ နှဲပညာကို တတ်မြောက်အောင် သင်ကြားပေးခဲ့ကြတဲ့ ကျွန်တော့်ရဲ့ဆရာသမားတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ထုတ်တာဆိုလည်း မမှားပါဘူး။ အဲဒါကြောင့် ငွေကြေးအကျိုးအမြတ်ဆိုတာထက် အနုပညာစစ်စစ်ကိုပဲ ပြလိုက်နိုင်ရင် ကျေနပ်ပါပြီ"လို့ ဒီအခွေနဲ့ပတ်သက်ပြီး နှဲဆရာ မျိုးမင်းသန်းက ပြောပါတယ်။ နှဲဆရာ မျိုးမင်းသန်းဟာ နှဲပညာရပ်နဲ့ ပွဲပေါင်းများစွာဖျော်ဖြေခဲ့သူဖြစ်သလို ဒီအခွေလေးကို ထုတ်လုပ်ဖြစ်ခဲ့တဲ့အချိန်မှာတော့ ပွဲအရေအတွက်စုစုပေါင်း ၁၀၀၀ တိတိကို တီးမှုတ်ဖျော်ဖြေခဲ့ပြီးဖြစ်ပါတယ်။

## တောတောင်ရေမြေသဘာဝအလှအပတွေ ဦးစားပေးရိုက်ကူးထားတယ်ဆိုတဲ့ မနော




ကြာဖြူ၊ သနပ်ခါးလေးနဲ့မောင့်ချစ်သူ၊ ဗိုလ်အောင်ဒင်လို လူကြမ်း စတဲ့တေးသီချင်းတွေနဲ့ ပရိသတ်အားပေးမှုကို ရရှိထားတဲ့ တေးသံရှင်မနောက "ချမ်းမြေ့ပါစေ အမေ" တေးစီးရီးမှာ တောတောင်ရေမြေသဘာဝအလှအပတွေကို ဦးစားပေးရိုက်ကူးထားတယ်လို့ပြောပါတယ်။

"ကျွန်တော် ချမ်းမြေ့ပါစေ အမေ စီးရီးကို ကျွန်တော့် မွေးရပ်မြေမှာ ရိုက်ကူးထားတာပါ။ အဓိကရည်ရွယ်ချက်ကတော့ တောတောင်ရေမြေသဘာဝအလှအပတွေကို ပုံဖော်ရိုက်ကူးချင်တာကြောင့်ပါ။ တကယ်လည်း ကျွန်တော် အချိန်ရော၊ ငွေရော သေချာပေးပြီး ရိုက်ကူးထားတာလေးပါ။ ဒီခွေလေးက ရသပုံစံအသစ်တွေခံစားရမယ့်အခွေလေးပါ။ မိဘမေတ္တာကို ဖော်ကျူးထားတဲ့သီချင်းလေးလည်းပါဝင်ပါတယ်။ ပရိသတ်တွေအားပေးရကျိုးနပ်အောင် အကောင်းဆုံးကြိုးစားထားတာဖြစ်တဲ့အတွက် နှစ်သက်သဘောကျကြလိမ့်မယ်ထင်ပါတယ်"လို့ မနောက ပြောပါတယ်။

တေးသီချင်း စုစုပေါင်း ၁၃ ပုဒ်ပါဝင်တဲ့ ဒီစီးရီးဟာ တေးသံရှင် မနောရဲ့ စတုတ္ထမြောက်တေးစီးရီးဖြစ်ပြီး တေးရေးတွေအနေနဲ့ ဂီတစာဆို မောင်ကြေးမုံ၊ တွံတေးစိုးအောင်၊ သဟာအောင်၊ ကျောင်းဆရာကြီးတို့က ပါဝင်ရေးသားပေးထားကြသလို သရုပ်ဆောင်တွေအနေနဲ့ ဒိန်းဒေါင်၊ အေးမြတ်သူ၊ အိချောပို၊ ယမင်း၊ သီရိကျော်၊ မေကြေးမုံ၊ စိုးမိုးကြည်နဲ့ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဒီအခွေကိုတော့ အောက်တိုဘာ ၂၉ ရက်မှာ လှိုင်းတေးသံသွင်းကနေ ဖြန့်ချိပေးသွားမှာပဲဖြစ်ပါတယ်။

## ပြေတီဦးအိပ်မပျော်ဖြစ်ခဲ့ရတဲ့ ရင်ဘတ်ထဲကခါး

ရုံမတင်ခင်ကတည်းက ပရိသတ်ပါးစပ်ဖျား ရေပန်းစားခဲ့တဲ့ "ရင်ဘတ်ထဲကခါး" ရုပ်ရှင်ဇာတ်ကားမှာ အမျိုးသမီးပရိသတ်မုန်းလောက်အောင် သရုပ်ဆောင်ပီပြင်ခဲ့တဲ့ ပြေတီဦးက ဒီဇာတ်ကားအတွက် အိပ်မပျော်ဖြစ်ခဲ့ရတဲ့ အချိန်တွေတောင်ရှိခဲ့တယ်လို့ ဆိုလိုက်ပါတယ်။

"ဒီဇာတ်ကားမှာ ကျွန်တော်အရမ်းကြိုက်တဲ့ ဒိုင်ယာလော့ခ်တွေ၊ ဇာတ်ဝင်ခန်းတွေ တော်တော်လေးပါပါတယ်။ တချို့ဇာတ်ဝင်ခန်းတွေမှာ ပြောရမယ့် ဒိုင်ယာလော့ခ်တွေကိုကြိုက်လို့လည်း ဒီဇာတ်ကားကို လက်ခံရိုက်ကူးခဲ့တာပါ။ ကျွန်တော်ကြိုက်တဲ့ ဇာတ်ဝင်ခန်းတချို့ကိုဖြတ်မယ်ဆိုပြီး ဒါရိုက်တာက ပြောလာတော့ ကျွန်တော် အိပ်မပျော်တော့ဘူး။ အဲဒီအခန်းတွေကို မဖြတ်ပါစေနဲ့ဆိုပြီး ဆုတောင်းခဲ့ရတယ်။ ကျွန်တော်က ဒီအခန်းတွေကိုကြိုက်လို့ ဒီကားကိုရိုက်ခဲ့တာဆိုတော့လေ။ ကျွန်တော်ကြိုက်တဲ့ အခန်းတွေ၊ ကျွန်တော်ပြောချင်တဲ့စကားတွေကို ဖြတ်လိုက်မယ်ဆိုရင် သွားပြီလေ။ နောက်ပိုင်းမှာတော့ ကျွန်တော့် ဆုတောင်းပြည့်သွားပါတယ်။ ဒါရိုက်တာက အဲဒီအခန်းတွေကို မဖြတ်တော့ဘူးဆိုပြီး ဖုန်းပြန်ဆက်တယ်။ အဲဒီအခန်းလေးတွေက ဘယ်အခန်းဖြစ်မလဲဆိုတာရယ်၊ ကျွန်တော် ပြောချင်တဲ့စကားနဲ့ ပရိသတ်တွေထင်တဲ့ဟာနဲ့ တူမလားဆိုတာရယ်ကို ခန့်မှန်းကြည့်စေချင်ပါတယ်"လို့ ပြေတီဦးက ပြောပြခဲ့ပါတယ်။

ဒါရိုက်တာ ဝိုင်း ရိုက်ကူးထားတဲ့ "ရင်ဘတ်ထဲကခါး" ဇာတ်ကားဟာ စာရေးဆရာမ လမင်းမိုမို့ရဲ့ နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ "အမှောင်ထဲမှာ" အမည်ရှိဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားတာပဲဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ သရုပ်ဆောင် ပြေတီဦး၊ ထွန်းအိန္ဒြာဗိုလ်၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ မေကဗျာနဲ့ အခြားအနုပညာရှင်များစွာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

မေနှင်းဆီ - ရေးသားသည်

ကြေးမုံ

အောက်တိုဘာ ၃၀၊ ၂၀၁၇

# စုပေါင်းမဟာဘုံကထိန် လှည့်လည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးရှိ ဈေးသူ ဈေးသား မိသားစုများ၏ နဝမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲနှင့်လှည့်လည်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် ဗဟိုစံပြငါးဈေးကြီး၌ ကျင်းပသည်။

စုပေါင်းမဟာဘုံကထိန် ကထိန်အာနိသင်အရ မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် ကျောက်ရေတွင်း မြောက်ပိုင်း ရန်ကြီးအောင်လမ်း နန်းဦးဘုန်းတော်ကြီးသင်ပညာရေးနှင့် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး (ပရဟိတ) ကျောင်းတိုက်သို့ ကထိန်သင်္ကန်းနှင့် ငွေကျပ်သိန်း ၁၀၀ အပါအဝင် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

နဝမအကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲတွင် ဈေးသူဈေးသားများ၏ လှူဒါန်းငွေအားလုံးကို ဗဟိုစံပြငါးဈေးကြီး၏ ဆရာဒါယကာ ကျောင်းဖြစ်သော ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကျောင်း ၁၁ ကျောင်းအား တစ်ကျောင်းလျှင် ကျပ် ၁၀ သိန်းကျော်စီလှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်စော**



# အခြေခံမြို့ပြရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲ ကျင်းပ

**မရမ်းကုန်း အောက်တိုဘာ ၂၉**

မီးသတ်တပ်ဖွဲ့ဝင်များ၏ အခြေခံမြို့ပြရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E Mr Olivier RICHARD တို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ မီးသတ်တပ်ဖွဲ့ဝင်တိုင်း၌ မီးငြိမ်းသတ်ရေးသာမက ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေပြီး နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်ဖြစ်သည်။

ထို့နောက် သင်တန်းဆင်းတပ်ဖွဲ့ဝင် ၃၀ က မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ကြရာ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးတင်မိုးနှင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးနှင့်သံရုံးတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများနှင့်ဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်**



# ကယားပြည်နယ် ကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ကျင်းပ



**လွိုင်ကော် အောက်တိုဘာ ၂၉**

ကယားပြည်နယ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီခွဲက အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)ရှေ့၌ ပြုလုပ်ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲတွင် ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အဖျောက်မြို့အေးရွာ ကမ်းပါးပြိုမှုအခြေအနေနှင့် နေရာချထားရေး ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဦးဟံထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)နှင့်(၂)လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သောအဖွဲ့နှင့် တိုင်းဒေသကြီး/ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက အဖျောက်မြို့သို့ရောက်ရှိလာပြီး ကမ်းပါးပြိုသော အေးရွာနေရာချထားရေးအတွက် အဖျောက်မြို့ သဲဖြူအုပ်စုရှိ ကျွဲ၊ နွားစားကျက်မြေကို ကွင်းဆင်းကြည့်ရှုကြသည်။



ထို့နောက် အုန်းပင်ကွင်းအုပ်စု အေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။ထို့နောက် အဖျောက်မြို့ မြို့အုပ်ချုပ်ရေးမှူးရုံး၌ မြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ရသော အိမ်ထောင်စုများနှင့်ပတ်သက်၍ လိုအပ်သည်များကို တိုက်ကြီးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က မြေပုံကားချပ်များနှင့် ကမ်းပါးပြိုသောနေရာ ပြောင်းရွှေ့ရန် ရည်မှန်းထားသည့်နေရာများကို တင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားခြင်း ပြုလုပ်ပြီးနောက် ပြောင်းရွှေ့ရမည့် အိမ်ထောင်ဦးစီးများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ ဆွေးနွေးခြင်းများအပေါ် ကျေးရွာသားများက ပြန်လည်ဆွေးနွေးကြသည်။

အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု ကမ်းပါးပြိုသော အေးရွာတွင် အိမ်ထောင်စု ၁၉၀ ရှိရာ ကမ်းပါးပြိုသောကြောင့် အိမ်ခြေ ၁၁၈ လုံး နီးစပ်ရာနေရာများတွင် ပြောင်းရွှေ့နေကြသည်။ မြစ်ကမ်းပါးမှာ ညစဉ်ပြိုလျက်ရှိခြင်း၊ မြစ်ကမ်းမြေများ အက်ကြောင်းထင်၍ နိမ့်ကျနေခြင်းကြောင့် မကြာခင် ကမ်းပါးပြိုကျမှုအခြေအနေတွင်ရှိနေ၍ ကျန်အိမ်ထောင်စုများလည်း အမြန်ပြောင်းရွှေ့နေကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# စပါးစိုက်ပျိုးခြင်းအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ပါက အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်

**ရေတာရှည် အောက်တိုဘာ ၂၉**

လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြရသည့် တောင်သူများအနေဖြင့် အခြားသော မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နိုင်ပါက အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်ကြမည်ဖြစ်သည်။ စပါးစိုက်ပျိုးရာ၌ မျိုးစရိတ်၊ ထွန်ယက်ခ၊ အလုပ်သမားစရိတ်၊ သွင်းအားစု မြေဆီသြဇာများကုန်ကျမှုမြင့်တက် လျက်ရှိရာ စပါးပေါ်ချိန်တွင် ကုန်ကျစရိတ်ထုတ်နုတ်ပါက အကျိုးအမြတ်မှာ စပါးဈေးကောင်း၍သာ တွက်ခြေကိုက်နေကြခြင်းဖြစ်ရာ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူခြင်း၊ ဘဲမွေးမြူခြင်း၊ ငါးမွေးမြူခြင်းမှ ရရှိလာမည့်ငွေဖြင့် အဆိုပါသွင်းအားစုကုန်ကျစရိတ်ကို အစားထိုးနိုင်မည်ဖြစ်သည်။

"တောင်သူအချို့ ဘဲမွေးမြူရေးလုပ်ကြတယ်။ ချောင်းငယ်၊ မြောင်းငယ်တွေလည်းပေါတော့ အဆင်ပြေကြတယ်။ အစာအတွက်လည်း ထွေထွေထူးထူးရှာနေစရာမလိုဘူးလေ။ စပါးရိတ်ပြီးတာနဲ့ ရိုးပြတ်တောထဲလွှတ်ထားရုံပဲ။ ဘဲကျောင်းဖို့ အလုပ်သမားတစ်ယောက်လောက်ငှားလိုက်ရင်ရပြီ။ ဘဲအကောင် ၁၀၀ မွေးထားရင် တစ်နေ့အတွက် ဥအလုံး ၅၀ ကျော်ရတယ်။ နေ့စဉ်ပုံမှန်ဝင်ငွေရရှိတဲ့အပြင် လယ်စရိတ်ပြန်ကာမိတာပေါ့"ဟု ကိုယ်တိုင်စပါးစိုက်ပျိုးခြင်းအပြင် ဘဲမွေးမြူရေးတစ်ပိုင်တစ်နိုင်လုပ်ကိုင်သော ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ ဦးတင်ကြိုင်က ပြောသည်။

ထို့အတူ မိမိတို့လယ်ကွက်အနီးရှိ မြောင်းငယ်များအတွင်း မိုးကာစဖြင့် ကန်အဖြစ်ပြုလုပ်၍ ငါးမွေးမြူသူများမှာလည်း ဈေးကောင်း ရရှိသည့်အတွက် နေ့စဉ်ပုံမှန်ဝင်ငွေဖြင့် အဆင်ပြေလျက်ရှိပြီး အခြားသော တောင်သူများပါ တိုးချဲ့လုပ်ကိုင်ကြပါက ယခုထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်လာကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

စာမျက်နှာ ၁၅ မှ

(ခ) အဆိုပါပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူသည် ပုဒ်မ ၆၉ ပါတား မြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၁၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၇။ (က) မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၇၀ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) အဆိုပါပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူသည် ပုဒ်မ ၇၀ ပါ တားမြစ် ချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်း ခံရလျှင်ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၇၁ နှင့် ၇၂ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံစေရကာမူ နစ်နာဆုံးရှုံးသည့် စားသုံးသူက ယင်းနစ်နာ ဆုံးရှုံးမှုများအတွက် ထိုသူကို တရားမကြောင်းအရ လည်း တရားစွဲဆိုနိုင်သည်။

**အခန်း(၂၆)**

**အထွေထွေ**

၈၀။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သည့် ကိစ္စရပ်များတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုသော် လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကို သော်လည်းကောင်း၊ စစ်ဆေး ရေးအရာရှိတစ်ဦးဦးကို သော်လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း ပြစ်မှု ကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ် အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။

၈၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီအဖွဲ့ဝင် သို့မဟုတ် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်တွင် ယင်းအဖွဲ့ဝင်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၂။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၃။ ဦးစီးဌာနသည် ကော်မရှင်၊ ကော်မတီနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တာဝန်ယူရမည်။

၈၄။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၀။ ) အရ ဖွဲ့စည်းထားသော စားသုံးသူအကာအကွယ် ပေးရေးဗဟိုကော်မတီသည် ဥပဒေအရ ဖွဲ့စည်းမည့် ကော်မရှင် ဖွဲ့စည်းပြီး သည်အထိ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

၈၅။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၀။) အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီး ဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၇။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၀။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

စာမျက်နှာ ၁၈ မှ

ဇင်းလက္ခဏာများသည် ဦးနှောက်အတွင်းရှိ သွေးကြောခဏပိတ်ဆို့သွားခြင်းကြောင့် ဖြစ်ဖြစ်ချင်း ဆေးကုသမှုခံယူပါက လေဖြတ်သွားသည့်အဆင့် (ဦးနှောက်ကလာပ်စည်းများပျက်စီးခြင်း) မရောက်စေရန် ကာကွယ်နိုင်ပါသည်။

ထို့ကြောင့် လေဖြတ်ရောဂါကို ဖြစ်စေနိုင်သော အကြောင်းအရင်းရှိသူများတွင် အထက်ပါလေဖြန်းခြင်း လက္ခဏာခံစားရပါက မပေါ့ဆဘဲ တတ်ကျွမ်းနားလည်သည့် ဆရာဝန်နှင့်အမြန်ဆုံး ကုသမှုခံယူရပါမည်။ သို့သော် လေဖြတ်ရောဂါအကြောင်း ဖတ်၊ မှတ်ထားသူ တချို့မှာ အသက်ငယ်သည့်အပြင် လေဖြတ်ခြင်းကို ဖြစ်စေနိုင်သော အကြောင်းအရင်း တစ်ခုမှမရှိပါဘဲခြေ၊ လက်များ ခဏထုံကျဉ်မှုဖြစ်သောအခါ လေဖြတ်သည်ဟု ယူဆပြီး ကြောက်လန့်တကြား ပြေးလာတတ်ကြပါသည်။ လွဲတတ်သော လောကနိယာမ အတိုင်းပင်။ မလိုသူကအလာစော၍ လိုသူက နောက်ကျမှ ရောက်လာတတ်၍ ကုသမှုများနှောင့်နှေးရခြင်းဖြစ်ပါသည်။

**လေမဖြတ်အောင် ဘယ်လိုနေရမလဲ၊ ကာကွယ်ဖို့ ဆေးထိုး ဆေးသောက်လုပ်လို့ မရဘူးလား။**

အထက်ပါမေးခွန်းမှာ လေဖြတ်ရောဂါခံစားနေရသော လူနာ၏ မိသားစုဝင်များ အမေးများသော မေးခွန်းဖြစ်ပါသည်။ လေဖြတ်ရောဂါ၏ နောက်ဆက်တွဲဒုက္ခများကို ကိုယ်တိုင်ကြုံဖူးသူများအဖို့ လေဖြတ်ရောဂါဖြစ်မည်ကို ပိုကြောက်ကြသည်မှာ သဘာဝပါ။ မိမိမှာရှိသော လေဖြတ်ရောဂါဖြစ်စေသည့် အကြောင်းရင်းများကို သေသေချာချာ ကုသမှု မခံယူပါက သိကြားမင်းကြီးက ဆေးပေးလျှင်ပင် မရနိုင်ပါ။ "ကာကွယ်ဆေးများထိုးသလို လေမဖြတ်အောင်ကြိုပြီး ဆေးထိုး၊ ဆေးသောက်လို့သာရရင် ကျွန်မ အရင်ဆုံးထိုးမှာပဲ" ဟု အထက်ပါမေးခွန်းကို အလွယ်ဆုံးနှင့် နားဝင်အောင် ပြန်ဖြေမိပါသည်။ လေဖြတ်ဖူးသူဖြစ်ပါလည်း နောက်တစ်ခါမဖြစ်အောင် ကာကွယ်ရန် ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးများကို သေသေချာချာသောက်ရန် အလွန်အရေးကြီးကြောင်းပြောပြရပါသည်။

လေမဖြတ်အောင် ဘာတွေလိုက်နာရမလဲ၊ လူတိုင်းလိုက်နာသင့်တဲ့ အချက်များက ဘာတွေလဲ။

(၁) မိမိမှာရှိသည့် သွေးတိုး၊ ဆီးချိုသွေးချို၊ နှလုံးရောဂါများနှင့် အဆီဓာတ်များခြင်းကို ဆေးကုသမှု စနစ်တကျ ခံယူပါ။

(၂) ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာကို စားပါ။ အမျှင်ဓာတ်များသော အစားအစာများ၊ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံ များများစားပါ။ ဆီကြော်များ၊ အဆီများသော အစားအစာများ၊ အချိုဓာတ်၊ အငန်ဓာတ်များသော အစား အသောက်များကို ရှောင်ပါ။

(၃) တစ်ပတ် အနည်းဆုံး ငါးရက်၊ တစ်ရက်လျှင် နာရီဝက်ခန့် ချွေးစို့ပြီး နှလုံးခုန်မြန်စေသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။

(၄) ကိုယ်အလေးချိန်ကိုထိန်းသိမ်းပါ။ မိမိ၏ခါးအတိုင်းအတာကိုတည်၍ တင်အတိုင်းအတာဖြင့် အချိုးချပါက အမျိုးသားများတွင် သုည ဒသမ ၉ နှင့် အမျိုးသမီးများတွင် သုည ဒသမ ၈၅ ထက်များနေလျှင် ကိုယ်အလေးချိန်လျှော့ချရန် လိုပါသည်။

(၅) ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ပါ။

(၆) ကျန်းမာရေး စစ်ဆေးခြင်းကို မှန်မှန်ပြုလုပ်ပါ။

နိဂုံးချုပ်ရသော် 'ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်' ဆိုသောစကားအတိုင်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်မျှတစေရန် နေထိုင်စားသောက်ခြင်းဖြင့် လေဖြတ်ခြင်းမှ ကင်းဝေးကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

---

# အခြေခံစာတတ်မြောက်ရေး ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စာသင်ဝိုင်းသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကာ ထောက်ပံ့ငွေများပေးအပ်



**ဘားအံ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများလိုက်ပါသော အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီက ထောင်ကလပ်ကျေးရွာအုပ်စု ပေါင်စိန်ကျေးရွာ စိန်မံဒီးဇမ္ဗူဒီပကျောင်းတိုက်ဓမ္မာရုံတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စာသင်ဝိုင်းနှင့် လှာကမြင်ကျေးရွာအုပ်စု ရသဝေါ်ကျေးရွာ စာသင်ဝိုင်းတို့အား လိုက်လံကြည့်ရှုအားပေးပြီး စာသင်ကြားပေးနေသူများအား တစ်ဦးလျှင် ၂၅၀၀၀ ကျပ်စီထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်းသိရသည်။

"ဝန်ကြီးချုပ်ရောက်လာတော့ စာသင်သားတွေကို အားပေးစကားတွေပြောတယ်။ စာသင်ကြားသူထဲက အမျိုးသမီးတစ်ယောက်က ဝန်ကြီးချုပ်ရေးခိုင်းတဲ့ မေမေ၊ ဖေဖေဆိုတဲ့ စာလုံးပေါင်းကို မှန်အောင်ရေးပြနိုင်တဲ့အတွက် ဝန်ကြီးချုပ်က ဆုချသွားတယ်။ သင်ကြားပေးနေတဲ့ သူတွေကိုလည်း တစ်ယောက် နှစ်သောင်းငါးထောင်ကျပ်စီ ထောက်ပံ့ပေးသွားတယ်" ဟု အခြေခံစာတတ်မြောက်ရေး ကြီးကြပ်မှုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဘားအံမြို့နယ်အတွင်း နွေရာသီစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ကျေးရွာပေါင်း ၁၈ ရွာ၌ စာသင်ဝိုင်း ၁၈ ဝိုင်းဖွင့်လှစ်၍ သင်ကြားသူ ၅၇ ဦးဖြင့် စာသင်သား ၂၂၅ ဦးတို့အား မြန်မာစာနှဲ့ သင်္ချာ ဘာသာရပ်တို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။

ကရင်တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ၂၀၁၇ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် စာသင်ဝိုင်း ၉၈ ဝိုင်းဖွင့်လှစ်နိုင်ခဲ့ပြီး သင်ကြားရေးအတွက်ဘားအံတက္ကသိုလ်နှင့် တောင်ငူတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံလုပ်အားပေး ကျောင်းသားများ၊ ဒေသခံဆရာ ဆရာမများ စုစုပေါင်း သင်ကြားသူ ၉၁၃ ဦးဖြင့် စာသင်သား ၉၁၃ ဦးအား အောက်တိုဘာ ၁၄ ရက်မှ စတင်သင်ကြားလျက်ရှိရာ ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းစီမံချက်အရ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုကို နိုဝင်ဘာ ၂၂ ရက်အထိ ရက်ပေါင်း ၄၀ အကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ/ ထွန်းထွန်းထွေး(ဘားအံ)**

---



# မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဆောင်ရွက်

**မြောက်ဥက္ကလာပ အောက်တိုဘာ ၂၉**

မြောက်ဥက္ကလာပမြို့နယ် အထက (၁) ကျောင်း၌ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား မှုခင်း အသိပညာပေးဆောင်ရွက်ခဲ့သည်။

မြောက်ဥက္ကလာပ မြို့မရဲစခန်း ခေတ္တစခန်းမှူး ဒု-ရဲမှူး ညီမျိုးလွင်နှင့် နယ်ထိန်း အရာရှိ ရဲအုပ် ဇော်မင်းခက်၊ မြောက်ဥက္ကလာပမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု (၃၅)မှ ဒုရဲအုပ်သူဇာဝင်း တို့က မှုခင်းပညာပေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဓာဏီ**

---

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၌ မှုခင်းလက်ကျန်ကျဆင်းရေးစည်းဝေး

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့်ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ ၂၀၁၇ ခုနှစ်အတွက် မှုခင်းလက်ကျန်ကျဆင်းရေး အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေး ခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီကကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေကအဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အတွင်းရှိ ခရိုင်တရားသူကြီးများနှင့်မြို့နယ်တရားသူကြီးများကတရား ရုံးတစ်ရုံးချင်းစီ၏ မှုခင်းလက်ကျန်အခြေအနေများကိုရှင်းလင်းတင် ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးတရားရေးဦးစီးမှူးကမှုခင်းကျဆင်းရေး အစည်းအဝေးနှင့် ဦးဆောင်မှုနှင့်စီမံခန့်ခွဲမှုအသွင်ပြောင်းလဲခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးတက်ရောက် လာသောခရိုင်နှင့် မြို့နယ်တရားသူကြီးများက လက်ရှိတရားစီရင်ရေး တွင် တွေ့ကြုံရသောစိန်ခေါ်မှုများအားတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီး များ၊ ဒုတိယမြို့နယ်တရားသူကြီးများနှင့် ဒုဦးစီးမှူးများစုစုပေါင်း ၉၉ ဦး တက်ရောက်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

**Myanmar Culture Land** Travels & Tours

| | | |
|---|---|---|
| ချင်းပြည်နယ်-နတ်မတောင်-စလေ-ပုဂံ (၅ရက်) | Nov 2,10, Dec 15 | ၂၄၀၀၀၀ ကျပ် |
| မြဝတီ - မဲဆောက်သီးသန့် (၄ရက်) | Nov 2,10, 24 | ၁၂၅၀၀၀ ကျပ် |
| မန္တလေး - မကွေးရာမြို့ ဟောင်း ကျောက်ဆည် | Nov 2, 11, 18, 25 | ၄၉၀၀၀ ကျပ် |
| ဆောင်နိုင်ကြီး စိမ်းလဲ့တင် ဝက်ဘောဆင်စခန်း | Nov 11, 18, 25 | ၃၅၀၀၀ ကျပ် |
| သီပေါ (Mini Treking) - ဂုတ်ထိပ်တံတား | Nov 11, 18, 25 | ၁၁၀၀၀၀ ကျပ် |

ဖုန်း:09-799601085, 09-445459946, 09-975809322,09-251045076
အမှတ်(၇၉၇)၊ အခန်း (၉၀၁/A), MAC Tower, ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်၊

လင်းယုန်
**မိုးကောင်းကင်** အထူးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ
ဘေးအန္တရာယ်ကင်းရှင်းလုံခြုံပြီး နိုင်ငံတကာအဆင့်မီ လုံခြုံစိတ်ချရသည့်
**Marcopolo Bus အသစ်များဖြင့်**
**ရန်ကုန် - စစ်တွေမြို့ရှိ ခရီးသွားမိဘပြည်သူများအား**
(၂၆-၁၀-၂၀၁၇) ရက်နေ့နံနက် (၁၁း၀၀) မှစ၍
တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ရန်ကုန် ● အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ 01-637643, 01-637644, 09-73208028, 09-428626731, 09-5161881, 09-8626731
(တန်ဆာဖုန်း) 01-636788, 09-795063781, 09-772564309

**ရွှေမဟာ** ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်း
SMH
သံဝေဇနိယလေးဌာန၊အဝိဇဟိတလေးဌာနနှင့်အာဂရာ၊ဒေလီ ခရီးစုံ (၁၄ညအိပ်/၁၅ရက်)ခရီးစဉ် ထွက်ခွါမည့်နေ့ရက်များ---နိုဝင်ဘာ(၂၂)၊ ဒီဇင်ဘာ(၆)၊ ဇန်နဝါရီ(၂၄)၊ ဖေဖော်ဝါရီ(၂၂၁)၊ မတ်(၇၊၂၁)၊ဧပြီ(၁၀၊၁၁)။လိုက်ပါလိုသူများစာရင်းပေးသွင်းနိုင်ပါပြီ။
ဆက်သွယ်ရန်--အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း---၀၁-၅၁၈၁၃၉၆၊၀၉ ၄၃၀၇၀၂၉၄၊၀၉-၅၁၈၈၃၇၆၊၀၉-၅၁၃၄၀၄၄၊၀၉-၄၃၂၀၀၆၄၆။




Since 1996
**Home**
think of House, think of Home
ကျွန်းအစားထိုး အခန်းဖွဲ့ နံရံနှင့်မျက်နှာကျက်လျှာထိုးပြား
**တန်ဆောင်တိုင်ပွဲအကြို အထူး**
ကျွန်းအစားထိုး အခန်းဖွဲ့ ၃ ကျင်း၀ယ်ယူရုံဖြင့်
လက်ဆောင်
3'x3' အလူမီနီယံ ဆလိုက်ပြတင်းပေါက်
၁ ပေါက် လက်ဆောင်




အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးခေါင်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
☎09-79 700 70 70 ☎09-79 700 70 80

"အသံဆို-မုန်ချီရုပ်ရှင်ဂီတအနုပညာရှင်များလက်စွဲ"
နိုင်ငံကျော် သလိပ်ပျော်အသံကောင်း ချောင်းဆိုးပျောက်ဆေး
**မုန်ချီ**
အတွင်းလိပ်၊ အပြင်လိပ် အမြန်ဆုံးပျောက်တဲ့ မုန်ချီလိပ်ခေါင်းပျောက်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012270(0916)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012269(0916)
သမားတော်ကြီး ဦးလှငွေး(တဆ-၀၀၀၈၂)၊မုန်ချီဒေါက်တာတင်နွယ်ဦး(တဆ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
မြစ်ပွားနာ-ဂရင်ဂျီနာ-လိပ်ခေါင်း-အနာပေါက်-သွေးတိုး-နှလုံး-ဆီးချို-လေငန်းအထွေထွေရောဂါအထူးကု
အမျိုးသမီးများအတွက် ဆရာမကြီးကိုယ်တိုင်အထူးစမ်းသပ်ကုသပေးသည်။
ဖြန့်ချိရေး-မုန်ချီဆေးတိုက်၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊☎ ၀၁-၃၈၄၆၅၁၊၃၇၅၁၀၃၊၃၈၆၇၄၁

## ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မိမိတို့ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တိရိစ္ဆာန်ဥယျာဉ်လမ်း၊ အမှတ် (၆၁၊ ၆၃) တွင် တည်ရှိ ဖွင့်လှစ်ထားသော တယ်လီကွန်း အင်တာနေရှင်နယ် မြန်မာကုမ္ပဏီလီမိတက် (Telecom International Myanmar Company Limited) "Mytel" ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၇၄၄၁/ ၂၀၁၇ ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

mytel

မှတ်ပုံတင်အမှတ် – ၇၄၄၁/ ၂၀၁၇

အဆိုပါလုပ်ငန်း အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မိမိတို့ကုမ္ပဏီလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတို့အား International Class (၉၊ ၃၅၊ ၃၈၊ ၄၁၊ ၄၅) တို့ဖြင့် ၎င်းတံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ဖြင့် ပြုလုပ်သုံးစွဲသွားမည် ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို Telecom International Myanmar Company Limited မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်အသုံးမပြုကြပါရန် သတိပေး တားမြစ်အပ်ပါသည်။

အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးအောင် တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ် - ၈၆၇၀)
LL. B, D.B.L, D.M.L, D.I.L
တယ်လီကွန်း အင်တာနေရှင်နယ် မြန်မာကုမ္ပဏီလီမိတက်
အမှတ် (၆၁၊ ၆၃)၊ တိရိစ္ဆာန်ဥယျာဉ်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
**နေရာတိုင်းဆောင်ထား**
☞ အရောက်ပို့
☞ တပ်ဆင်
☞ ရှင်းပြ
Rain Flower
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၁၅၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၁၅၆
ပေါက်တောသ၊ အင်းစိန်
ဖုန်း -၀၁-၆၄၇၇၁၅
-၀၉-၇၃၁၂၆၁၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၈၈၈၀
-၀၉-၃၀၁၀၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၂၂
-၀၉-၆၅၀၀၄၀၃



# ကြော်ငြာ

**ရွှေလမ်းခရီး ...မှ တန်ဆောင်တိုင် ဘုရားဖူးခရီးစဉ်များ**

* တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ဗိန်းမရဲသခင်မတောင်။
* တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး၊ ပင်းတယ၊ ကယားပြည်နယ်-လွိုင်ကော်။
* ပြင်ဦးလွင်မီးပုံးပျံပွဲတော်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ+မင်းကွန်း၊ ကျောက်စိမ်းစေတီ။
* ပြင်ဦးလွင်မီးပုံးပျံပွဲတော်၊ မန္တလေး၊ ဒီးဒုတ်ရေပြာအိုင်၊ ဝေဠုဝန်ကျောက်စိမ်းစေတီ။
* ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ညောင်ဦး၊ ပခုက္ကူ။ **Nov 1,2,10** ကျိုက်ထီးရိုး (နေ့ချင်း)
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်စဲ။
* ကယားပြည်နယ်-လွိုင်ကော်၊ တောင်ကွဲစေတီနှင့် ဘုရားစုံ၊ ထီးစံခါးရေတံခွန်၊ ကလော။
* မော်လမြိုင်ဘုရားစုံ၊ ကျိုက္ခမီ၊ စက်စဲ၊ ကရင်ပြည်နယ်-ဘားအံ သမိုင်းဝင်ဂူ(၅)ဂူ။
* ကရင်ပြည်နယ်-မြဝတီဘုရားစုံ၊ မဲဆောက်မြို့လေ့လာရေးနှင့် ဘားအံဘုရားဖူး။

(အမင်းကျေး၊ ကား၊ တစ်ထပ်...)

အမှတ်(၁၀၇)၊ ... 095124678.09401589907.01371317

**မအိ ထားဝယ်အထူးသီးသန့်ခရီးစဉ်**

ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ခမီ၊ စက်စဲ(၄)ရက်

တဆင့်သွားကား-စား-တည်း-ငြိမ်း (၈၀၀၀၀)

၁၀.၁၁.၂၀၁၇ ထွက်မည်

09.421008185,09.776356574,09.785603200

**ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့**

(၅)ရက် - ဗုဒ္ဓဂယာ ၊ ရာဇဂြိုဟ် ၊ ဗာရာဏသီ ၊ နာလန္ဒာ

(၈)ရက် - သံဝေဇနီယလေးဌာန ၊ ရာဇဂြိုဟ် ၊ နာလန္ဒာ

(၁၅)ရက် - (သံဝေဇနီယ+အဝိဇဟိတ)လေးဌာန ၊ နယူးဒေလီ၊ တပ်ချ်မဟာ

(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး ကုသိုလ်ယူပို့ဆောင်ပေးပါသည်။

09-259280727,09-259280728,09-259280729,09-5250900

**ဦးအောင်ဟိန်းကျော်**

အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်

• Translation

**အင်္ဂလိပ်စာရေးနည်း** (အခြေခံ / အဆင့်မြင့်)

စာတုပ်စာသင်၊ ...၃လတွင်းရေးတတ်စေမည်

**အင်္ဂလိပ်စကားပြော** သင်တန်း

▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

စာတုပ်စာသင်၊ စကားသင်သည်၊ ၁လအတွင်းပြောနိုင်စေမည်

• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre.,Vol:1,2,3) စာအုပ်ထွက်ပြီ

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်

▪ 392468 ▪ 095171841

**မြန်မာမြတ်ချယ်ရီ Travel & Tours**

01-551240, 09-5003647

Nov 10 ~ 14

▸ ဟိုချီမင်း ~ မိုးနဲ ~ ဒါလတ်

(၄ရက်) U$ 345

▸ ဟန်ခွိုင်း ~ ဟလောင်းဘေး

အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်း၊ တာမွေ။ Fb: Myanmar Myat Cherry Travel & Tours

**ဦးမင်းဇော် (သချာ) B.E (Civil) ၏**

(၁၀)တန်းဘာသာစုံအောင်ပွဲဝင်တန်းခွဲသစ်

နိုဝင်ဘာ (၁) ရက်နေ့စမည်။ Air-Con စာသင်ခန်းမ

လစဉ်ကြေး (၁၂၀၀၀၀) (Guide ပါပြီး)

အမှတ်(၆၅)၊ ရေကျော်လမ်း၊ ပုဇွန်တောင်။ ဖုန်း - ၀၉-၄၂၁၀၆၆၅၄၅

**Royal Gandamar Travels & Tours**

| | | |
|---|---|---|
| **၄ည / ၅ရက် ခရီးစဉ်** | | |
| ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်-မျှော်ရစ် | Nov - 2 Scania Coach (2 + 1) | 180000 |
| **၁ည / ၂ရက် ခရီးစဉ်** | | |
| မြဝတီ-မဲဆောက်-ဘားအံ | Nov - 2,11 | 77000 |
| ပြင်ဦးလွင်-မန္တလေး-ကျောက်စိမ်းဘုရား | Nov - 2 | 77000 |
| **နေ့ချင်းပြန် ခရီးစဉ်** | | |
| ကျောက်ဆည်-ဇုက်ကားရေတံခွန်-ကျောက်စိမ်းဘုရား | Oct-27, Nov - 2,10 | 39000 |
| ပုဂံ-စွယ်တော်လေးဆူ | Nov - 11,17 | 39000 |
| ပြင်ဦးလွင် | Nov - 11,17 | 39000 |
| မန္တလေး-မင်းကွန်း-အင်းဝ-ကျောက်စိမ်းဘုရား | Nov - 11,17 | 39000 |
| ဘားအံ-တောင်ဝိုင်းတောင်-ဘုရင်ညီဂူ | Oct - 28, Nov- 3,11,17 | 29000 |
| တောင်ငူ-သံတောင်-ဗိုးကျားဆင်စခန်း | Oct - 28, Nov- 11,17 | 29000 |

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533




## ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)

## (ဖုန်း-၀၉-၇၃၂၅၄၈၃၅)

ရန်ကုန်ဂေါက်အသင်းမှ အသင်းသားအချို့သည် အသင်းသို့ ပေးသွင်းရန်ရှိသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို (၂)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန် ပျက်ကွက်နေပါသဖြင့် အဆိုပါအသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါသောကြောင့် မိမိတို့ပေးသွင်းရန်ကျန်ရှိနေသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး မပျက်မကွက် ပေးသွင်းကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**
**ရန်ကုန်ဂေါက်အသင်း**




Pride of MYANMAR
"ဂုဏ်ယူဝင့်ကြွား မြန်မာ့စားသောက်ကုန်များ"
ပဋ္ဌမအကြိမ်မြောက်အနေဖြင့် အရည်အသွေးမြင့် မြန်မာ့စားသောက်ကုန်
အမျိုးပေါင်း (၁၀၀) ကျော်ကို ဂုဏ်ယူစွာတင်ဆက်လိုက်ပါသည်။
26th Oct 2017 to 8th Nov 2017
TOP
Cashew Brittle/ Cashew Nut 240g/300g
Ks.4900 ~ Ks.7300
FREE Buy Any Ks.14000, Get 1 Souvenir
TOP
Cashew Nut -(With Skin/Without Skin 100g -Brittle Gift Set 1.2kg
Ks.2800 ~ Ks.24400
COCOHEALTH
Extra Virgin Coconut Oil 207ml
Ks. 8000
MAW SHAN
Green Tea/Special Tea/ Gift Set
Ks.1500 ~ Ks.4650
GENIUS
-100% Arabica Coffee/ Certified Coffee/ Ready Made Coffee 100g/220/250g
5% Off
Ks.1700 ~ Ks.5700
ROYAL
Myanmar Teamix 30's 600g
3100.ks
2700
AUTHENTIC
Myanmar Tea 30's 600g
Ks. 3000
KAREN
Coffee 100g
Ks. 2000
AR YONE THIT
Sesame Brittle (Black/Peanut) -120g/240g
10% Off
Ks.1500 ~ Ks.2650
SAW MO
Natural Tea Leave 85g
Ks. 3500
MOTHER'S LOVE
Green Tea - Special 150g - Premium 100g/200g - Pure White Tea 50g
Ks.3250 ~ Ks.4900
NAGAR PYAN
-English Breakfast Tea -Green Tea Leave -Jasmine Tea
Ks.1500 ~ Ks.5800
U KAR KA
Natural Tea (Box) (Roasted/Nat Thit Ywat Tea/ First Flush Tea) 30's 240g
Ks.2450 ~ Ks.3800
GOOD TASTE
Peanut Crisp Candy/ Brittle
Ks.750 ~ Ks.1050
TREE FOOD
Jaggery Gift Set
Ks. 11500
TREE FOOD
Jaggery -Yoghurt/Ginger Plum Masala 115g
2500.ks
2250 /each
INNLAY AHMATAYA
Organic Pickled Tea - Sweet/Spicy 160g
2300.ks
1950 /each
U KAR KA
Pickled Tea Leaves/Spicy 5's 400g
Ks. 4550
FREE Buy 1 Pack, Get Pickled Tea Leaves 80g
SHAN SHAN
Pickled Tea Leave Spicy 160g
1450.ks
1300 /each
ACADEMY
Preserved Plum - 200g/400g
10% Off
Ks.1700 ~ Ks.3700
AURORA
Preserved Fruits - Mango With Skin Sweet - Mango Sweet - Damson/Plum Seedless 400g
2550.ks
2300 /each
MONSOON
- Tamarind Flakes/ Toffee/Toffee Spicy 200g
5% Off
Ks.1350 ~ Ks.1400
AH YONE OO
Mohingha Gravy Powder HILSA 220g
10% Off
Ks.3400 ~ Ks.4900
Proudly Brought to you by :
City Mart Supermarket
In cooperation with
COCOHEALTH
Genius
MAW SHAN Green Tea & Laphet
Royal Myanmar Teamix
Top Cashew Nuts & Cashew Brittle

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂)လမ်း၊ အမှတ် (၂၈/က)၊ ဒုတိယထပ် (သုံးလွှာ)အခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဦး [၁၂/ပဇတ(နိုင်)၀၀၂၆၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်မျိုး[၁၂/ရကန(နိုင်)၀၆၃၇၅၀]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်မျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးအောင်မြင့်**
**LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၇၅၇)**
**အမှတ်(၂၃၂)၊ ၄-လွှာ၊ ကျောင်းလမ်း(၁)လမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၀၃၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁၉)လမ်း၊ တိုက်အမှတ်-၆၄၄(က)၊ ပထမထပ်(၂-လွှာ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးကျော်ကျော်မိုး(ဘ)ဦးမြသောင်း[၁၂/ဒဂန(နိုင်)၀၂၆၁၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေမွန်အောင်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မာမင်းညွှန့်**
**အထက်တန်းရှေ့နေ(စဥ်-၄၂၅၄၉)**
**အမှတ်-A-7၊ ပြည်သာယာလမ်း၊ ၁၆-ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၆၀၄၅၃၅၊ ၀၉-၇၉၈၄၆၃၁၂၀**

## ဒေါ်ခင်စိမ်းထွေး[၁၂/ဗဟန(နိုင်)၀၆၇၉၅၄] (ကန်ထရိုက်တာ)သိရှိစေရန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ (၃)လမ်းအထက်၊ အမှတ်(၃၉)၊ ပေ(၂၅×၄၀)ရှိ မြေကွက်ပေါ်တွင်မြေရှင် ဒေါ်ကြင်မေ[၁၂/ကမတ(နိုင်)၀၂၆၈၁၃]နှင့် ဒေါ်ခင်စိမ်းထွေးတို့သည် ၁၄-၁၂-၂၀၁၃ရက်တွင် အခန်းပေးအခန်းယူ အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုပြီး ကန်ထရိုက်တိုက် ဆောက်လုပ်ခဲ့ပါသည်။ ထိုသို့ဆောက်လုပ်ရာ၌ စည်ပင်သာယာဥပဒေနှင့် ညီညွတ်မှုများမရှိ၍ ပြဿနာများ များစွာကြုံတွေ့နေရပြီး အဆောက်အအုံမှာ လုံးဝမပြီးစီးသေးပါ။ ဒေါ်ကြင်မေမှာ အသက်(၉၂)နှစ်ရှိပြီး အသက်အရွယ်ကြီးမားနေမှုကို အခွင့်အရေးယူကာ ဒေါ်ခင်စိမ်းထွေးမှ မိမိသဘောဆန္ဒများဖြင့် ဆောင်ရွက်နေကြောင်းလည်း သိရှိရပါသည်။ မြေရှင်မှ ယုံကြည်စွာစိတ်ချ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုခဲ့သူမှာ ဒေါ်ခင်စိမ်းထွေး တစ်ဦးသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အဆောက်အအုံ ပြဿနာများအတွက် ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ဒေါ်ခင်စိမ်းထွေးကိုယ်တိုင် (ကိုယ်စားလှယ်စေလွှတ်ခြင်းမရှိစေဘဲ) ဒေါ်ကြင်မေ၏ သားသမီး(၅)ဦးနှင့် ကျွန်ုပ်ထံ လာရောက်တွေ့ဆုံ ဖြေရှင်းပေးပါရန်နှင့် သတ်မှတ်ရက်ပြည့်မြောက်၍ လာရောက်တွေ့ဆုံခြင်းမရှိပါက မြေရှင်များမှ မိမိတို့၏ သဘောဆန္ဒအလျောက် ဖြေရှင်းသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြင်မေ၏သားသမီး(၅)ဦးဖြစ်သော**
**၁။ ဦးမြင့်လှိုင်[၁၂/ကမတ(နိုင်)၀၂၆၉၃၂]**
**၂။ ဒေါ်သန်းသန်းဌေး[၁၂/ကမတ(နိုင်)၀၂၆၈၁၆]**
**၃။ ဦးသိန်းအောင်[၁၂/ကမတ(နိုင်)၀၂၆၂၇၀]**
**၄။ ဒေါ်မိမိလှိုင်[၁၂/ကမတ(နိုင်)၀၂၅၄၅၂]**
**၅။ ဒေါ်မိမိခိုင်[၁၂/ကမတ(နိုင်)၁၂၆၈၀၂]**
**တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်**
**Ph:09-5181820,09-965181820**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၈၉၈/ခ၊ မြေကွက်တည်နေရာအမှတ်-၈၉၈/ခ၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစံထွန်း(CI-၀၀၉၈၀၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစံထွန်းသည် ၂၉-၆-၁၉၉၇ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ရွှေ[၁၂/သကတ(နိုင်)၀၂၄၅၄၉]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိပြီး အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူများမရှိသည်မှာ မှန်ကန်ပါကြောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၁၀-၃-၂၀၁၇ရက်စွဲပါ ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ်(၂၁၁/၂၀၁၇)၊ ထပ်ဆင့်ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ရွှေ[၁၂/သကတ(နိုင်)၀၂၄၅၄၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၉၈/၂၀၁၂) (၂၉-၂-၂၀၁၂)ရသူ ဒေါ်မာလာ[၁၂/သကတ(နိုင်)၀၂၆၄၅၇]မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ်(၄၀၀/ခ)၊ မြေကွက်တည်နေရာအမှတ်-၄၀၀/ခ၊ မောင်းမကန်ကမ်းသာယာလမ်း၊ ၁၉/က ရပ်ကွက်၊ ဒဂုံတောင်ဦးမြင့်ဆွေ(CM-၀၁၄၅၉၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြင့်ဆွေ(CM-၀၁၄၅၉၄)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၇၉/၂၀၀၈)ဖြင့် GPရသူ ဦးဘုန်းသစ်[၁၂/စခန(နိုင်)၀၅၉၈၄၈]မှ GP ပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် GP မရုပ်သိမ်းသေးကြောင်း၊ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား တာဝန်ယူပါကြောင်း (၁၄-၁၀-၂၀၁၆) ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း (၂၀၀၉) ခုနှစ်တွင် ဘဏ်ငွေချေးရန် လျှောက်ထား ခဲ့သော မြေပုံမှာ အမည်ပေါက်ခြင်းမရှိသဖြင့် ထုတ်ယူခဲ့ခြင်းမရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း-၃/၁၁၂၀/၁၇ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်(မြေပုံကူး) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးအနောက်ပိုင်းရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် – ၁၀၃ နေ ဦးခင်ရွှေ (၁၂/မဂတ (နိုင်) ၁၁၁၁၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။

ဦးခင်ရွှေ + (ဒေါ်တင်တင်မြင့်) တို့ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၁၀၃/A)၊ မန္တလေးလမ်းတွင်တည်ရှိသော အဆောက်အအုံတွင် အိမ်ငှားအဖြစ် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူများရှိခဲ့ပြီး ၁၉၉၇–ခုနှစ်တွင် မြို့တော်အင်္ဂါရပ်နှင့်မညီ/အန္တရာယ်ရှိ အဆောက်အအုံဖြစ်၍ ပြန်လည်ဆောက်လုပ်ရန် စီမံချက်တွင်ပါဝင်သောကြောင့် အခန်း(၁၈)ခန်းပါ (၈)ထပ်တိုက်အသစ်ကို ဆောက်လုပ်ခဲ့ပါသည်။ <u>**တိုက်သစ်မဆောက်လုပ်မီကပင်**</u> မြေရှင်/အိမ်ရှင် ဦးခင်ရွှေ + (ဒေါ်တင်တင်မြင့်) တို့နှင့် နေထိုင်သူများက '' မြို့တော်အင်္ဂါရပ်/အန္တရာယ်ရှိ အဆောက်အအုံဖျက်သိမ်းဆောက်လုပ်ခြင်းအတွက် အိမ်ရှင် – နေထိုင်သူ သဘောတူပဋိညာဉ်စာချုပ် '' ကို ချုပ်ဆိုခဲ့ကြပါသည်။ ထိုစာချုပ်၏ အပိုဒ်(၃)တွင် '' နေထိုင်ခွင့်ပြုခြင်းသာဖြစ်ပြီး အခန်းပိုင်ဆိုင်မှုနှင့်မသက်ဆိုင်ပါ '' ဟု နေထိုင်ခဲ့သူများ၏ ဝန်ခံကတိပြုချက်ပါရှိပါသည်။

တိုက်သစ်ဆောက်လုပ်ပြီးသောအခါ မြေညီထပ်(B)တွင် ဦးဝင်းမောင်၊ မြေညီထပ်(အလယ်) တွင် (ဦးလှမောင်)၊ ၎င်း၏သား ကိုအီစွပ် (ခ) ကိုသန်းမောင် + ဦးတင်ဝင်း။ ၂–လွှာ(A)တွင် ဒေါ်တင်အေး။ ၂–လွှာ(အလယ်)တွင် ဦးအောင်သိန်း။ ၇–လွှာ(B)တွင် (ဦးမန်း)+ဒေါ်တင်ဟန် စသည့် မိသားစုအသီးသီး နေထိုင်ကြသည်ကို ဦးခင်ရွှေ + (ဒေါ်တင်တင်မြင့်)တို့က နေထိုင်ခွင့်ပြုခဲ့ပါသည်။

ယခုအခါ အထက်ဖော်ပြပါ နေထိုင်သူများအနက်မှ အချို့သည် (မြေရှင်/တိုက်ပိုင်ရှင်) ဦးခင်ရွှေကို အသိမပေးဘဲ လွှဲပြောင်းရောင်းချရန် စီစဥ်နေကြောင်း တဆင့်ကြားသိရပါသည်။ သို့ဖြစ်ပါ၍ ဦးခင်ရွှေ၏ သဘောတူညီခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အထက်ဖော်ပြပါတိုက်ခန်းများတွင် နေထိုင်ကြသူ မည်သူမဆို အခြားသူတစ်ဦးတစ်ယောက်အား ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုမပြုလုပ်ရန် တားမြစ်လိုက်သည်။ ဤတားမြစ်ချက်များအပေါ် ဆန့်ကျင်ပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးခင်ရွှေ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်အုန်း ( LL.B )**
**အထက်တန်းရှေ့နေ ( စဉ်–၄၇၈၈၀ )**
အမှတ်(၂၆)၊ ကမာကြည်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## ကန်ထရိုက်တာ ဦးဝင်းဌေး၊ ဒေါ်တင်တင်ထွေး နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၅၁)နေ ဦးသန်းအောင်[၁၂/မရက(နိုင်)၀၇၇၇၄၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းအောင်နေထိုင်သည့် အထက်လိပ်စာပါမြေနေရာတွင် ၅-၁၁-၂၀၁၄ရက်နှင့် ၁၂-၁၁-၂၀၁၅ရက်စွဲပါ ကန်ထရိုက်တာနှင့် မြေရှင်တို့ နှစ်ဖက်သဘောတူစာချုပ်များအရ အကျိုးတူ ကန်ထရိုက်တိုက်ဆောက်လုပ်ခဲ့ကြသော်လည်း စာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး ကန်ထရိုက်တာ၏ ချို့ယွင်းပျက်ကွက်မှုကြောင့် အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ကျသင့်သည့် အခွန်အခ ဒဏ်ကြေးများအား ကန်ထရိုက်တာမှ တာဝန်ယူဖြေရှင်းပေးရန်ဖြစ်သော်လည်း ယခုအခါ အိမ်ရှင်ဦးသန်းအောင်မှ ကန်ထရိုက်တာ၏ ချို့ယွင်းပျက်ကွက်မှုကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒဏ်ကြေးပေးဆောင်ရန် တာဝန်ရှိလာသဖြင့် ကန်ထရိုက်တာများမှလာရောက်ဖြေရှင်းပေးရန်နှင့် လာရောက်ဖြေရှင်း ဆောင်ရွက်ပေးခြင်းမရှိပါက စာချုပ်ပါစည်းကမ်းချက်အတိုင်း ကန်ထရိုက်တာမှာ ဆောက်လုပ်ထားသော ကုန်ကျစရိတ်များ စွန့်လွှတ်၍ မြေရှင်လက်ရောက်လွှဲပြောင်းရန်သာဖြစ်သဖြင့် ကန်ထရိုက်တာမှ ကြိုတင်ရောင်းချထားသော တိုက်ခန်းများအတွက် မြေရှင်၊ အိမ်ရှင်အနေဖြင့် ပိုင်ဆိုင်မှုအတွက် မည်သို့မျှ တာဝန်ယူဖြေရှင်းခြင်း၊ သက်ဆိုင်မှုရှိမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၉၆၃)**
**အမှတ်(၁၆)၊ အောင်သပြေ(၂)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

## ဦးကျော်ရဲအောင်(ဘ)ဦးသန်းအေး [၁၂/သဃက(နိုင်)၁၇၅၉၅၄]၊ ဦးပြည့်ဖြိုးသူ(ဘ)ဦးသူရ[၁၀/ပမန(နိုင်) ၁၉၁၅၀၅]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ MICT Park (Hlaing Campus),အဆောင်(၃)၊ အခန်း(၂/၄)၊ ဒုတိယထပ်တွင် ဖွင့်လှစ်ထားသော All ID Myanmar Company သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုမ္ပဏီများမှတ်ပုံတင်ရေးဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၅၂၅/၂၀၁၂-၂၀၁၃ဖြင့် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်တွင် တည်ထောင်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် Auto matic Identifications and Data Collection (AIDC) products များအား ရောင်းချခြင်း၊ ဝန်ဆောင်မှုများပေးခြင်း၊ Solution များ ထုတ်ပေးခြင်း၊ အစရှိသည်တို့အား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်လျက်ရှိပါသဖြင့် ကောင်းမြတ်သော ဂုဏ်သတင်းနှင့် သိက္ခာရှိစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

ဦးကျော်ရဲအောင်(ဘ)ဦးသန်းအေး[၁၂/သဃက(နိုင်)၁၇၅၉၅၄]သည် ၃-၁၁-၂၀၁၅ရက်မှစတင်၍လည်းကောင်း၊ ဦးပြည့်ဖြိုးသူ (ဘ)ဦးသူရ[၁၀/ပမန(နိုင်)၁၉၁၅၀၅]သည် ၁-၅-၂၀၁၆ ရက်မှစတင်၍လည်းကောင်း၊ All ID Myanmar Company တွင် Sale Executive အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးပြည့်ဖြိုးသူသည် ၂၇-၇-၂၀၁၇ရက်တွင်လည်းကောင်း ဦးကျော်ရဲအောင်သည် ၂၈-၇-၂၀၁၇ရက်တွင်လည်းကောင်း၊ အလုပ်ထွက်စာတင်ခဲ့ပြီး ၁၈-၈-၂၀၁၇ရက်တွင် တစ်ပြိုင်တည်းအလုပ်မှ နုတ်ထွက်သွားခဲ့ကြောင်း All ID Myanmar Company ရှိ အထောက်အထား စာရွက်စာတမ်းများအရ သိရှိရပါသည်။

ဦးကျော်ရဲအောင်နှင့် ဦးပြည့်ဖြိုးသူတို့သည် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း All ID Myanmar Company မှ ဝန်ထမ်းတစ်ဦးအား တာဝန်ပေးထိန်းချုပ်ထားသော All ID Myanmar Company၏ ခေါင်းစည်းပါ စာရွက်စာတမ်းများကို တာဝန်ရှိသူ မည်သူတစ်ဦးတစ်ယောက်၏ ခွင့်ပြုချက်မရှိဘဲ အလွဲသုံးစား ရယူသုံးစွဲခြင်း ကုမ္ပဏီအမှတ်တံဆိပ်ပါသော စာရွက်စာတမ်းများကို မရိုးမဖြောင့်သောသဘောဖြင့် အတုပြုလုပ်ဖန်တီးပြီး အခြားကုမ္ပဏီမှ ပစ္စည်းများအား All ID Myanmar Company မှပစ္စည်းများဖြစ်သည်ဟု All ID Myanmar Company ၏ Customer ကုမ္ပဏီတစ်ခုကို လိမ်လည်ပြောဆိုရောင်းချခဲ့ကြောင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် ဖော်ထုတ်ရရှိခဲ့ပြီး ဖြစ်ပါသည်။

ဦးကျော်ရဲအောင်နှင့် ဦးပြည့်ဖြိုးသူတို့သည် All ID Myanmar Company မှ အလုပ်ထွက်ခဲ့ပြီးနောက်တွင်လည်း All ID Myanmar Company ၏ ခေါင်းစည်းပါ စာရွက်စာတမ်းများကို မရိုးမဖြောင့်သောသဘောဖြင့် အတုပြုလုပ်ဖန်တီးပြီး အခြားကုမ္ပဏီမှ ပစ္စည်းများအား All ID Myanmar Companyမှ ပစ္စည်းများဖြစ်သည်ဟု လိမ်လည်ရောင်းချခြင်း၊ ရောင်းချရန်ဆက်သွယ်ခြင်း၊ ရောင်းချရန် ကြိုးစားအားထုတ်ခြင်းများ ပြုလုပ်နေကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် စုံစမ်းတွေ့ရှိရပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်ရဲအောင်နှင့် ဦးပြည့်ဖြိုးသူတို့၏ ဆောင်ရွက်ချက်များသည်လည်းကောင်း ၎င်းတို့ ရောင်းချသည့် ပစ္စည်းများသည်လည်းကောင်း ၎င်းတို့အသုံးပြုသော All ID Myanmar Company ခေါင်းစည်းပါစာရွက်စာတမ်းများသည်လည်းကောင်း၊ All ID Myanmar Company နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ဦးကျော်ရဲအောင်နှင့် ဦးပြည့်ဖြိုးသူတို့သည် All ID Myanmar Companyမှ နုတ်ထွက်ပြီးနောက် လုပ်ဆောင်ခဲ့သည့် ကိစ္စအရပ်ရပ်အတွက် All ID Myanmar Company မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**All ID Myanmar Company ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ရဲလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၇၄)၊**
**အမှတ်(၃၄၈/၃၅၂)၊ အခန်း(C2V)၊**
**ပထမထပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ကျေးဇူးတင်ရှိခြင်း

### ဒေါ်တင်တင် (မန္တလေး)

### ၃၁-၃-၁၉၃၄-၂၄-၉-၂၀၁၇

မန္တလေးမြို့၊ စက်မှုလက်မှုသိပ္ပံကျောင်း (G.T.I)လျှပ်စစ်ဌာန၊ ကထိကဟောင်း(၁၉၅၈-၆၉)၊ ဦးထွန်းတင်၏ ချစ်လှစွာသော ဇနီး ဒေါ်တင်တင်သည် ၂၄-၉-၂၀၁၇ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားရာ ရက်(၃၀)ပြည့်မြောက်သော ၂၄-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် WHITTIER မြို့၊ ROSEHILLS MEMORIAL PARKတွင် ကျန်ရစ်သူမိသားစုနှင့်အတူ ရင်းနှီးချစ်ခင်ကြသော မိတ်ဆွေသင်္ဂဟအပေါင်းက အမျှပေးဝေကြပြီးနောက် LAPUENTEမြို့ မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် ဘုရားအမျှုးရှိသော သံဃာတော်တို့အား ဆွမ်းကပ်လှူဒါန်းမှုကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီး အသိမိတ်ဆွေများအား သိစေအပ်ပါသည်။ စားသောက်ဖွယ်ရာများ ချက်ပြုတ်၍ ယူဆောင်လာကြသော မိတ်ဆွေများကိုလည်း လွန်စွာမှ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျေးဇူးတင်လျက်

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ (၆၂ ၆၃)ကြား၊ (၂၉-၃၀)ကြား၊ မြစန္ဒာလမ်းသွယ်၊ အမှတ်(၄၇)နေ ဒေါ်ခင်လေးမူ[၉/မရတ(နိုင်)၁၀၁၀၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၁၈/က)တွင် တည်ရှိသည့် အကွက်အမှတ်(၂၁)၊ ဗိုလ်တဲကွက်၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀. ၀၅၄)ဧက၊ PRNO. 352V/95-96 23-496/22-4-06 အရ ဒေါ်ခင်ခင်နု အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချ ပိုင်ဆိုင်ခွင့်ရှိသူဟုပြောသော ဒေါ်ခင်ခင်နု[၁၂/သလန(နိုင်)၀၇၅၂၃၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်သည့်ရက်တွင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဦး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ဦးအောင်ခင်လတ် အမြန်ပြန်လာပါ

ဦးအောင်ခင်လတ်၏ ဇနီး ဒေါ်ခင်သီတာ စိတ်ပူနေသည်။ အရာအားလုံးကို ခွင့်လွှတ်ပေးမည်။ ဇနီး ဒေါ်ခင်သီတာထံ အမြန်ပြန်လာပါ။ ဖုန်း-၀၉-၄၄၄၄၅၀၆၈၈ သို့ ဆက်သွယ်အကြောင်းကြားပါ။

**ဒေါ်ခင်သီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းညွှန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၁၆)**
**ဖုန်း-၀၉-၉၇၈၆၁၅၀၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဒဂုံရွှေမျှား(၂)လမ်း၊ မြေကွက်အမှတ်(၈၆၃)၊ အကျယ်အဝန်း ပေ(၁၈×၆၀)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံကိုယ်ပိုင်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဒေါ်စိန်စိန်လှ[၁၂/အလန(နိုင်)၀၁၂၃၃၁]ထံမှ ကျွန်မ ဒေါ်ဖူးပွင့်ကြည်[၁၀/မလမ(နိုင်) ၁၆၈၅၈၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖူးပွင့်ကြည်[၁၀/မလမ(နိုင်)၁၆၈၅၈၈] ဖုန်း-၀၉-၇၉၃၃၃၈၃၂၂**

## အများသိစေရန်အသိပေးကြေညာခြင်း

မြေပိုင်ရှင်နှင့် ARKAR FAMILY ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုခဲ့သော "၃၁-၈-၂၀၁၄ရက်စွဲပါ လက်ရှိအဆောက်အအုံအား ဖျက်သိမ်း၍ အဆောက်အအုံသစ်ပြန်လည်ဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ သဘောတူကတိစာချုပ်"အရ "ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ တိုက်အမှတ်(၃၀၄/၃၁၂)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်မည့် ၁၂-ထပ်တိုက်သစ်အဆောက်အအုံ၏ ၁၁-လွှာ(ဝဲ)၊ ၁၁-လွှာ(ယာ)၊ (တိုက်ခန်း ၂-ခန်း)၊ အကျယ်အဝန်း ပေ(၂၅×၆၀)ခန့်ရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို လိုင်စင်ရကန်ထရိုက်တာ ဦးစိုးတင့်[၁၂/ပဘတ(နိုင်)၀၂၄၈၁၃]မှ မိမိအနေဖြင့် တရားဝင် ပိုင်ဆိုင်အကျိုးခံစားပိုင်ခွင့်ရရှိပြီး လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် "၂၅-၁၀-၂၀၁၇ရက်စွဲပါ နှစ်ဦးသဘောတူ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းကြိုတင်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် (၂-စောင်)ချုပ်ဆို၍ ဝယ်ယူရန်သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းတန်ဖိုးငွေများအနက် စရန်ငွေအချို့တစ်ဝက်ကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုမည်ဆိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း စာချုပ်စာတမ်း(မူရင်းများ)ကို ယူဆောင်၍ ဆက်သွယ်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဥ္ဇာမောင်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၈၁၃၂)**
**အမှတ်-၉၉/၁၀၁၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၄၉၃၁၂၉၀၈၊ ၀၁-၅၅၂၄၅၁**

## ဒေါ်ဖြူဖြူမြင့်(သံတွဲ)
## အသက်(၄၆)နှစ်
**Director (KTK Electrical Engineering Co., Ltd.)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ်(၁၁၁)နေ ဦးအောင်မြင့် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ တိ/မွေးကုဦးစီးဌာန)-ဒေါ်နုရွှေတို့၏သမီးကြီး၊ ဦးရွှေသိန်း(RTC-သံတွဲ-ငြိမ်း)-ဒေါ်တင်မေသိန်းတို့၏ သမီးချွေးမ၊ ဦးကျော်သိန်းခိုင် (MD, KTK Electrical Engineering Co., Ltd.)၏ ဇနီး၊ မမြတ်ကေရီခိုင် (Grade-5-D, YIS)၏ မိခင်၊ ဦးအောင်ဇော်မြင့်-ဒေါ်ခင်သီတာစိုး၊ ဒေါက်တာအောင်ဇော်လတ်-ဒေါက်တာမင်းမင်းဝင်း၊ ဦးကျော်လင်း-ဒေါ်နုဝါမြင့်၊ ဦးမင်းစိုး-ဒေါ်အေးသက်မွန်၊ ဦးမြင့်ဇော်-ဒေါ်နှင်းနုခိုင်တို့၏ မမကြီး၊ မကေခိုင်သစ်၊ မောင်အံ့မင်းခန့်၊ မောင်ဇွဲဝေယံ၊ မောင်မြင့်မြတ်ကျော်၊ မမြတ်မိုးဇင်၊ မောင်မြတ်လင်းဘို၊ မောင်ဟိန်းထက်ဇံ၊ မောင်ထက်သီဟဦးတို့၏ ကြီးကြီးသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၀၃ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၊ခန်းမ (၁-က)မှ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### သံတွဲခရိုင်အသင်း(ရန်ကုန်)
## ဒေါ်ဖြူဖြူမြင့်(သံတွဲ) (၄၆)နှစ်
**Director (KTK Electrical Engineering Co., Ltd.)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ် (၁၁၁)နေ ဦးအောင်မြင့် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ တိ/မွေးကုဦးစီးဌာန)-ဒေါ်နုရွှေတို့၏သမီးကြီး၊ ဦးရွှေသိန်း(RTC-သံတွဲ-ငြိမ်း)-ဒေါ်တင်မေသိန်းတို့၏ သမီးချွေးမ၊ ဦးကျော်သိန်းခိုင် (MD, KTK Electriicl Engineering Co., Ltd)၏ဇနီး၊ မမြတ်ကေရီခိုင် (Grade-5-D, YIS)၏မိခင်၊ ဦးအောင်ဇော်မြင့်-ဒေါ်ခင်သီတာစိုး၊ ဒေါက်တာအောင်ဇော်လတ်-ဒေါက်တာမင်းမင်းဝင်း၊ ဦးကျော်လင်း-ဒေါ်နုဝါမြင့်၊ ဦးမင်းစိုး-ဒေါ်အေးသက်မွန်၊ ဦးမြင့်ဇော်-ဒေါ်နှင်းနုခိုင်တို့၏ မမကြီး၊ မကေခိုင်သစ်၊ မောင်အံ့မင်းခန့်၊ မောင်ဇွဲဝေယံ၊ မောင်မြင့်မြတ်ကျော်၊ မမြတ်မိုးဇင်၊ မောင်မြတ်လင်းဘို၊ မောင်ဟိန်းထက်ဇံ၊ မောင်ထက်သီဟဦးတို့၏ ကြီးကြီးသည် ၂၈-၁၀-၂၀၁၇ရက် မွန်းလွဲ ၁၂း၀၃နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေးဝေသုသာန် ခန်းမ(၁-က)မှ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြည်စိုး
**ကောင်စစ်ဝန်ချုပ်၊ ကော်လ်ကတ္တားမြို့၊ အိန္ဒိယသမ္မတနိုင်ငံ**
## အသက် (၅၂)နှစ်

အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် ၂၇-၁၀-၂၀၁၇ရက် (သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် တာဝန်ထမ်းဆောင်စဉ် ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဦးကျော်မြင့် (၇၈)နှစ်
**ဌာနခွဲမှူးစီမံ (ငြိမ်း)၊**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ဦးအေး (၆)လမ်း၊ အမှတ် (၁၇၀)နေ (ဦးထွန်းရွှေ-ဒေါ်ခင်လှ)တို့၏ သားကြီး၊ [ဒေါ်ထားရီ(ဌာနခွဲမှူး၊ စီမံ ရန်ကုန်စီးပွားရေးတက္ကသိုလ်)]၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်တင်နွဲ့မူတို့၏အစ်ကို၊ ဦးဝင်းနိုင်-ဒေါ်သီသီ၊ ဦးအောင်ဆန်း၊ ဒေါ်မြတ်သူဇာတို့၏ ဘကြီး၊ ဦးညွန့်ဝင်း(IT.ISM)-ဒေါ်ခင်မျိုးနွယ်၊ ဦးတင့်ဇော်ဇော်အောင်(ဓာတ်ပုံ ဗီဒီယိုလုပ်ငန်း)-ဒေါ်မြမြလင်း (Grand Hotel၊ ချောင်းသာ)၊ ဦးအောင်မြင့်ကျော် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ တောင်ဥက္ကလာပမြို့နယ်)-ဒေါ်မြတ်ဆုဝင်း (ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ၁း၃၀ နာရီတွင် 'သုခကမ္ဘာ'အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရားဒါယကာကြီး
## ဦးကျော်ဝင်း (၆၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဇေယျမင်္ဂလာ (၂)လမ်း၊ အမှတ်(၅၉)နေ (ဦးပေါ်ဒင်-ဒေါ်အေးရီ)တို့၏ သားငယ်၊ [ဦးမြင့်-ဒေါ်ထူး(လယ်ဝေး)]၊ (ဦးဝင်းမောင်)-ဒေါ်တင်တင်အေးတို့၏ညီ၊ ဒေါ်တင်လှိုင်၏ ချစ်ခင်ပွန်း၊ ကိုမျိုးမင်းသန့်၊ ကိုဇင်မင်းသန့်၊ မအိမွန်ကျော်တို့၏ မွေးသဖခင်သည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်မောင် (၆၃)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၃၅၂/ဘီ)နေ (ဦးအိန်ချောင်း-ဒေါ်ခင်မြိုင်)တို့၏သား၊ ဦးညွန့်ရင်-ဒေါ်တင်ကြည်တို့၏ သားသမက်၊ ကိုမျိုးမင်းဦး-မဝတ်ရည်မွန်၊ ကိုအောင်ကျော်ကျော်-မတင်ဇာဝင်း၊ ကိုနိုင်လင်းထွန်း-မမို့မို့လွင်၊ ကိုနေဇော်ဝင်း-မခိုင်သဇင်ဝင်း၊ မမေဇင်ဝင်းတို့၏ဖခင်၊ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်သိန်းမြင့်(ငြိမ်း)
**General Manager**
**(Royal Pansay Co., Ltd)**
## အသက် (၆၁)နှစ်
**စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ တိုက်(၂၀/၁၀၄)၊ အောင်ဇေယျအိမ်ရာနေ (ဦးကံမြင့်-ဒေါ်ကြည်)တို့၏ သား၊ မိတ္ထီလာမြို့နေ (ဦးအေး-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ ဒေါ်သွင်သွင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဇေယျာမြင့်-မစုစုကြည်(မြောက်ဦး)၊ မောင်စိုင်းဌေးအောင်-မကေခိုင်ဇင်မြင့်(မန္တလေး)၊ မခိုင်သန္တာသိန်းမြင့်(မြိတ်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်နု အသက်(၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ် (၁၄၂၁/ခ)နေ (ဦးခင်ဆွေ)-ဒေါ်တင်တင်အုန်း၊ ဦးစိုးဝင်းမောင်-ဒေါ်အေးမြင့်၊ ဦးဇော်ဝင်း-ဒေါ်တင်အေး၊ ဒေါ်ဌေးဌေးရီ (အထက-၄၊ ဗိုလ်တထောင်)၊ ဦးဌေးမြင့်-ဒေါ်တင်တင်လှ၊ ဦးအောင်ကိုကိုတို့၏မွေးသမိခင်၊ (ဦးကျော်တင့်)၏ဇနီး၊ မြေး ၁၃ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၄-၁၁-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း(ခ)ဦးအော်ကုလား(မိုးရွှေကြယ်)
## အသက် (၈၇)နှစ်
**(သုံးဆယ်မြို့)**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ စံရွှေးတန်းလမ်းနေ (ဦးတိတ်ဟိန်-ဒေါ်ချင်း)တို့၏ သား၊ (ဒေါ်ရှုကြည်)၏ ခင်ပွန်း၊ (ဒေါ်ခင်စောဝင်း)-ဦးကျော်မြင့်၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်စန်းစန်းဝင်း-ဦးဝင်းရွှေ၊ ဦးခင်အောင်-ဒေါ်နိုင်နိုင်ဝင်း၊ ဒေါ်သင်းနွယ်အေး-ဦးကျော်စွာတိုး၊ ဒေါ်စန်းစန်းအေး-ဦးသီဟတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်၏ အဘိုးသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) ည ၆း၃၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၇ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရတနာမြိုင်လမ်း၊ အမှတ်(၈၇)၊ ဦးမြင့်သိန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်တင်တင်အေး(ကျောက်တန်း) (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ အမြတ်တော်ဝန်ထောက်ကြီး (ဦးလွင်-ဒေါ်သိန်း)တို့၏သမီး၊ အမိန့်တော်ရရှေ့နေကြီး (ဦးဘညွန့်-ဒေါ်စိန်ရှင်)တို့၏သမီးချွေးမ၊ (ဦးအောင်မြင့်)၏ဇနီး၊ ဆရာမကြီးဒေါ်ခင်ခင်၏ ချစ်လှစွာသော ညီမလေး၊ ဒေါ်သီသီနွယ်(ဒု/ညွှန်မှူး၊ တရားရုံးချုပ်)၊ (ဦးသိန်းထွန်း)-ဒေါ်ခင်မြင့်၊ ဦးညွန့်ရွှေ-ဒေါ်သန်းသန်းရည်၊ ဦးစိုးလင်း-ဒေါ်ခင်စန်းဝင်း၊ ဦးကျော်ဆွေ-ဒေါ်ဇင်ဝင်းမာတို့၏အဒေါ်၊ ဦးမြတ်လင်းအောင်-ဒေါ်ဇင်မာဦးတို့၏ ကြီးကြီးမိခင်၊ မကျော့နေခြည်လင်း၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်တင်တင်အေးသည် ၂၉-၁၀-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၂း၅၀နာရီတွင် အမှတ် (၁၁၄၀)၊ ချမ်းမြေ့သာယာ (၅)လမ်း၊ ကျောက်တန်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကျောက်တန်းမြို့ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကျော်မြင့် (တပ်မတော်ရေ-ငြိမ်း)
**ရေကြောင်းမှူးချုပ်(ငြိမ်း)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း**
## အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်ဖိုး-ဒေါ်စန်းကြည်)တို့၏ သားကြီး၊ [ဒေါ်သက်သက်ခင်(စစ်သူနာပြုအမှတ်စဉ်-၃၊ ငြိမ်း)]၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်(ငြိမ်း)-ဒေါ်ခင်ခင်သိန်း၊ (ဒေါ်တင်တင်လှ)တို့၏ အစ်ကိုကြီး၊ ကိုနန္ဒကျော်မြင့် (USA)၊ မခင်စန္ဒာကျော်-[ဗိုလ်ကြီးဝင်းထွန်း(ငြိမ်း) (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်-အင်ဂျင်နီယာမှူး)]တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၉-၁၀-၂၀၁၇ ရက် နံနက် ၁း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးလှဆိုင် (၆၃)နှစ်

ရေတာရှည်မြို့နယ်၊ သပြေတန်းကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်သန်းနု)တို့၏အငယ်ဆုံးသား၊ မုဒုံမြို့၊ စက်သစ်ရပ်၊ မြနန္ဒာလမ်းနေ (ဦးရွှေချိန်-ဒေါ်မြသွင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုမေ္မာလမ်း၊ အမှတ်(၆၀၅)နေ ဒေါ်ဌေးဌေးရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးသက်ထွန်းနောင်-ဒေါ်ဇာဇာနွယ်၊ ဦးနန္ဒကျော်ကျော်-ဒေါ်ပပ၊ ဦးသူရဇော်ဇော်-ဒေါ်ချိုဇံဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၇-၁၀-၂၀၁၇ (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုမေ္မာလမ်း၊ အမှတ်(၆၀၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## Dr. ဒေါ်ညိုညိုကြိုင် (၆၃)နှစ်
**M.B.B.S (Mdy), M.Med.Sc (PH), MPH (USA)**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ နန်းသီတာကျေးရွာနေ (ဦးဗိုလ်ကြိုင်)-ဒေါ်တင်စိန်တို့၏ သမီး၊ (ဗိုလ်မှူးကြည်ဝင်း)-ဒေါ်နုနုကြိုင်တို့၏ ညီမ၊ ဒေါ်ဖြူဖြူကြိုင်၊ (ဦးကိုကိုကြိုင်)၊ (ဒေါက်တာညီညီကြိုင်)တို့၏ အစ်မ၊ ဒေါက်တာဦးသန်းဝင်း၏ချစ်လှစွာသောဇနီး၊ ကိုချမ်းမြေ့ဝင်း(MIC)၊ ဒေါက်တာဖွန်းပန်းနုဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါက်တာဒေါ်ညိုညိုကြိုင်သည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၄၆ နာရီတွင် အမှတ် (၃၂/၁၃၆၃)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးမြစိန် (၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၄၂)နေ ဦးသိန်းအောင်-ဒေါ်ကျင်တို့၏သား၊ ဒေါ်ခင်သန်းဦး(ခ)ဒေါ်မကြီး၏ခင်ပွန်း၊ ဗိုလ်ကြီးဥက္ကာကျော်-ဒေါ်မိုးမြတ်သူ၊ (မောင်စွမ်းအောင်ထက်)တို့၏ ဖခင်၊ မောင်မင်းခန့်ကျော်၊ မောင်အောင်ဇေမင်းတို့၏အဘိုးသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) နံနက် ၁း၁၅ နာရီတွင် ရွှေလမင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးဘိုကျင်(ဇီးကုန်းမြို့) (၈၅)နှစ်
**B.Sc (Eng; Mech-1957)**
**အင်ဂျင်နီယာချုပ်(ငြိမ်း)**
**မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ပန်းလှိုင်လမ်း(ဟုမ်းလမ်း)၊ အမှတ်(4/B)၊ သဇင်လမ်းသွယ်၊ ရွှေသံလွင် ပန်းလှိုင်အဆင့်မြင့်အိမ်ရာနေ (ဦးဖူး-ဒေါ်မယ်တင်)တို့၏ သား၊ ဇီးကုန်းမြို့နေ ဒေါ်တင်ဦး၏မောင်၊ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမင်းဦး-ဒေါ်ကေသီ (Singapore)၊ ဦးမျိုးမင်းလတ်-ဒေါ်မြမြသီ(U.S.A)၊ ဒေါ်ယဉ်မင်းချောတို့၏ဖခင်၊ မမေဂန်ဖွန်လတ်၊ မခင်နှင်းစုတို့၏အဘိုးသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း (၇၇)နှစ်
**(အိုး/အိမ်-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်လမ်းနေ (ဦးရွှင်-ဒေါ်မြသန်း)တို့၏ သားလတ်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးပု-ဒေါ်မြချစ်)တို့၏သားသမက်၊ ဦးကျော်နိုင်ဦး (ဌာနစုမှူးထိန်း၊ အမှတ်-၁ သတ္တုတွင်းလုပ်ငန်း)-ဒေါ်စမ်းစမ်းအေး (ခိုင်မာဆန်း-စတိုး)၊ ဦးကျော်ပြည့်ဖြိုး (Success Co., Ltd)-ဒေါ်စမ်းစမ်းမြိုင်၊ ဒေါက်တာမြင့်ခိုင် (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)-ဒေါက်တာဒေါ်စမ်းစမ်းလှိုင် (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၊ ဦးသန်းထွန်းဇော် (KBZ Group)- ဒေါ်မိုးလဲ့လဲ့လွင်၊ ဦးဇာနည်ထွန်း (ဗိုလ်ကြီး-ငြိမ်း)-ဒေါ်မြတ်မြတ်သူတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇/၄)၊ အမှတ်(၅၉၆)နေ ဒေါ်ခင်မေ၏ခင်ပွန်း၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၅၉၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး ပရိတ်တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးခိုင်(စစ်တွေမြို့)
## အသက် (၇၀)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်နေ (ဦးထွန်းလှအောင်-ဒေါ်အညိုချေ)တို့၏ သမီး၊ (ဦးရွှေသာနို-ဒေါ်လှခိုင်ဖြူ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပိတောက်ရွှေဝါ (၃)လမ်း၊ တိုက်အမှတ် (၄/၅-A)၊ (၆)ရပ်ကွက်နေ ဦးမောင်နု (ရခိုင် သဟာယအသင်း၊ ရန်ကုန်)၏ ဇနီး၊ ဦးမောင်မောင်ခိုင် (အောင် ဆေးဆိုင်)-ဒေါ်စန္ဒာ (အလက-၃၊ မိဇ္ဈ)၊ ဦးကျော်ကျော်ခိုင် (Summer Hotel)၊ ဦးထွန်းထွန်းခိုင် - ဒေါ်ဟယ်လင် (သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီ)၊ ဒေါ်စောအေးနု (ဟိုတယ်ခရီးသွားလုပ်ငန်း)၊ ဒေါ်ခင်ထွေးနု-ဦးညီညီအေး (တောင်ကိုရီးယား)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်သည် ၂၉-၁၀-၂၀၁၇ ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အေး(Betty)
## အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၄/D)နေ (ဦးလွန်းဘင်-ဒေါ်နှင်းလှ)တို့၏ သမီး၊ (ဦးဘညွန့်-ဒေါ်သန်းရင်)တို့၏ သမီးချွေးမ၊ (ဦးအေးမြင့်)၏ချစ်လှစွာသောဇနီး၊ ဒေါ်တင်မျိုးမြင့်၊ ဒေါက်တာစိုးနောင်-ဒေါက်တာခင်သူလွင်၊ ဒေါ်ကြည်ကြည်မြင့်-ဒေါက်တာပိုင်စိုး၊ ဒေါက်တာပြုံးပြုံးမြင့်-ဒေါက်တာကျော်ခင်စော၊ ဒေါက်တာခင်စောမြင့်-ဦးစောဝ်ကြာဖူးတို့၏မိခင်၊ ကိုစိုးမိုး၊ ကိုအေးအောင်-မနှင်းနှင်းယု၊ ဒေါက်တာစန္ဒီစိုးနောင်-Deri Trigg၊ ကိုစောဝ်လောင်မိုင်း၊ ကိုပြည့်သူအောင်၊ ကိုစည်သူအောင်၊ ဒေါက်တာအိန္ဒီစိုး၊ မစောဝ်မိုထာနီ၊ မောင်စောဝ်ဆေးမိုင်းတို့၏ အဘွားသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ၏ ဆန္ဒအရ ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြကြည် (၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ် (၅၇)နေ (ဦးဘသောင်း-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဦးသန်းမောင်)၏ ဇနီး၊ ဦးသိန်းထွန်း (MPPE-ငြိမ်း)-ဒေါ်သန်းနွဲ့၊ ဦးခင်ဇော် (ဒါရိုက်တာမီးပွား)-ဒေါ်မိုးမိုးရှိန်၊ (ဒေါ်စန်းစန်းဝင်း)၊ (ဦးကြည်တိုး)-ဒေါ်ယဉ်ယဉ်အေး(USA)၊ (ဦးသိန်းအောင်)-ဒေါ်အေးအေးသန်းတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဲမှူး ရဲကျော်သူဝင်းမြင့် (၈၁)နှစ်
**သတင်းတပ်ဖွဲ့(ငြိမ်း)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ယာ၊ အခန်း(၄၂)၊ တိုက် (၁၀)နေ (ဦးစုရန်-ဒေါ်ကျော့)တို့၏သား၊ ဒေါ်ချိုချို(လယ်ယာဘဏ်)၊ ဦးမျိုးမင်းညွန့်-ဒေါ်တင်နွယ်အေး (Conteast Lines Orient Ltd)၊ (ဦးဝင်းမြင့်အောင်)၊ ဒေါ်ထက်ထက်(ခ)ဒေါ်ချမ်းမြေ့စည်(SSOE)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဇော်လင်းနိုင်(Strategy Frist Instiute)၏အဘိုး၊ (ဒေါ်အေးမြင့်)၏ခင်ပွန်းသည် ၂၈-၁၀-၂၀၁၇(စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၇(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် မိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်ဇော် (၆၄)နှစ်
**B.Sc(Zoo)**
**သမ္မာဝါဏိဇ္ဇသက်န်းတိုက်၊ ကြည့်မြင်တိုင်**

ရန်ကုန်မြို့၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဗိုလ်မှူးသောင်းရွှေ) ကြွေထည်မြေထည်-ဒေါ်အောင်ကြည်တို့၏သားကြီး၊ ဦးသိန်းဟန်-ဒေါ်အေးမြင့်တို့၏ သားသမက်၊ (ဒေါ်အေးရီ)၏တူ၊ ဦးယုမောင်-ဒေါ်မိမိခိုင် (ဒု-ညွှန်ကြားရေးမှူး၊ ဟော်တယ်နှင့်ခရီးဝန်ကြီးဌာန)၊ ဒေါ်လှလှမူ၊ ဒေါ်စန်းစန်းဝေ (အထက-၂၊ ဗဟန်း)တို့၏အစ်ကိုကြီး၊ ဒေါက်တာမောင်မောင်မြင့်-ဒေါ်မေဇင်ဟန်တို့၏မောင်၊ [ဒေါ်နုယဉ်ဟန် (သမ္မာဝါဏိဇ္ဇသက်န်းတိုက်၊ ကြည့်မြင်တိုင်)]၏ ခင်ပွန်း၊ ဗိုလ်ကြီးထွန်းထွန်းဝင်း [M.B.B.S(Dsma) M.Med.Sc (Anatomy)]-မမြတ်မိုးအေး၊ ဒေါက်တာရန်နိုင်မင်း-မနန်းဦးခင်တို့၏ ချစ်လှစွာသောဖခင်၊ မအေးမြတ်မွန်၊ ကိုဝင်းမြတ်ထွန်း၊ မဆုရတနာခိုင်၊ မမေမြတ်မျိုးခင်၊ မေအိန္ဒြာအောင်၊ ကိုကျော်သက်ပိုင်-မခင်မြတ်သူ၊ ကိုညဏ်လင်းမြင့်-ဒေါက်တာမြနှင်းပွင့်၊ ကိုဇော်ဇော်ပိုင်တို့၏ ဦးလေးသည် ၂၈-၁၀-၂၀၁၇(စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကြည့်မြင်တိုင် နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမော် (၅၆)နှစ်
**အထက (၄)၊ ဒဂုံ(မြောက်)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ဦးတင်အေးလမ်း၊ အမှတ် (၅၃၄)နေ [ဦးသောင်းညွှန့် (စက်မှုလယ်ယာဦးစီးဌာန)]-ဒေါ်တင်ရီတို့၏ သမီး၊ ဦးခင်ဇော်(ငွေစာရင်း၊ စက်မှုလယ်ယာဦးစီးဌာန၊ နေပြည်တော်)၏ညီမ၊ (ဦးဌေးလှိုင်)၊ ဦးကျော်စိုး (GE တပ်)-ဒေါ်မိုးသန္တာထွန်း (အမက၊ မွန်ပြည်နယ်)၊ ဒေါ်သီတာဝင်းတို့၏ အစ်မ၊ မဖြူစင်လင်း၏အဒေါ်သည် ၂၉-၁၀-၂၀၁၇ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## မောင်ဂျွန်စိုင်းမွန်အောင်
**(JOHN SIMON AUNG)**
## အသက် (၂၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ စောတေလိန်းလမ်းသွယ်၊တိုက်(1)၊အခန်း(A-3) နေ မန်းစိန်မောင်း-နန့်သီဂီမြိုင်(ခ) နန့်အင်ဂျီလာမြိုင်တို့၏ တစ်ဦးတည်းသောသား ဂျွန်စိုင်းမွန်အောင်သည် ၂၈-၁၀-၂၀၁၇ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဦးလူနီလမ်းထိပ်၊ သီတာရုံရှေ့မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ရီရီဝင်း (၇၅)နှစ်
**ကော့သောင်းမြို့**

ကော့သောင်းမြို့၊(70/A)၊ရွာမလမ်းနေ ဒေါက်တာစိုးဝင်း၏ဇနီး၊ ဒေါ်စိုးစန္ဒာဝင်း-ဦးသိန်းဝင်း၊ ဦးမိုးဇော်ဝင်း-ဒေါ်စိုးစိုးနွယ်၊ ဒေါက်တာဖြူဖြူစိုးတို့၏ မိခင် ဒေါ်ရီရီဝင်းသည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၃၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ ရက် နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြု ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (၇၅၊ ပထမထပ်၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၇နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု




# နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေပွဲ(၂၀၁၇) သံစုံတီးခတ်ဖျော်ဖြေပွဲ ပြည်သူများ တစ်ခဲနက်အားပေး

**ရန်ကုန် အောက်တိုဘာ ၂၉**

(၂၂)ကြိမ်မြောက် နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေပွဲ(၂၀၁၇) သံစုံတီးခတ်ဖျော်ဖြေပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပရာ ပြည်သူများတစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ○**

# အာဆီယံဖူဆယ်ပြိုင်ပွဲ မြန်မာအသင်း ဆီမီးဖိုင်နယ်တက်

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ ပွဲမကုန်မီတက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အရေးပါသည့် ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး မြန်မာအသင်းသည် ဦးဆောင်ဂိုးများသွင်းယူကာ အနိုင်ရလဒ်ကိုပါ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ပြည့်ဖြိုးမောင်-၃ က ပွဲအစသုံးမိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ရှစ်မိနစ်တွင် ချေပဂိုးပြန်ပေးရကာ ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ရရန် အားကုန်ထုတ်ကစားခဲ့ပြီး ၂၄ မိနစ်တွင် ပြည့်ဖြိုးမောင်-၃၊ ၃၅ မိနစ်တွင် အောင်အောင်တို့က ဂိုးများထပ်မံသွင်းယူပေးခဲ့ကာ ၃၉ မိနစ်တွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(က)တွင် တစ်ပွဲစီကစားရန်ကျန်သေးသော်လည်း မြန်မာနှင့် ဗီယက်နမ်အသင်းသည် သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ●**

# ပဲစင်းငုံနှင့် မတ်ပဲ ဈေးကွက်ပေါက်ဈေး ထက်ဝက်ခန့်အထိ ကျဆင်း

**ရန်ကုန် အောက်တိုဘာ ၂၉**

လက်ရှိတွင် ပြည်တွင်းရှိ ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်းမှာ ဈေးကွက်ပေါက်ဈေးထက် ထက်ဝက်ခန့် ကျဆင်းလျက်ရှိပြီး ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်းတည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့အား မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

အိန္ဒိယနိုင်ငံမှ ၎င်းတို့နိုင်ငံ၏ ပြည်ပမှ ပဲတင်သွင်းနေမှု မူဝါဒအပြောင်းအလဲတွင် မြန်မာနိုင်ငံမှ ပဲတင်သွင်းနေခြင်းကို တန်ချိန်ကန့်သတ်ခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် ပဲစင်းငုံနှင့် မတ်ပဲဈေးကွက်ပေါက်ဈေးထက်ဝက်ခန့်အထိ ကျဆင်းနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအုန်းဆိုင်က နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ (၁၁)ကြိမ်မြောက်တွေ့ဆုံပွဲတွင် တင်ပြသွားချက်အရ သိရသည်။

ပဲစင်းငုံနှင့် မတ်ပဲ ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့အား မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းဝင် ၄၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အသင်းဘက်မှ အဆိုပြုထားသည့်အတိုင်း ငွေကျပ် ၅၀ ဘီလီယံ ကျော် ထည့်ဝင်စုဆောင်းထားပြီဖြစ်၍ နိုင်ငံတော်အစိုးရကလည်း

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✦**




# မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် လက်ရည်စမ်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် လက်ဝှေ့ကလပ် ၁၀ သင်းတို့မှ မျိုးဆက်သစ်လက်ဝှေ့ကစားသမားများ၏ လက်ရည်စမ်းယှဉ်ပြိုင်ထိုးသတ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

၅၁ ကီလိုတန်းတွင် ဟိန်းထွဋ်ကျော်(ဟံသာဝတီသား)နှင့် ရိုင်းနေဇာ(ထွန်းသွင်)တွဲဆိုင်းမှာ သရေပွဲဖြင့်လည်းကောင်း၊ ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်)နှင့် ဟိန်းထက်(A.M.K)တွဲဆိုင်းမှာ သရေပွဲဖြင့်လည်းကောင်း၊ စောဘခက်(ရွှေဖူး)နှင့် သမိန်သစ်(ထွန်းသွင်)တွဲဆိုင်းမှာ သရေပွဲဖြင့်လည်းကောင်း ပြီးဆုံးသွားပြီး ဆယ်အိမ်စုလူမိုက်(ရွှေဖူး)က မျိုးမြတ်အောင်(အဖြူရောင်သွေးသစ်)ကို အလဲထိုး၍လည်းကောင်း၊ ငြိမ်းချမ်း(နဂါးမာန်)က အဏ္ဏဝါစိုး(ရွှေပြည်သာ/မိုးသီး)ကို အလဲထိုး၍လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ၅၂ ကီလိုတန်းတွင် ပအို့လေး(ရွှေဖူး)က ချစ်ကိုကိုဦး(ဟံသာဝတီသား)ကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



